# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၈ ခုနှစ် ၊ ဝါခေါင်လဆန်း (၁၃)ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (26-8-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၁၁၈)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

## ဒေသတွင်းမိတ်ဖက်နိုင်ငံများနှင့် အိမ်နီးချင်းနိုင်ငံများ၏ အားသာချက်များနှင့် မိမိတို့နိုင်ငံ၏ အားသာချက်များကို ပေါင်းစပ်၍ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏အကျိုးစီးပွားကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် ဩဂုတ် ၂၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။ အစည်းအဝေးသို့ ဒုတိယသမ္မတများ ဖြစ်ကြသည့်ဦးညိုစောနှင့်ဒေါ်နန်းနီနီအေး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက စာမျက်နှာ ၁၈ ကော်လံ ၁

## ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ(ရောဝတီမြစ်ခွဲ) တာကိုယ်ထည် တိုက်စားခံရမှုတားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆောင်ရွက်ပေးလျက်ရှိ



ညောင်တုန်းကျွန်းတာ(ရောဝတီမြစ်ခွဲ)၌ မြစ်ကမ်းပြိုမှုကြောင့် ရေကြီးရေလျှံမှုမဖြစ်စေရေး ကြိုတင်တားဆီးကာကွယ်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

နေပြည်တော် ဩဂုတ် ၂၅

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ(ရောဝတီမြစ်ခွဲ) တာမိုင် ၁၁/၆ မှ ၁၁/၆ + ၃၀၀ နေရာ၌ တိုးမြစ်၏ မြစ်ကမ်းရေတိုက်စားမှုကြောင့် ညောင်တုန်းကျွန်းတာ (ရောဝတီမြစ်ခွဲ)တွင် ယနေ့နံနက်ပိုင်းမှစ၍ အလျား ပေ ၃၀၀၊ အနံ ၄၅ ပေခန့် တာကိုယ်ထည်တိုက်စားမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မြစ်ကမ်းပါးရေတိုက်စားမှု ဖြစ်ပေါ်ခဲ့သည့်နေရာသို့ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်နှင့် စာမျက်နှာ ၂၃ ကော်လံ ၁

## ပုလဲမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာကေအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီး

ပုလဲ ဩဂုတ် ၂၅

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာကေအားလုံးရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပုလဲမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပုလဲမြို့နယ်တွင် စာမျက်နှာ ၂၃ ကော်လံ ၄



## လေဖိအားနည်းရပ်ဝန်း ၂၄ နာရီအတွင်း အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်

နေပြည်တော် ဩဂုတ် ၂၅

ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်နှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဂျက်ခမ်းပြည်နယ်နှင့် ဩရိသပြည်နယ်မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း (Low Pressure Area)သည် အိန္ဒိယနိုင်ငံ ဂျက်ခမ်းပြည်နယ်သို့ ရောက်ရှိခဲ့ပြီးဖြစ်သည်။

အဆိုပါလေဖိအားနည်းရပ်ဝန်းသည် နောက် ၂၄ နာရီအတွင်း အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး အိန္ဒိယနိုင်ငံ ဂျက်ခမ်းပြည်နယ်ကို ဆက်လက်ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

ရတနာပုံ
၂၀၂၆ ခုနှစ် ဩဂုတ် ၂၆ ရက်
အယ်ဒီတာ့အာဘော်

# အိုင်အိုဒင်းချို့တဲ့မှုမဖြစ်စေရေး အိုင်အိုဒင်းဓာတ်လုံလောက်စွာစားသုံးပေး

အိုင်အိုဒင်းဓာတ်သည် ခန္ဓာကိုယ်ကြီးထွားစေခြင်း၊ ဉာဏ်ရည်ဖွံ့ဖြိုးစေခြင်းတို့အတွက် အရေးပါသော သိုင်းရွိုက်ဟော်မုန်းထုတ်လုပ်ရာတွင် မရှိမဖြစ်သည့် အာဟာရဓာတ်တစ်မျိုးဖြစ်သည်။ အိုင်အိုဒင်းဓာတ်ကို ပင်လယ်ငါးနှင့် ပင်လယ်စာများ၊ နို့နှင့် နို့ထွက်ပစ္စည်းများ၊ ဥများနှင့် အိုင်အိုဒင်းဖြည့်စွက်ထားသည့်ဆားတို့မှ ရရှိနိုင်သည်။ ရာသီဥတုပြောင်းလဲမှုနှင့် မြေဆီလွှာတိုက်စားမှုများကြောင့် အိုင်အိုဒင်းဓာတ်သည် ပင်လယ်စာများတွင် ယခင်ကကဲ့သို့ ပေါပေါများများ မပါဝင်တော့သည့်အတွက် အိမ်တိုင်း၊ မိသားစုတိုင်း အိုင်အိုဒင်းဆားကို နေ့စဉ်အစားအစာများတွင် ထည့်သွင်းစားသုံးရန်အရေးကြီးလာသည်။

အိုင်အိုဒင်းဓာတ်ချို့တဲ့ပါက သိုင်းရွိုက်ဟော်မုန်း ထုတ်လုပ်မှုကိုလျော့နည်းလာစေသည်။ သိုင်းရွိုက်ဟော်မုန်းနည်းပါးလာပါက ဇီဝဖြစ်စဉ်နှေးကွေးသဖြင့် အမြဲပင်ပန်းနွမ်းနယ်ခြင်း၊ အားနည်းခြင်း၊ ချမ်းတတ်ခြင်း၊ အကြောင်းမရှိဘဲ ကိုယ်အလေးချိန်တက်လာခြင်း၊ အသားအရေခြောက်သွေ့ခြင်း၊ ဆံပင်ကျွတ်ခြင်းနှင့် အာရုံစူးစိုက်ရန် ခက်ခဲခြင်းတို့လည်း ဖြစ်စေနိုင်သည်။

ကိုယ်ဝန်ဆောင်မိခင်များတွင် အိုင်အိုဒင်းဓာတ်ချို့တဲ့ပါက သားပျက်၊ သားလျှောခြင်း၊ ကလေးအသေမွေးခြင်း၊ ပေါင်မပြည့် လမစေ့ကလေးမွေးဖွားခြင်း၊ ဆွံ့အ နားမကြားသည့် ကလေးမွေးခြင်းတို့ဖြစ်စေနိုင်သည်။ ကလေးငယ်များတွင် အိုင်အိုဒင်းချို့တဲ့ပါက စံမီကြီးထွားဖွံ့ဖြိုးမှုမရှိဘဲ သေးကွေးပုညှက်ခြင်း၊ ဉာဏ်ရည်ဖွံ့ဖြိုးမှုနှေးကွေးပြီး သင်ယူနိုင်စွမ်းကျဆင်းခြင်းတို့ ဖြစ်စေနိုင်သည့်အပြင် အိုင်အိုဒင်းချို့တဲ့ခြင်းက လည်ပင်းကြီးရောဂါခံစားရခြင်း၊ သွက်လက်မှုမရှိဘဲ ထုံထိုင်းနှေးကွေးခြင်းများ ခံစားရနိုင်သည်။

ထို့ကြောင့် အိုင်အိုဒင်းချို့တဲ့မှုသည် ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးငယ်များတွင် ပိုအန္တရာယ်များသည်။ သို့ရာတွင် အိုင်အိုဒင်းကို လိုအပ်သည်ထက် ပိုမိုစားသုံးပါကလည်း သိုင်းရွိုက်ဂလင်း၏ လုပ်ဆောင်ချက်ကို ထိခိုက်စေနိုင်သဖြင့် တန်ဆေးလွန်ဘေးဆိုသည့်အတိုင်း သင့်တင့်စွာစားသုံးသင့်သည်။

အိုင်အိုဒင်းချို့တဲ့မှုကိုကာကွယ်ရန် အလွယ်ကူဆုံးနှင့် ထိရောက်သော နည်းလမ်းတစ်ခုမှာ အိုင်အိုဒင်းဖြည့်စွက်ထားသော ဆားကိုသင့်တင့်မျှတစွာ အသုံးပြုခြင်း၊ သဘာဝအတိုင်း အိုင်အိုဒင်းဓာတ်ပါသော ပင်လယ်ငါး၊ နို့နှင့် နို့ထွက်ပစ္စည်းများ၊ ဥစသည်တို့ကဲ့သို့ အစားအစာများကို မျှတစွာစားပေးခြင်း၊ အိုင်အိုဒင်းချို့တဲ့မှုနှင့်ပတ်သက်ပြီး ကျန်းမာရေးအသိပညာပေးခြင်းတို့ဖြင့် အိုင်အိုဒင်းချို့တဲ့မှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ကျန်းမာရေးပြဿနာများကို ကာကွယ်နိုင်မည်ဖြစ်သည်။

အိုင်အိုဒင်းဓာတ်ချို့တဲ့ပါက နိုင်ငံ၏အနာဂတ်ဖြစ်သော ကလေးများတွင် ပုညှက်ခြင်း၊ ဉာဏ်ရည်ချို့တဲ့ခြင်းတို့ဖြစ်ပွားကာ လေ့လာသင်ယူနိုင်စွမ်း၊ ကုန်ထုတ်လုပ်နိုင်စွမ်းကျဆင်းကာ နိုင်ငံတိုးတက်ဖွံ့ဖြိုးခြင်းကို ထိခိုက်သည်အထိ အန္တရာယ်ကြီးမားပေသည်။

သို့ဖြစ်ပါ၍ အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေးရက်သတ္တပတ်အတွင်း အိုင်အိုဒင်းဓာတ်၏ အရေးပါမှုကို လူထုအကြား ပိုမိုသိရှိနားလည်လာစေရန် အသိပညာပေးခြင်းနှင့် ကျန်းမာရေးနှင့်ညီညွတ်သော အစားအသောက်အလေ့အထများကို လိုက်နာခြင်းဖြင့် လူတစ်ဦးချင်းစီ၏ ကျန်းမာရေးကိုသာမက အနာဂတ်မျိုးဆက်များ ကျန်းမာဖွံ့ဖြိုးရေးအတွက်ပါ အကျိုးဖြစ်ထွန်းစေမည်ပါကြောင်း အကြံပြုရေးသားလိုက်ရပေသည်။

# ကသာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေထောက်ပဲ ၁၄၅၃၇ ဧက စိုက်ပျိုးမည်



ယခင်နှစ်က မြေထောက်ပဲစိုက်ခင်းကို တွေ့ရစဉ်။

**ကသာ ဩဂုတ် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မြေထောက်ပဲ ၁၄၅၃၇ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကသာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မြေထောက်ပဲ ၁၄၅၃၇ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကသာမြို့နယ်မှာ မြေထောက်ပဲ ဧက ၁၄၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်သွားပါမယ်။ အထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ ပံ့ပိုးပေးပါမယ်"ဟု ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုလေးက ပြောပြသည်။

ကသာမြို့နယ်တွင် မြေထောက်ပဲစိုက်ပျိုးမည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေး အသိပညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြေထောက်ပဲကို အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေထောက်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးကိုလေးက ပြောပြ၍ သိရသည်။

(၂၀၆)

# ဓနုဖြူမြို့နယ်တွင် ကွမ်းရွက်များ အရောင်းအဝယ်ကောင်းမွန်နေ



**ဓနုဖြူ ဩဂုတ် ၂၅**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်တွင် ဒေသထွက် ကွမ်းရွက်များ အရောင်းအဝယ်ကောင်းမွန်နေကြောင်း ဓနုဖြူမြို့နယ် ကွမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်လှဌေးက ပြောပြသည်။

ဓနုဖြူမြို့နယ်တွင် ဒေသထွက် ကွမ်းရွက်များ ယခုနှစ် ဩဂုတ်လ ဒုတိယပတ်မှ ယနေ့ထိ ဝယ်ယူမှု ကောင်းမွန်လာသဖြင့် အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ ဒေသထွက် ကွမ်းရွက်များ တစ်ရက်လျှင် ပိဿာချိန် ၄၀၀၀ မှ ၅၅၀၀ ထိ အရောင်းအဝယ် ကောင်းမွန်နေကြောင်း သိရသည်။

"လက်ရှိ ကွမ်းရွက်တွေက ဒေသတွင်းမှာကို အရောင်းအဝယ် ကောင်းနေတာပါ။ ကွမ်းရွက် တစ်ပိဿာကို ငွေကျပ် ၁၈၅၀၀ ထိ ဈေးပေါက်နေပါတယ်။ ကွမ်းရွက်တွေကို ဒေသဈေးကွက်အပြင် အခြားဒေသတွေက ဝယ်လိုအားကောင်းနေလို့ အရောင်းအဝယ်ကောင်းနေတာပါ။ ဒီဘက်က ပွဲရုံပိုင်ရှင်တွေက ဒေသထွက် ကွမ်းရွက်တွေကို မှာယူတဲ့ဒေသထိ လိုက်လံပို့ဆောင်ပေးနေပါတယ်"ဟု ဓနုဖြူမြို့နယ် ကွမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်လှဌေးက ပြောပြသည်။

ဓနုဖြူမြို့နယ်တွင် ကွမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ဒေသထွက်ကွမ်းရွက်များကို စနစ်တကျထုပ်ပိုးကာ အခြားဒေသများသို့ တင်ပို့ရောင်းချနေကြောင်း၊ အဆိုပါ ကွမ်းရွက်များ အရောင်းအဝယ်ကောင်းလာသည့်အတွက် စိုက်ပျိုးသူများ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်သည်များ၊ လုပ်သားများ အဆင်ပြေလာကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# တံတားဦးမြို့နယ် အုတ်ကျွတ်ဖိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**တံတားဦး ဩဂုတ် ၂၅**

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အုတ်ကျွတ်ဖိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဩဂုတ် ၂၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တံတားဦးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မာစန်း၊ တံတားဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ချောယဉ်စုနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများ၊ လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှန်ကန်မှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး တံတားဦးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မာစန်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ အုတ်ကျွတ်ဖိုကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အခြားလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၃ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၈ ဒသမ ၂ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက် လျက်ရှိကြောင်း သိရသည်။

**အောင်ရဲကျော်**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။
Yadanarbon newspaper

# ပုသိမ်ကြီးမြို့နယ် ရဲထွင့်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

ပုသိမ်ကြီး ဩဂုတ် ၂၅

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားခြင်းဖြင့် ကျေးလက်ဒေသများတွင် ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ ရဲထွင့်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုက မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းလုပ်ငန်းစဉ်များ၊ ကျေးလက်နေပြည်သူများ၏ တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များနှင့် ပတ်သက်၍ အသေးစိတ်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ စီမံကိန်းလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ကဏ္ဍတစ်ခုချင်းအလိုက် ရှင်းလင်းပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသော ကျေးရွာသူ ကျေးရွာသားများ၊ ရပ်မိရပ်ဖများက မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း ပုသိမ်ကြီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုထံမှ သိရသည်။

အောင်ရဲကျော်

# အမရပူရမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၌ လူငယ်စကားဝိုင်း ကျင်းပ

အမရပူရ ဩဂုတ် ၂၅

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ လူငယ်စကားဝိုင်းကို ဩဂုတ် ၂၄ ရက် နံနက် ၁၀ နာရီက အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ကြီး ဒေါ်တင်တင်ဦးက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လဲ့လဲ့ခိုင်က လူငယ်စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ Grade-10 ကျောင်းသား မောင်ဘုန်းဇော်ဟန်က လူငယ်နှင့် မူးယစ်ဆေးဝါး၊ Grade-10 ကျောင်းသူ မသဲနုနေဇော်က လူငယ်နှင့် စာဖတ်ခြင်း၊ Grade-11 ကျောင်းသူ မနှင်းဝတ်ရည်ချိုက လူငယ်နှင့် စာရိတ္တ၊ Grade-11 ကျောင်းသား မောင်အောင်ကိုဖြိုးက လူငယ်နှင့် ကျန်းမာရေး စသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ထို့နောက် တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူများက သက်ဆိုင်ရာခေါင်းစဉ်အလိုက် ပြန်လည်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

လဲ့လဲ့ခိုင်(အမရပူရ)

# စစ်ကိုင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၄၇၆၉ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ကြက်သွန်နီစိုက်ခင်းကို တွေ့ရစဉ်

စစ်ကိုင်း ဩဂုတ် ၂၅

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၄၇၆၉ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကြက်သွန်နီစိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် စစ်ကိုင်းမြို့နယ်တွင် ၁၈၀၂ ဧက၊ မြင်းမူမြို့နယ်တွင် ၁၁၁၂ ဧက၊ မြောင်မြို့နယ်တွင် ၁၈၅၅ ဧက စုစုပေါင်း ၄၇၆၉ ဧကဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီစစ်ကိုင်းခရိုင်မှာ ကြက်သွန်နီ ဧက ၄၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားပါမယ်။ ကြက်သွန်နီတွေ ဈေးကွက်ရဖို့လည်း ချိတ်ဆက်ဆောင်ရွက်ပေးပါမယ်။ ကြက်သွန်နီ တိုးချဲ့စိုက်ပျိုးဖို့ အထွက်နှုန်းကောင်းဖို့ ဆောင်ရွက်ပေးသွားပါမယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

စစ်ကိုင်းခရိုင်တွင် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ကြက်သွန်နီစိုက်ပျိုးမည့် တောင်သူများကို ကြက်သွန်နီကြာရှည်စွာအထားခံနိုင်ရန်၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရန်နှင့် အရည်အသွေး ကောင်းမွန်သည့် ကြက်သွန်နီ ဖြစ်စေရန်အတွက် ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကြက်သွန်နီကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ကြက်သွန်နီကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ဟိုပုံးမြို့နယ် ဟဲလုံကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

ဟိုပုံး ဩဂုတ် ၂၅

ရှမ်းပြည်နယ် (တောင်ပိုင်း) ဟိုပုံးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဟဲလုံကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) ရန်ပုံငွေ ထုတ်ချေးခြင်းကို ဩဂုတ် ၂၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ဟိုပုံးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးလွင်မြင့်က တောင်သူများ၊ စိုက်ပျိုးမွေးမြူသူများနှင့် အသေးစားစီးပွားရေး လုပ်ကိုင်သူများအတွက် ငွေကြေးအရင်းအနှီးများ ရရှိစေရန် ရည်ရွယ်၍ ရန်ပုံငွေများ ထုတ်ချေးပေးခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ငွေကျပ် ၄၆၇ သိန်းလွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဟဲလုံကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်မည့် စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၅ ဦးကို ရန်ပုံငွေကျပ် ၄၆၇ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

မောင်ခိုင်

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးကွမ်းရှပ်ခြောက်ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

ဖျာပုံ ဩဂုတ် ၂၅

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးကွမ်းရှပ်ခြောက် ပိဿာချိန်အများအပြားတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ် ငါးခြောက်မျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်ဝင်းက ပြောပြ၍ သိရသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ငါးခြောက်မျိုးစုံ တင်ပို့ရောင်းချလျက်ရှိရာ ဇွန်လအတွင်း ငါးကွမ်းရှပ်ခြောက် ပိဿာချိန် ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ငါးကွမ်းရှပ်ခြောက် ပိဿာချိန် ၅၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဇူလိုင်လအတွင်း ဖျာပုံမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ငါးကွမ်းရှပ်ခြောက် ပိဿာချိန်အများအပြား တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒေသထွက် ငါးကွမ်းရှပ်ခြောက်တွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေလို့ တင်ပို့ရောင်းချအားကောင်းနေတာဖြစ်ပါတယ်။ ငါးခြောက်တွေကတော့ ပြည်တွင်းမှာကို စားသုံးသူများလို့ အဝယ်လိုက်နေတာ ဖြစ်ပါတယ်"ဟု ဖျာပုံမြို့နယ် ငါးခြောက်မျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်ဝင်းက ပြောပြသည်။

ဖျာပုံမြို့နယ်မှ ငါးခြောက်မျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ဒေသထွက် ငါးကွမ်းရှပ်အစိုများကို ဝယ်ယူပြီး အခြောက်လှန်းကာ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ငါးကွမ်းရှပ်ခြောက် ၁၀ ပိဿာလျှင် ငွေကျပ် ၄၅၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ဖျာပုံမြို့နယ်မှ ငါးကွမ်းရှပ်ခြောက်များ အရောင်းအဝယ်ကောင်းလာသောကြောင့် ငါးမွေးမြူသူများ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိအဆင်ပြေနေကြောင်း ဖျာပုံမြို့နယ် ငါးခြောက်မျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်ဝင်းက ဆက်လက်ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း



# ပုဂံဘုရင်အနော်ရထာနှင့် ကျန်စစ်သား

**မောင်သာ(ရှေးဟောင်းသုတေသန)**

စည်းလုံးညီညွတ်သော ပထမမြန်မာနိုင်ငံတော်ဖြစ်သည့် ပုဂံသည် သရေခေတ္တရာပျက်ပြီးချိန်တွင် စတင်ပေါ်ထွန်းခဲ့သော်လည်း အနော်ရထာဘုရင် (အနိရုဒ္ဓ)လက်ထက်ရောက်မှ စတင်တိုးတက်ကြီးကျယ်ခဲ့သည်။ အနော်ရထာသည် နောင်တော် စုက္ကတေးကို စီးချင်းထိုးအနိုင်ယူကာ ပုဂံဘုရင်ဖြစ်လာခဲ့သည်။

အနော်ရထာဘုရင်နောက်ပိုင်းတွင် နန်းတက်ခဲ့သည့် ပုဂံဘုရင်များသည် ပုဂံကို ဆက်လက်တိုးတက်ကြီးကျယ်ပြီး အင်အားခိုင်မာအောင် ကြိုးပမ်းတည်ဆောက်ခဲ့ကြရာ အနော်ရထာနောက်ပိုင်းတွင် ပုဂံကို စိုးစံခဲ့သည့် ဘုရင် ၁၄ ပါးရှိခဲ့သည်။

ပုဂံသည် အင်အားကြီးမားသည့် အင်ပါယာတစ်ခုဖြစ်ခဲ့သော်လည်း စောမွန်နစ်မင်း (၁၃၂၅-၁၃၆၈) လက်ထက်တွင် မှေးမှိန်သွားခဲ့သည်။

ပုဂံကို အင်အားကြီးမားကျယ်ပြန့်လာစေရန် တည်ထောင်နိုင်ခဲ့ကြသည့် ဘုရင်များတွင် အနော်ရထာ (၁၀၄၄-၁၀၇၇)၊ ကျန်စစ်သား(၁၀၈၄-၁၁၁၃)၊ အလောင်းစည်သူ(၁၁၁၃-၁၁၆၀)၊ နရပတိစည်သူ (၁၁၆၅-၁၂၁၁)တို့သည် အထင်ရှားဆုံးဖြစ်ကြသည်။ ခရစ်နှစ် ၁၀၇၇ ခုနှစ်တွင် အနော်ရထာမင်းကြီး နတ်ရွာစံပြီးနောက် သားတော်စောလူးမင်းက ခမည်းတော်၏ ထီးနန်းအရိုက်အရာကို ဆက်ခံကာ ၁၀၇၇ ခုနှစ်မှ ၁၀၈၄ ခုနှစ်ထိ ပုဂံကို အုပ်ချုပ်ခဲ့သည်။

စောလူးမင်းသည် ငရမန်ကန်း၏ လက်ချက်ကြောင့် ၁၀၈၄ ခုနှစ်တွင် ကံကုန်ခဲ့ပြီးနောက် ကျန်စစ်သားက ပုဂံထီးနန်းကိုဆက်ခံကာ ဘုရင်ဖြစ်လာခဲ့သည်။ ကျန်စစ်သားသည် ပုဂံထီးနန်းကို ဆက်ခံပြီး နှစ်နှစ်ကြာပြီးမှ ဘိသိက်ခံယူခဲ့သဖြင့်

ရာဇဝင်ဆရာတချို့က စောလူးမင်းနှင့် ကျန်စစ်သားမင်းကြားတွင် မင်းဆက် နှစ်နှစ်ပြတ်သည်ဟု ဆိုကြသည်။ ထို့ကြောင့် ကုန်းဘောင်ခေတ်ဦးတွင် မင်းရဲရာဇာဘွဲ့ခံ ဦးဖျော်က ပလိပ်စားချေင်းတွင် "စောလူးစံမြောက်၊ နှစ်ဆယ့်ခြောက်တွင်၊ ချောက်ချောက်ချားချား၊ မင်းကြားမချပ်၊ နှစ်နှစ်လပ်သော်" ဟု စပ်ဆိုခဲ့သည်။

မင်းတစ်ဆက်ခြားကာ ပုဂံဘုရင်ဖြစ်လာခဲ့သည့် ကျန်စစ်သား (ထိလိုင်မင်) သည် အနော်ရထာ (အနိရုဒ္ဓ)နှင့် သားအဖတော်စပ်ကြောင်း ယူဆမှုများရှိသကဲ့သို့ တော်စပ်မှုမရှိကြောင်း ယူဆမှုများလည်းရှိကာ သုတေသီများကြား၌ အယူအဆများ ကွဲပြားခဲ့သည်။

မြန်မာရာဇဝင်ကျမ်းတချို့ကိုထောက်၍ အနော်ရထာမင်းသည် ကျန်စစ်သားမင်း၏ ခမည်းတော်ဖြစ်သည်ဟု ယူဆသူများရှိသကဲ့သို့ တချို့ကလည်း ဘုရင်နှစ်ပါးသည် တော်စပ်မှုမရှိဟု ယုံကြည်ကြသည်။

ကျန်စစ်သား၏ ခမည်းတော်သည် အနော်ရထာဖြစ်ကြောင်း ရာဇဝင်ကျမ်းတချို့တွင် ရေးသားကြသော်လည်း ကျောက်စာများတွင် အထင်အရှားဖော်ပြထားခြင်းကိုမူ မတွေ့ရသေးချေ။ သို့သော် ကျန်စစ်သားသည် အနော်ရထာ၏ သားတော်ဖြစ်ကြောင်း လက်ခံသူများက မန္တလေးနန်းတွင်းကျောက်စာရုံတွင် ထိန်းသိမ်းထားသည့် လှည်းထောင်ဘုရားကျောက်စာကို သက်သေထူလေ့ရှိကြသည်။

လှည်းထောင်ဘုရားကျောက်စာကို မတ္တရာမြို့နယ် တောင်ပြုန်းကြီးအရပ်မှရရှိခဲ့ပြီး ကျောက်စာပထမစာကြောင်းတွင် "မင်းကြီးနော်ရထာ သားချစ်တမူလည်းဖြစ်ထသော ထိလိုင်အရှင် ကလန်စစ်သား"ဟု ရေးထိုးထားသည်။ ထိုစာသားကိုထောက်၍ ကျန်စစ်သားသည် အနော်ရထာ၏သားဖြစ်ကြောင်း ပြောဆိုကြသည်။

လှည်းထောင်ကျောက်စာတွင် ရေးထိုးသည့် ခုနှစ်ကို သက္ကရာဇ် ၄၇၃ ခုနှစ်ဟုပြဆိုထားသော်လည်း ပညာရှင်များက ထိုကျောက်စာကို ကုန်းဘောင်ခေတ် ဗဒုံမင်းလက်ထက်က ကျောက်စာများကို စိစစ်ချိန်တွင် သက္ကရာဇ်နောက်ဆုတ်ကာ ရေးထိုးခဲ့သည့် နှောင်းခေတ်ထိုးကျောက်စာဟု ယူဆကြသည်။ ထို့ကြောင့် ထိုစာကြောင်းတစ်ကြောင်းတည်းဖြင့် ကျန်စစ်သားသည် အနော်ရထာ၏သားတော်ဖြစ်သည်ဟူသည့်အချက်ကို လက်မခံကြချေ။ (လှည်းထောင်ဘုရား ကျောက်စာအပြည့်အစုံကိုဦးငြိမ်းမောင် ပြုစုသည့် ရှေးဟောင်းမြန်မာကျောက်စာများ စာအုပ် ပထမတွဲတွင် ဖော်ပြထားသည်။)

**သမိုင်းထဲက မှတ်တမ်း**

သမိုင်းပါမောက္ခ ဒေါက်တာသန်းထွန်းက မှတ်တမ်းအထောက်အထားရှိမှသာ သမိုင်းဖြစ်၍ မှတ်တမ်းမရှိသော ကာလသည် အကြိုသမိုင်း(Pre-history) ဖြစ်သည်ဟု ဖွင့်ဆိုခဲ့သည်။

**❖ မင်းတစ်ဆက်ခြားကာ ပုဂံဘုရင်ဖြစ်လာခဲ့သည့် ကျန်စစ်သား (ထိလိုင်မင်)သည် အနော်ရထာ (အနိရုဒ္ဓ)နှင့် သားအဖတော်စပ်ကြောင်း ယူဆမှုများရှိသကဲ့သို့ တော်စပ်မှုမရှိကြောင်း ယူဆမှုများလည်းရှိကာ သုတေသီများကြား၌ အယူအဆများ ကွဲပြားခဲ့သည်။ မြန်မာရာဇဝင်ကျမ်းတချို့ကိုထောက်၍ အနော်ရထာမင်းသည် ကျန်စစ်သားမင်း၏ ခမည်းတော်ဖြစ်သည်ဟု ယူဆသူများရှိသကဲ့သို့ တချို့ကလည်း ဘုရင်နှစ်ပါးသည် တော်စပ်မှုမရှိဟုယုံကြည်ကြသည်။ ❖**

သမိုင်းမှတ်တမ်းအထောက်အထားဖြစ်သည့် ပျူကျောက်စာနှင့် မွန်ကျောက်စာများသည် ခရစ်နှစ် ၁၁ ရာစုမတိုင်မီကပင်ရှိခဲ့သော်လည်း မြန်မာဘာသာစကားဖြင့် ရေးထားသည့် မှတ်တမ်းများကို ခရစ်နှစ် ၁၁ ရာစုတွင်မှ စတင်တွေ့ရှိရသည်။ ပုဂံခေတ် အနော်ရထာမင်းမတိုင်မီက မြန်မာစာဖြင့် ရေးသားထားသည့် မှတ်တမ်းများကို မတွေ့ရှိရဟု ဆိုလိုခြင်းဖြစ်သည်။

ထို့ကြောင့် အနော်ရထာမတိုင်မီ မြန်မာနိုင်ငံသမိုင်းကို ရေးသားမှန်းဆနိုင်ကြောင်း ဆရာစောလူက ပုဂံခေတ်မြန်မာစာ စာအုပ်တွင်ရေးသားခဲ့သည်။ သို့ဖြစ်ရာ အနော်ရထာနှင့် ကျန်စစ်သားတော်စပ်မှုကို အနော်ရထာခေတ်နောက်ပိုင်း အထောက်အထားများဖြင့်သာ စိစစ်နိုင်မည်ဖြစ်သည်။ ပုဂံခေတ်က မြန်မာဘာသာစကားဖြင့် ရေးထိုးခဲ့သည့် ကျောက်စာများနှင့် ယခင်ကရှိထားသော အခြားဘာသာစကားကျောက်စာများကို လေ့လာကြည့်နိုင်ကြပေသည်။

ပုဂံဘုရင်အနော်ရထာမင်းကိုယ်တိုင် ပြုလုပ်ကာ မွန်ဘာသာ၊ ပါဠိသက္ကတဘာသာများဖြင့် ရေးထားသည့် အုတ်ခွက်ဘုရားများတွင် အနော်ရထာဟုမသုံးဘဲ အနိရုဒ္ဓဟုလည်းကောင်း၊ မဟာရာဇသီရိအနိရုဒ္ဓဟုလည်းကောင်း ရေးသားကြောင်း တွေ့ရှိရသည်။

**အနိရုဒ္ဓ**

မှန်နန်းရာဇဝင်တွင် ဖော်ပြထားချက်များအရ အနော်ရထာမင်းသည် ကွမ်းဆော်ကြောင်းဖြူမင်း၏ သားတော်ဖြစ်ပြီး အမိကွဲနောင်တော် စုက္ကတေး၏ အရိုက်အရာကိုခံပြီး ခရစ်နှစ် ၁၀၄၄ ခုနှစ်တွင် ပုဂံဘုရင် ဖြစ်လာခဲ့သည်။ မြန်မာနိုင်ငံ၏ အထင်ရှားဦးဆုံး ရာဇဝင်ကျမ်းသုံးစောင်ဖြစ်သည့် ဦးကုလားမဟာရာဇဝင်ကြီး၊ တွင်းသင်းမဟာရာဇဝင်သစ်နှင့် မှန်နန်းရာဇဝင်တို့တွင် အနော်ရထာမင်းနန်းတက်နှစ်ကို ဖော်ပြရာတွင် တစ်ကျမ်းနှင့် တစ်ကျမ်းမတူကြချေ။

၁၁၁၃ ခုနှစ်တွင် ရေးထိုးခဲ့သည့် ရာဇကုမာရ် ကျောက်စာတွင် ကျန်စစ်သားမင်းသည် သာသနာ သက္ကရာဇ် ၁၆၂၈ ခုနှစ်တွင် နန်းတက်ကြောင်း ရေးထိုးထားရာ ခရစ်နှစ် သက္ကရာဇ်သို့ ဖလှယ်ပါက ၁၀၈၄ ခုနှစ်ဖြစ်သည်။

ညောင်ရမ်းခေတ်တွင်ပြုစုခဲ့သည့် ဇာတာတော်ပုံ ရာဇဝင်ကျမ်းသည် ရာဇကုမာရ်ကျောက်စာပါ အထောက်အထားများနှင့် ညီညွတ်မှုရှိသဖြင့် သမိုင်းပညာရှင်များ အားကိုးအထောက်အထားပြုသည့် ကျမ်းတစ်စောင်ဖြစ်သည်။ ထိုကျမ်းတွင် ကျန်စစ်သားမတိုင်မီတွင် ပုဂံဘုရင်နှစ်ပါးဖြစ်သည့် အနော်ရထာမင်းက နန်းသက် ၃၃ နှစ်နှင့် စောလူးမင်းက ခုနစ်နှစ် နန်းစံခဲ့ကြောင်း ဖော်ပြထားသည်။

ထို့ကြောင့် အနော်ရထာ နန်းတက်သည့်နှစ်သည် ၁၀၈၄ ခုနှစ်မတိုင်မီ နှစ် ၄၀ ဖြစ်သဖြင့် ၁၀၄၄ ခုနှစ်ဟု ယူခြင်းဖြစ်ကြောင်း သမိုင်းပါမောက္ခ ဒေါက်တာသန်းထွန်းက ရှင်းလင်းခဲ့သည်။ ဇာတာတော်ပုံ ရာဇဝင်ကျမ်းသည် ရာဇကုမာရ်ကျောက်စာပါ အထောက်အထားများနှင့် တိုက်ဆိုင်ညီညွတ်သဖြင့် ထိုကျမ်းကို ယူငင်သုံးစွဲခြင်းဖြစ်ကြောင်းကို ဆက်လက်ဖော်ပြခဲ့သည်။

အနော်ရထာမင်းသည် မြန်မာဘုရင်များအနက် ခေတ်ပြိုင်မှတ်တမ်းအစောဆုံးမင်းဖြစ်ကာ အနော်ရထာအကြောင်းကို ရာဇဝင်ကျမ်းများတွင် ရေးသားဖော်ပြကြရာတွင် အနော်ရထာမင်းကြီးသည် မိဖုရားလေးပါးရှိခဲ့ပြီး စောလူးမင်းခေါ် မင်းလုလင်သည် အနော်ရထာ၏သားတော်ဖြစ်၍ အနော်ရထာ နတ်ရွာစံပြီးနောက် ပုဂံဘုရင်ဖြစ်လာကြောင်း ဖော်ပြကြသည်။

ရာဇဝင်ကျမ်းတချို့တွင် ကျန်စစ်သားသည် အနော်ရထာမင်းကြီးနှင့် ဝေသာလီမင်းသမီး ပဉ္စကလျာဏီတို့က ဖွားမြင်သည်ဟု ရေးသားကြသော်လည်း ကျန်စစ်သားကိုယ်တိုင်ကမူ မိမိရေးထိုးသည့် ကျောက်စာများတွင် မိဘများနှင့်သက်ဆိုင်သည့် အကြောင်းအရာများကို တိကျစွာ ဖော်ပြထားခြင်း မရှိချေ။

**ထိလိုင်မင်**

ပုဂံမင်းဆက်ရာဇဝင်သစ်ကျမ်းအရ ကျန်စစ်သားကို ၁၀၃၀ ပြည့်နှစ် ဇူလိုင်လ ၂၁ ရက်တွင် မွေးဖွားခဲ့သည်ဟု ဆိုသည်။ သို့သော် ကျန်စစ်သား၏ မိဘများသည် မည်သူမည်ဝါဖြစ်ကြောင်း ထင်ရှားခြင်းမရှိပေ။ မှန်နန်းရာဇဝင် စာပိုဒ် (၁၃၀) တွင် ကျန်စစ်သားကို အနော်ရထာနှင့်ယှဉ်သောပဋိသန္ဓေမှ ဖွားမြင်သူဟု ဆိုကြောင်း၊ သို့သော် ၎င်းကျမ်းစာပိုဒ် (၁၃၉)၌ပင် ကျန်စစ်သားက သူ၏ သမီးတော်ကို အနော်ရထာ၏ မြေးနှင့် လက်ထပ်စေသောအခါ "ငါ့အရှင် မြေးတော်ဖြစ်သော စောယွမ်းနှင့် ပေးမြားအံ့"ဟု ဆိုပြန်ကြောင်း ပုဂံမင်းဆက် ရာဇဝင်သစ်စာအုပ်တွင် ညွှန်းဆိုထားသည်။

ကျန်စစ်သားသည် ၁၀၃၀ ပြည့်နှစ်တွင် မွေးဖွား၍ အသက် ၈၃ နှစ်အရွယ် ၁၁၁၃ ခုနှစ်တွင် နတ်ရွာစံသည်။ အနော်ရထာသည် ၁၀၁၄ ခုနှစ်တွင် မွေးဖွား၍ ၁၀၇၇ ခုနှစ်တွင်နတ်ရွာစံသည်။ သက္ကရာဇ် နှိုင်းယှဉ်ချက်အရ အနော်ရထာသည် ကျန်စစ်သားထက် ၁၆ နှစ် ကြီးသည်။

အနော်ရထာသည် ၁၀၄၄ ခုနှစ် သက်တော် ၃၀ အရွယ်တွင် ပုဂံဘုရင်ဖြစ်ခဲ့ကာ ပုဂံထီးနန်းကိုရရှိပြီးနောက် အမတ်ရာဇမန်ကို ဝေသာလီပြည်သို့စေလွှတ်ကာ မင်းသမီး ပဉ္စကလျာဏီကို မိဖုရားမြှောက်ရန် ပုဂံသို့ ခေါ်ယူစေခဲ့သည်။ ပဉ္စကလျာဏီကို ပရိမ္မအရပ်သို့ ပို့ထားချိန်တွင် "ပဉ္စကလျာဏီတွင် အနော်ရထာမင်းစောနှင့်ယှဉ်သော ပဋိသန္ဓေရင့်မာခြင်းသို့ ရောက်ကြောင်း၊ ပရိမ္မအရပ်သို့ ပို့အပ်မည်ရှိသည်တွင် ရွှေနန်းတော်သို့ ပုဆစ်တုပ်၍ရှိခိုးသည့်အရပ်၌ သားတော် ကျန်စစ်သားမင်းဖြစ်လျှင် မယ်တော်ပုဆစ်တုပ်ပျပ်ဝပ်ရာဖြစ်သည်ဟု တည်ထားကိုးကွယ်သော ပုဆစ်တုပ်ဘုရား ထင်ရှားရှိသည်"ဟု မှန်နန်းရာဇဝင်တွင် ရေးသားထားသည်။

အနော်ရထာမင်းသည် ကျန်စစ်သား၏ ခမည်းတော်မှန်ပါက အနော်ရထာ အသက် ၁၆ နှစ်တွင် ကျန်စစ်သားကို မွေးဖွားခဲ့ပြီးဖြစ်သည်။ သို့သော် အနော်ရထာနန်းတက်ချိန်တွင် ကျန်စစ်သားက အသက် ၁၄ နှစ်ရှိ နေပြီဖြစ်သဖြင့် ရာဇဝင်လာစကားတချို့သည် ရှင်းလင်းတိကျမှု အားနည်းနေကြောင်း သုံးသပ်နိုင်မည်ဖြစ်သည်။

ကျန်စစ်သားကို ပဉ္စကလျာဏီကိုပို့ခဲ့သည့် ပရိမ္မတွင် မွေးဖွားခဲ့သည်ဟူသည့် အများပြောစကားသည် ဝိဝါဒကွဲပြားမှုများရှိ၍ ထီးလှိုင်တွင် မွေးသည်ဟု ဆိုသည့်အချက်သည်လည်း သေချာမှုမရှိပေ။ ထီးလှိုင်အမည်ရှိသည့် အရပ်ဒေသများသည် ရမည်းသင်းမြို့နယ်၊ တောင်ငူမြို့နယ်နှင့် ရှမ်းပြည်နယ်တို့တွင်တည်ရှိပြီး ဝမ်းတွင်းမြို့အနီးမှ ထီးလှိုင်ဖြစ်ဖို့များကြောင်း ဒေါက်တာသန်းထွန်းက ယူဆခဲ့သည်။ သမိုင်းပညာရှင်များ၏ ယူဆချက်အရ ကျန်စစ်သားသည် အနော်ရထာ၏သား မဟုတ်သည့်အပြင် မင်းမျိုးမင်းနွယ်မှ ဆင်းသက်လာသူလည်းမဟုတ်ကြောင်း တွေ့ရှိနိုင်ပေသည်။

**မွန်ကျောက်စာများထဲက ကျန်စစ်သား**

ကျန်စစ်သားမင်းသည် မွန်ဘာသာဖြင့် ကျောက်စာရှစ်ချပ်ရေးထိုးခဲ့သည်။ ထိုကျောက်စာများကို ပုဂံ၊ မွန်ပြည်နယ်နှင့် သရေခေတ္တရာတို့တွင် စိုက်ထူခဲ့သည်။ ကျန်စစ်သားရေးထိုးခဲ့သည့် ကျောက်စာများအနက် တချို့ကျောက်စာများတွင် မိမိ၏ ခမည်းတော်ကိုဖော်ပြခဲ့ရာ ပြည်ရွှေဆံတော်စေတီကျောက်စာတွင် "ခမည်းတော်ကားအာဒိစ္စဝံသမင်းမျိုးတည်း"ဟု ရေးထိုးဖော်ပြခဲ့သည်။ ထူးခြားချက်မှာ ကျန်စစ်သားသည် မိမိ၏အတ္ထုပ္ပတ္တိကျောက်စာ၌ပင် မိမိ၏ခမည်းတော်သည် အနော်ရထာဖြစ်ကြောင်း ရေးထိုးမထားခြင်းဖြစ်သည်။

မည်သို့ပင်ဆိုစေ ကျန်စစ်သားသည် အနော်ရထာ၏ သားတော် ဟုတ်၊ မဟုတ် အငြင်းပွားမှုများရှိနေဆဲဖြစ်သည်။ ကျန်စစ်သားသည် အနော်ရထာ၏ သားတော်ဖြစ်ကြောင်း ရေးထိုးထားသည့်အထောက်အထားခိုင်မာသောကျောက်စာကို မတွေ့ရှိရသေးသဖြင့် နောင်တစ်ချိန်ချိန်တွင် တွေ့ရှိလာမည်ဆိုပါက အနော်ရထာမင်းသည် ကျန်းစစ်သားမင်း၏ ဖခမည်းတော်ဖြစ်ကြောင်းကို အတည်ပြုနိုင်မည်ဖြစ်ပါသည်။

**ကိုးကား**

- **မှန်နန်းမဟာရာဇဝင်တော်ကြီး**
- **ပုဂံဆက် ပုဂံခေတ် မြန်မာရာဇဝင် (ဒေါက်တာသန်းထွန်း)**
- **ပုဂံမင်းဆက်ရာဇဝင်သစ်(တင်နိုင်တိုး)**
- **မွန်ကျောက်စာပေါင်းချုပ်(ဦးချစ်သိန်း)**

## ၂၀၂၆ ခုနှစ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ်ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်း မြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အားပူးပေါင်း ပါဝင်ဆောင်ရွက်ရေး။

# မြို့သစ်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၁၂၅၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မြို့သစ် ဩဂုတ် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင် မြို့သစ်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီ၌ စပါးဧက ၁၂၅၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြို့သစ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြို့သစ်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီ၌ စပါးဧက ၁၂၈၀၀ စိုက်ပျိုးရန်လျာထားပြီး အဆိုပါ မိုးစပါးစိုက်ပျိုးမှုကို ယခုနှစ် ဇူလိုင်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧက ၁၂၅၀ ထိစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မြို့သစ်မြို့နယ်မှာ စပါးဧက ၁၂၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့မှာတော့ ဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ စပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့ နည်းပညာတွေ၊ မျိုးတွေ ဆောင်ရွက်ပေးနေပါတယ်။ တောင်သူတွေအနေနဲ့ စပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ ပိုးမွှားကင်းစင်ဖို့အတွက် ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်"ဟု မြို့သစ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုဦးက ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးစိုက်ပျိုးရာမှာ အခက်အခဲမရှိ စနစ်တကျ စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြို့သစ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုဦးက ပြောပြသည်။

(၂၀၆)

# ကန့်ဘလူမြို့နယ် တောက္ကရှပ်ကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**ကန့်ဘလူ ဩဂုတ် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တောက္ကရှပ်ကျေးရွာ၌ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဩဂုတ် ၂၄ ရက်က အဆိုပါ ကျေးရွာ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ကန့်ဘလူခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးခိုင်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) အကြောင်းအရာများ၊ ရည်ရွယ်ချက်များ၊ လုပ်ငန်းစဉ်များနှင့် ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ကန့်ဘလူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်ခိုင်နှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီများ ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာမှ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ကဏ္ဍအလိုက် အသေးစိတ် ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများ၏ ကြီးကြပ်မှုဖြင့် တက်ရောက်လာကြသော ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို အမှန်တကယ် ဆောင်ရွက်နိုင်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ပေးခဲ့ကြသည်။

အဆိုပါ တောက္ကရှပ်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀ အသုံးပြု၍ ဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကန့်ဘလူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်ခိုင်ထံမှ သိရသည်။

**မောင်ခိုင်**

## ဝါခေါင်လ

- ဝါခေါင်တဲ့ ဝါခေါင်
မှတ်သိအောင် ကြံဆောင်ရွက်၊
ရက်မစုံ နှစ်ဆယ့်ကိုး
ရေးပျိုးမှတ်တွက်။

- ဝါခေါင်တဲ့ ဝါခေါင်
လဂုဏ်ဆောင် ရာသီပြ၊
သိဟ်ရာသီ ခေါ်တွင်ကြောင်း
ကောင်းမြတ်သည့်လ။

- ဝါခေါင်တဲ့ ဝါခေါင်
လဂုဏ်ဆောင် ဘယ်နက္ခတ်၊
သရဝဏ် စန်းယှဉ်တွဲ
ရောက်ဆဲသတ်မှတ်။

- ဝါခေါင်တဲ့ ဝါခေါင်
လဂုဏ်ဆောင် အဘယ်ပန်း၊
ခတ္တာငယ် ပန်းနုထွေးတို့
စုဝေးပွင့်လန်း။

- ဝါခေါင်တဲ့ ဝါခေါင်
လဂုဏ်ဆောင် ဘယ်ကြယ်မင်း၊
ဗျိုင်းတာရာ ယုဂန်ထက်မှာ
တလက်လက်လင်း။

- ဝါခေါင်တဲ့ ဝါခေါင်
လဂုဏ်ဆောင် အခါကား၊
မေတ္တာအခါတော်နေ့
လပြည့်နေ့ထား။

- ဝါခေါင်တဲ့ ဝါခေါင်
လဂုဏ်ဆောင် အဘယ်ပွဲ၊
စာရေးတံ မြတ်ကောင်းမှုကို
ပေါင်းစုဆင်နွှဲ။

- ဝါခေါင်တဲ့ ဝါခေါင်
မိုးတိမ်တောင် အုံ့ကာပ၊
ပြည်မြန်မာ နယ်တစ်ဝန်းမှာ
စိမ်းလန်းအေးမြ။

- ဝါခေါင်တဲ့ ဝါခေါင်
ပြည့်လျှံအောင် ရေတွေတိုး၊
ပြည်တစ်ခွင် လယ်ယာများမှာ
စပါးစိုက်ပျိုး။

- ဝါခေါင်တဲ့ ဝါခေါင်
မှတ်သိအောင် စာစီရေး၊
ပွဲ ရာသီ ပန်း နက္ခတ်တွေနဲ့
လမြတ်ဂုဏ်မွေး။ ။

**မောင်နွေဦး(လယ်ဝေး)**

# ဘရစ်အုပ်စုထိပ်သီးညီလာခံ တက်ရောက်ရေးအတွက် အိန္ဒိယနိုင်ငံသို့ တရုတ်သမ္မတ သွားရောက်ဖွယ်ရှိ

**ဒေလီ ဩဂုတ် ၂၅**

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ လာမည့် စက်တင်ဘာလအတွင်း ကျင်းပမည့် ဘရစ်အုပ်စုထိပ်သီး ညီလာခံသို့ တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် တရုတ်အစိုးရ ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ဖွယ်ရှိကြောင်း ဩဂုတ် ၂၄ ရက် သတင်းများတွင် ရေးသားတင်ပြခဲ့သည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ထို့ပြင် အဆိုပါခရီးစဉ်သွားရောက်ခဲ့ပါက ၂၀၂၀ ပြည့်နှစ်အတွင်းပေါ်ပေါက်ခဲ့သည့် နယ်စပ်ပဋိပက္ခများကို အကြောင်းပြု၍ တင်းမာခဲ့သော တရုတ်နှင့် အိန္ဒိယနှစ်နိုင်ငံ ဆက်ဆံရေးပြန်လည် နွေးထွေးလာရန် လက္ခဏာလည်း ဖြစ်လာမည်ဖြစ်သည်။

အိန္ဒိယနိုင်ငံသည် လာမည့် စက်တင်ဘာ ၁၂ ရက်မှ ၁၃ ရက်ထိ ဘရစ်အုပ်စု ထိပ်သီးညီလာခံကို နယူးဒေလီမြို့၌ ကျင်းပရန် စီစဉ်ထားသည်။

အဆိုပါ ဘရစ်အုပ်စုထိပ်သီး ညီလာခံသို့ တရုတ်သမ္မတ ရှီကျင့်ဖျင် တက်ရောက်မည်ဖြစ်ပြီး သမ္မတ ရှီကျင့်ဖျင်နှင့်အတူ အဖွဲ့ဝင်ဦးရေ ၄၀၀ ခန့် ပါဝင်မည့် တရုတ်ကိုယ်စားလှယ် အဖွဲ့လည်း လိုက်ပါလာမည် ဖြစ်ကြောင်း အိန္ဒိယအစိုးရသတင်းအရင်းအမြစ်များက ပြောကြားထားသည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်သည် ၂၀၁၉ ခုနှစ်တွင် အိန္ဒိယနိုင်ငံသို့ နောက်ဆုံးတစ်ကြိမ် ရောက်ရှိခဲ့ဖူးပြီး ထိုစဉ်ကလည်းနှင့်အတူ အဖွဲ့ဝင်ဦးရေ ၂၀၀ ခန့် လိုက်ပါခဲ့ဖူးသည်။

တရုတ်နှင့် အိန္ဒိယနှစ်နိုင်ငံ ဆက်ဆံရေး ပြန်လည်နွေးထွေးလာမှု လက္ခဏာအဖြစ် အိန္ဒိယဝန်ကြီးချုပ် မိုဒီသည် ပြီးခဲ့သည့်နှစ်တွင် ခုနစ်နှစ်တာကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် တရုတ်နိုင်ငံသို့ သွားရောက်ခဲ့ဖူးကြောင်းသိရသည်။

Ref : Xinhua
Trs : KKO

# အီရန်နှင့် ပါကစ္စတန်တို့ကြား ဆွေးနွေးပွဲများ၌ သိသာသောတိုးတက်မှုများရှိခဲ့ဟု ပါကစ္စတန်ပြည်ထဲရေးဝန်ကြီးပြောကြား



**အစ္စလာမ္မာဘတ် ဩဂုတ် ၂၅**

ခြောက်လနီးပါကြာ အီရန်စစ်ရေးပဋိပက္ခ ပြီးဆုံးရေးနှင့် ငြိမ်းချမ်းရေး သဘောတူညီချက်ရယူရေးအတွက် ပါကစ္စတန်နှင့် အီရန်တို့ကြား ဆွေးနွေးပွဲများ၌ သိသာထင်ရှားသော တိုးတက်မှုများရှိခဲ့သည်ဟု ပါကစ္စတန်ပြည်ထဲရေး ဝန်ကြီး မိုဆင်နာဗီက ယနေ့တွင် ထုတ်ဖော် ပြောကြားခဲ့ကြောင်း RT သတင်းဌာနက ဖော်ပြထားသည်။

အီရန်နိုင်ငံသို့ ရောက်ရှိနေသည့် ပါကစ္စတန်တပ်မတော်စစ်ဦးစီးချုပ် ဖီးလ်မာရှယ် ဗိုလ်ချုပ်ကြီး အက်ဆင်းမ်မူနီရာသည် ဩဂုတ် ၂၄ ရက်တွင် အီရန်လွှတ်တော် ဥက္ကဋ္ဌ မိုဟမ်မက် ဘာဂဟာဂါလီဘက်ဖ် နှင့်တွေ့ဆုံ၍ အီရန်စစ်ရေးပဋိပက္ခ အဆုံးသတ် နိုင်ရေးအတွက် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အဆိုပါ ဆွေးနွေးပွဲတွင် အီရန် လွှတ်တော်ဥက္ကဋ္ဌနှင့် ပါကစ္စတန် စစ်ဦးစီးချုပ်တို့သည် စစ်ရေး တင်းမာမှုများကို လျှော့ချရေး၊ ဟော်မုဇ်ရေလက်ကြားကို ဖွင့်လှစ်ရေး၊ အီရန်စစ်ရေးပဋိပက္ခ အဆုံးသတ်ရေးတို့အတွက် အဓိကထား ဆွေးနွေးခဲ့ကြကြောင်း ပါကစ္စတန် ပြည်ထဲရေးဝန်ကြီးက ထုတ်ဖော် ပြောကြားခဲ့သည်။

ထို့ပြင် အဆိုပါဆွေးနွေးပွဲတွင် အီရန်နှင့် ပါကစ္စတန်တို့အနေဖြင့် သိသာထင်ရှားသည့် အောင်မြင်မှုများရရှိခဲ့သည်ဟု ပါကစ္စတန် ပြည်ထဲရေးဝန်ကြီးကပြောကြားခဲ့ကြောင်းသိရသည်။

Ref : RT
Trs : KKO

# အီရန်အပေါ် စီးပွားရေးအရေးယူပိတ်ဆို့မှုစည်းမျဉ်းသစ်များ အမေရိကန်အစိုးရကြေညာ

**ဝါရှင်တန် ဩဂုတ် ၂၅**

အမေရိကန်ဘဏ္ဍာရေးဝန်ကြီး စကော့ဘက်ဆန့်သည် ဩဂုတ် ၂၄ ရက်တွင် အီရန်နိုင်ငံအပေါ် ထပ်မံချမှတ်လိုက်သည့် အရေးယူပိတ်ဆို့မှု စည်းမျဉ်းသစ်များကို ကြေညာခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

သို့ရာတွင် အမေရိကန်ဘဏ္ဍာရေးဝန်ကြီး စကော့ဘက်ဆန့် ကြေညာခဲ့သည့် အရေးယူပိတ်ဆို့မှု စည်းမျဉ်းသစ်များထဲတွင် အပြင်းထန်ဆုံး အရေးယူပိတ်ဆို့မှု စည်းမျဉ်းများပါဝင်ခြင်း မရှိသေးကြောင်း သိရသည်။

မိမိတို့ ကြေညာထားသည့် စီးပွားရေး အရေးယူပိတ်ဆို့မှု စည်းမျဉ်းသစ်များသည် အီရန်၏ စီးပွားရေး အသက်သွေးကြောများ ကိုဖြတ်တောက်ရန် ရည်ရွယ်သည့် စည်းမျဉ်းများဖြစ်ကြောင်း အမေရိကန် ဘဏ္ဍာရေးဝန်ကြီး စကော့ဘက်ဆန့်က ပြောကြားထားသည်။

အဆိုပါ အရေးယူပိတ်ဆို့မှု စည်းမျဉ်းများအရ အီရန်နှင့် ကုန်သွယ်ရေးဆက်ဆံမှုများ ဆက်လက်ပြုလုပ်နေသည့် နိုင်ငံများအနေဖြင့် အမေရိကန်ဒေါ်လာကို အခြေပြုထားသော ဘဏ္ဍာရေးစနစ်မှ ဖယ်ထုတ်ခံရမည် ဖြစ်ကြောင်း အမေရိကန် ဘဏ္ဍာရေးဝန်ကြီးက သတိပေး ပြောကြားထားသည်။

အမေရိကန်နိုင်ငံက ထပ်မံပြုလုပ်ခဲ့သည့် အရေးယူပိတ်ဆို့မှု အသစ်များအတွက် လက်တုံ့ပြန်မည်ဟု အီရန်စီးပွားရေးဝန်ကြီး အလီမာဒန်နီဇာဒါက ယနေ့တွင် ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT
Trs : KKO

# ယခုနှစ် ဇူလိုင်လအတွင်း ထိုင်းနိုင်ငံ၏ မော်တော်ယာဉ်ထုတ်လုပ်မှုနှုန်း မြင့်တက်လာ



**ဗန်ကောက် ဩဂုတ် ၂၅**

ယခုနှစ် ဇူလိုင်လအတွင်း ထိုင်းနိုင်ငံ၏ မော်တော်ယာဉ်ထုတ်လုပ်မှုနှုန်းမှာ ပြီးခဲ့သည့်နှစ် ဇူလိုင်လကထက် ၆ ဒသမ ၁၂ ရာခိုင်နှုန်း မြင့်တက်လာခဲ့ပြီး အစီး ၁၁၇၃၈၃ စီးထိရှိခဲ့ကြောင်း ထိုင်းစက်မှုလုပ်ငန်းများအဖွဲ့ချုပ်က ယနေ့တွင် သတင်းထုတ်ပြန်ခဲ့သည်ဟု Xinhua သတင်းဌာနက ဖော်ပြထားသည်။

ထိုင်းနိုင်ငံ၏ မော်တော်ယာဉ် ထုတ်လုပ်နိုင်မှုနှုန်းမှာ ယခုနှစ် ဇွန်လတွင် ကျဆင်းခဲ့ပြီးနောက် ဇူလိုင်လတွင် ပြန်လည်မြင့်တက်လာခဲ့ခြင်းဖြစ်သည်။

ယခုနှစ် ဇွန်လအတွင်း ထိုင်းနိုင်ငံ၏ မော်တော်ယာဉ် ထုတ်လုပ်မှုနှုန်းမှာ ပြီးခဲ့သည့်နှစ် ဇွန်လကထက် ၇ ဒသမ ၇၇ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း သိရသည်။

ထိုင်း စက်မှုလုပ်ငန်းများအဖွဲ့ချုပ်က ယနေ့တွင် ထုတ်ပြန်ထားသည့် အစီရင်ခံစာအရ ထိုင်းပြည်တွင်း၌ မော်တော်ယာဉ်ရောင်းချရမှုနှုန်းမှာ ဇွန်လအတွင်း ရောင်းချရမှုနှုန်းထက် နှိုင်းယှဉ်ပါက မြင့်တက်လာကြောင်းသိရသည်။

ထိုင်းနိုင်ငံသည် အရှေ့တောင်အာရှ၏ အကြီးမားဆုံးမော်တော်ယာဉ် ထုတ်လုပ်မှုလုပ်ငန်း ဗဟိုချက်ဖြစ်ပြီး တိုယိုတာနှင့် ဟွန်ဒါအပါအဝင် ထိပ်တန်းနိုင်ငံတကာ ကားထုတ်လုပ်ရေးကုမ္ပဏီကြီးများက ထိုင်းနိုင်ငံ၌ စက်ရုံများ ဖွင့်လှစ်ထားကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# ဓာတုစက္ကူစွန်များအသုံးပြုတိုက်ခိုက်မှု ဟားမတ်စ်အုပ်စုပြန်လည်ကျင့်သုံးလာပါက ပြင်းပြင်းထန်ထန်တုံ့ပြန်မည်ဟု အစ္စရေးပြောကြား

**ဂါဇာစီးတီး ဩဂုတ် ၂၅**

မီးလောင်စေတတ်သည့် ဓာတုပစ္စည်းများ တပ်ဆင်ထားသော စက္ကူစွန်များအသုံးပြု တိုက်ခိုက်မှုနည်းလမ်းကို ဟားမတ်စ်အုပ်စုက ပြန်လည်ကျင့်သုံးလာပါကပြင်းပြင်းထန်ထန်တုံ့ပြန်မည်ဟု အစ္စရေး နိုင်ငံက ပြောကြားခဲ့ပြီးနောက် ဂါဇာကမ်းမြောင်ဒေသ၌ ကလေးများစွန်လွှတ်ကစားမှု တားဆီးပိတ်ပင်ထားရန် မိဘများကို ဒေသန္တရ အဖွဲ့အစည်းများက တိုက်တွန်းထားကြောင်း ယနေ့ သတင်းများတွင် ရေးသားတင်ပြခဲ့သည်ဟု Xinhua သတင်းဌာနက ဖော်ပြထားသည်။

၂၀၁၈ ခုနှစ် အတွင်းက ဂါဇာ အခြေစိုက် ဟားမတ်စ်အုပ်စုနှင့် ဟားမတ်စ်အုပ်စုကို ထောက်ခံသူများက မီးလောင်စေတတ်သည့် မိုးပျံပူဖောင်းများ၊ စွန်များကိုအသုံးပြု၍တိုက်ခိုက်ခဲ့ရာ အစ္စရေးဘက်ခြမ်းရှိ လယ်ယာမြေများ၌မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဂါဇာ ကမ်းမြောင်ဒေသကို အစ္စရေးနိုင်ငံက ပိတ်ဆို့ထားမှုကို ကန့်ကွက်သည့် အနေဖြင့် ဟားမတ်စ်အုပ်စုနှင့် ထောက်ခံသူများက ထိုနည်းလမ်းများဖြင့် အစ္စရေးကို တိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။

ပြီးခဲ့သည့်လအတွင်းဂါဇာကမ်းမြောင်ဒေသဘက်မှ အစ္စရေးနိုင်ငံဘက်သို့ စက္ကူစွန်အများအပြား ရောက်ရှိလာခဲ့ရာ နယ်စပ်ကျေးရွာများမှ အစ္စရေးနိုင်ငံသားများ အထိတ်တလန့်ဖြစ်ခဲ့ရကြောင်း အစ္စရေးတာဝန်ရှိသူများက ပြောကြားထားသည်။

အစ္စရေးနိုင်ငံဘက်သို့ စက္ကူစွန်များ၊ မိုးပျံပူဖောင်းများ၊ မောင်းသူမဲ့ ဒရုန်းယာဉ်များ ဝင်ရောက်မှုကို တားဆီးပေးခြင်း မရှိပါက ပြင်းပြင်းထန်ထန် တုံ့ပြန်မည်ဟု အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုက ဩဂုတ် ၂၃ ရက်တွင် သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

Ref : Xinhua
Trs : KKO



# တရုတ်နိုင်ငံအခြေစိုက် ဒိဘလူးအေရိုစပေ့စ်ကုမ္ပဏီက သန်းဒါး-အာရ်အက်စ် ဒုံးအင်ဂျင်သစ်ကို အောင်မြင်စွာစမ်းသပ်ခဲ့



**ပေကျင်း ဩဂုတ် ၂၅**

တရုတ်နိုင်ငံအခြေစိုက်ပုဂ္ဂလိက အာကာသနည်းပညာကုမ္ပဏီတစ်ခုဖြစ်သော ဒိဘလူးအေရိုစပေ့စ် ကုမ္ပဏီသည် သန်းဒါး-အာရ်အက်စ် အမည်ရှိ ဒုံးအင်ဂျင်သစ်ကို အောင်မြင်စွာစမ်းသပ်ခဲ့ကြောင်း ဩဂုတ် ၂၄ ရက် သတင်းများအရ သိရသည်။

ဒိဘလူးအေရိုစပေစ်ကုမ္ပဏီသည် သန်းဒါး-အာရ်အက်စ်ဒုံး အင်ဂျင်ကို ဩဂုတ် ၂၁ ရက်တွင် စမ်းသပ်ခဲ့ပြီး စမ်းသပ်မှုကာလမှာ စက္ကန့် ၁၀၀ ကြာမြင့်ခဲ့သည်။

စမ်းသပ်စဉ်အတွင်း သန်းဒါး-အာရ်အက်စ်ဒုံးအင်ဂျင်သည် တွန်းပင့်အား ၁၂၉၆ ဒသမ ၅ ကီလိုနယူတန် (၁၃၂ ဒသမ ၃ တန်)ကို ထုတ်ပေးနိုင်ခဲ့ကြောင်း ဒိဘလူးအေရိုစပေ့စ်ကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

ဒိဘလူးအေရိုစပေ့စ်ကုမ္ပဏီသည် သန်းဒါး-အာရ်အက်စ်ဒုံး အင်ဂျင်ကို နက်ဗျူလာ-၂ အမည်ရှိ အကြိမ်ကြိမ်ပြန်လည်အသုံးပြုနိုင်မည့် ပင်မဒုံးယာဉ်၌ တပ်ဆင်အသုံးပြုရန် ရည်ရွယ်ထားသည်။

တရုတ်အခြေစိုက် အာကာသနည်းပညာကုမ္ပဏီ တစ်ခုဖြစ်သော လန်းစပေ့စ်ကုမ္ပဏီသည် ဩဂုတ် ၁၉ ရက်တွင် ကျူးကေး-၃ ဒုံးပျံကိုလွှတ်တင်ခဲ့ရာ ဒုံးပျံ၏ ပထမအဆင့်ကို အောင်မြင်စွာ ပြန်လည်ရယူနိုင်ခဲ့သည်။

အလားတူ တရုတ်အမျိုးသား အာကာသအေဂျင်စီသည်လည်း ဇူလိုင် ၁၀ ရက်တွင် လောင်းမတ်ချ်-၁၀ ဘီ ဒုံးပျံလွှတ်တင်ခဲ့ရာ ဒုံးပျံ၏ပထမအဆင့် ပင်မကိုယ်ထည်ကို အောင်မြင်စွာပြန်လည်ရယူနိုင်ခဲ့ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# အူမကြီးကင်ဆာစမ်းသပ်စစ်ဆေးနည်းများခံယူခြင်းဖြင့် ရောဂါကြောင့်သေဆုံးနိုင်ခြေ ၄၃ ရာခိုင်နှုန်းလျှော့ချနိုင်

**လန်ဒန် ဩဂုတ် ၂၅**

gFOBT နှင့် FIT ခေါ် အူမကြီးကင်ဆာစမ်းသပ်စစ်ဆေးနည်းများခံယူခြင်းဖြင့် ၎င်းကင်ဆာရောဂါကြောင့် အသက်ဆုံးပါးနိုင်ခြေကို ၄၃ ရာခိုင်နှုန်းထိ လျှော့ချပေးနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကိုကိုးကား၍ `ဩဂုတ် ၂၄ ရက် သတင်းများတွင် ရေးသား ဖော်ပြထားသည်။

အဆိုပါ အူမကြီးကင်ဆာ စမ်းသပ်စစ်ဆေးမှု နည်းလမ်းကို ဗြိတိန်နိုင်ငံ၌ အသက် ၅၀ နှင့် ၇၄ နှစ်ကြား လူပေါင်း ၁၇ သန်းကို နှစ်နှစ်လျှင်တစ်ကြိမ် စမ်းသပ်မှုများ ပြုလုပ်ခဲ့သည်။

အထက်ပါ အူမကြီးကင်ဆာ စမ်းသပ် စစ်ဆေးနည်းများသည် အထက်ပါ ကင်ဆာရောဂါ၏ ရှေ့ပြေးလက္ခဏာများကို ကျင်ကြီးနမူနာများထဲတွင် ရှာဖွေပေးသည့် စနစ်များဖြစ်သည်။

ဗြိတိန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ နေအိမ်မှာပင် ပြုလုပ်နိုင်သည့် gFOBT နှင့် FIT စစ်ဆေးနည်းများသည် အချိန်ကာလအားဖြင့် မိနစ်အနည်းငယ်မျှသာ ကြာမြင့်သော်လည်း ၎င်းကင်ဆာရောဂါကြောင့် အသက်ဆုံးပါးနိုင်ခြေကို ၄၃ ရာခိုင်နှုန်းထိ လျှော့ချပေးနိုင်ကြောင်း သိရသည်။

အူမကြီးကင်ဆာကို စတင်ဖြစ်ပွားခါစအဆင့်တွင် စစ်ဆေးတွေ့ရှိခဲ့ပါက လူနာ၏ဘဝသက်တမ်းကို ငါးနှစ်ထိဆွဲဆန့်ပေးနိုင်ခြေ ၉၀ ရာခိုင်နှုန်းထိ မြင့်တက်လာပြီး ကင်ဆာဆဲလ်များပျံ့နှံ့သည့်အဆင့်တွင် စစ်ဆေးတွေ့ရှိခဲ့ပါက ဘဝသက်တမ်းကို ငါးနှစ်ထိ ဆွဲဆန့်နိုင်ခြေမှာ ခြောက်ရာခိုင်နှုန်းထိ ကျဆင်းသွားတတ်ကြောင်း သုတေသနပညာရှင်များက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

# အိန္ဒိယသမုဒ္ဒရာအတွင်း ရက်ပေါင်းများစွာမျောပါနေသည့် Starship ဒုံးပျံ ဩစတြေးလျနိုင်ငံ ခရစ္စမတ်ကျွန်းဆီသို့ရောက်ရှိ

**ဝါရှင်တန် ဩဂုတ် ၂၅**

အိန္ဒိယသမုဒ္ဒရာအတွင်း ရက်ပေါင်းများစွာ မျောပါနေသည့် Starship ဒုံးပျံသည် ဩစတြေးလျနိုင်ငံ ခရစ္စမတ်ကျွန်းဆီသို့ရောက်ရှိနေပြီဖြစ်ကြောင်း ဩဂုတ် ၂၄ ရက် သတင်းများတွင် ရေးသား ဖော်ပြထားသည်။

အဆိုပါ Starship ဒုံးပျံသည် အိန္ဒိယသမုဒ္ဒရာအတွင်း ၂၄ ရက်ကြာ မျောပါခဲ့ပြီးနောက် ဧပြီ ၁၉ ရက်တွင် ဩစတြေးလျနိုင်ငံ ခရစ္စမတ်ကျွန်းသို့ ဆိုက်ရောက်လာခြင်းဖြစ်ကြောင်း စပေ့အိတ်ကုမ္ပဏီ သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားကြောင်း သိရသည်။

Ship၄၀ ဟူ၍ အမည်ပေးထားသည့် အဆိုပါဒုံးပျံယာဉ်သည် ဇူလိုင် ၂၄ ရက်တွင် လွှတ်တင်ခဲ့သော Starship ဒုံးပျံ၏ထိပ်ဖူး အဆင့် ဒုံးယာဉ်ဖြစ်သည်။

စပေ့အိတ်ကုမ္ပဏီသည် ၁၃ ကြိမ်မြောက် Starship မစ်ရှင်အဖြစ် အဆိုပါ Starship ဒုံးပျံကို ဇူလိုင်၂၄ ရက်တွင် တောင်တက္ကဆက်ဒေသစတားဘေ့စ်အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီးနောက် Star-ship ဒုံးပျံသည် စီစဉ်ထားသည့်အတိုင်း အိန္ဒိယသမုဒ္ဒရာအတွင်းသို့ အောင်မြင်စွာပြန်လည် ဆင်းသက်နိုင်ခဲ့သည်။

စပေ့အိတ်ကုမ္ပဏီ၏ Star-ship ဒုံးပျံကို စူပါဟဲဗီးပင်မ ဒုံးယာဉ်၊ Starship ထိပ်ဖူးအဆင့် ဒုံးယာဉ်တို့ဖြင့် ဖွဲ့စည်းထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



# Upadacitinib သောက်ဆေးတစ်မျိုးက အရေပြားခရုသင်းရောဂါကို ကုသပေးနိုင်ဖွယ်ရှိ

**နယူးယောက် ဩဂုတ် ၂၅**

Upadacitinib အမည်ရှိ သောက်ဆေးတစ်မျိုးသည် အရေပြားခရုသင်းရောဂါကို (Vitiligo) လူနာအချို့တွင် မူလအရေပြားရောင် ပြန်လည်ရရှိရေးအတွက် အထောက်အကူ ပြုနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကိုကိုးကား၍ ဩဂုတ် ၂၄ ရက် သတင်းများတွင် ရေးသား ဖော်ပြထားသည်။

Upadacitinib ဆေးသည် ကိုယ်ခန္ဓာအရေပြား ခရုသင်းစွဲနေသူများအတွက် ထိရောက်လွယ်ကူသည့် ကုထုံးဖြစ်လာနိုင်ကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန်သုတေသနပညာရှင်များသည် အရေပြားခရုသင်းရောဂါရှိနေသည့် လူနာ ၆၁၄ ဦးတို့ကို Upadacitinib ဆေးဖြင့် လက်တွေ့ စမ်းသပ်ကုသမှုများ ပြုလုပ်ခဲ့ကြသည်။

စမ်းသပ်မှုမှ ပေါ်ထွက်လာသည့်ရလဒ်များအရ စမ်းသပ်ကာလသီတင်း ၄၈ ပတ်ကြာမြင့်ချိန်တွင် စမ်းသပ်မှုတွင်ပါဝင်သော လူနာများအရ ၁၄ ရာခိုင်နှုန်းတို့မှာ မူလအရေပြားအရောင်၏ ၉၀ ရာခိုင်နှုန်းကို ပြန်လည်ရရှိခဲ့ကြကြောင်း သိရသည်။

Upadacitinib ဆေးသည် ကျန်းမာရေး ကောင်းမွန်သော အရေပြားဆဲလ်များကို လူ့ခုခံအားစနစ်က တိုက်ခိုက်မှုကို လျှော့ချပေးနိုင်ဖွယ်ရှိကြောင်း အမေရိကန် သုတေသနပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



# စပေ့အိတ်ကုမ္ပဏီက စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တု ၂၇ စင်းကို အောင်မြင်စွာလွှတ်တင်ခဲ့



**ဝါရှင်တန် ဩဂုတ် ၂၅**

အမေရိကန်နိုင်ငံအခြေစိုက် စပေ့အိတ်ကုမ္ပဏီသည်စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၂၇ စင်းကို အောင်မြင်စွာလွှတ်တင်ခဲ့ကြောင်း ဩဂုတ် ၂၄ ရက် သတင်းများတွင်ရေးသားဖော်ပြထားသည်။

စတားလင့်ခ်ဂြိုဟ်တု ၂၇ စင်း သယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ကယ်လီဖိုးနီးယား ပြည်နယ် ဗင်ဒန်ဘာ့အာကာသ စခန်းမှတစ်ဆင့် ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး ၆၂ မိနစ်ခန့် အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံသည် စီစဉ်ထားသည့်အတိုင်း စတားလင့်ဂြိုဟ်တု ၂၇ စင်းကို သတ်မှတ် ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့သည်။

ဖယ်လ်ကွန်-၉ ဒုံးပျံ၏ပထမအဆင့်ပင်မကိုယ်ထည်ကမူ လွှတ်တင်ပြီး ၈ ဒသမ ၅ မိနစ်အကြာတွင် ပစိဖိတ်သမုဒ္ဒရာအတွင်း အသင့်စောင့်ဆိုင်းနေသော မောင်းသူမဲ့တွဲရေယာဉ်ပေါ်သို့ အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့သည်။


ဩဂုတ် ၂၃ ရက်မစ်ရှင်သည် စပေ့အိတ်ကုမ္ပဏီက ၂၀၂၆ ခုနှစ်အတွင်း လွှတ်တင်ခဲ့သည့် ၉၉ ကြိမ်မြောက် ဖယ်လ်ကွန်-၉ မစ်ရှင်ဖြစ်သည်။

အထက်ပါဖယ်လ်ကွန်-၉ မစ်ရှင်များအနက် ၇၆ ခုမှာ စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုကွန်ရက်အတွက် လွှတ်တင်ခဲ့သည့် မစ်ရှင်များဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

# ရုရှားက အဆင့်မြင့်မောင်းသူမဲ့လေယာဉ်များကို ထိန်းချုပ်နိုင်ရန် AI နည်းပညာသုံး Su-57D တိုက်လေယာဉ်တည်ဆောက်နေ



ရုရှားနိုင်ငံသည် အဆင့်မြင့် မောင်းသူမဲ့လေယာဉ်များကို ထိန်းချုပ်နိုင်ရေးအတွက် AI နည်းပညာသုံး Su-57D တိုက်လေယာဉ်ကို တည်ဆောက်နေကြောင်း Army Recognition သတင်းဌာနက ဩဂုတ် ၁၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

၎င်းအစီအစဉ်အရ Su-57D သည် စွမ်းဆောင်ရည်မြင့် တိုက်လေယာဉ်တစ်စင်းအဖြစ်သာမက ရှုပ်ထွေးသည့် လေကြောင်းစစ်ဆင်ရေးများတွင် လူပါလေယာဉ်များနှင့် မောင်းသူမဲ့လေယာဉ်များကို ပူးပေါင်းကွပ်ကဲနိုင်သည့် လေကြောင်းကွပ်ကဲရေး ပလက်ဖောင်းတစ်ခုဖြစ်လာနိုင်သည်။

Sukhoi ကုမ္ပဏီ၏ ဖော်ပြချက်အရ Su-57D သည် S-70 Okhotnik ကဲ့သို့ အလိုအလျောက် မောင်းသူမဲ့တိုက်ခိုက်ရေးလေယာဉ်များနှင့် အနာဂတ်မောင်းသူမဲ့လေယာဉ်အုပ်စုများကို ထိန်းချုပ်ရန် အသုံးပြုနိုင်မည်ဖြစ်ပြီး တိုက်ခိုက်ရေးဆိုင်ရာ AI နည်းပညာများကိုလည်း စမ်းသပ်အသုံးပြုရန် ရည်ရွယ်ထားသည်။ ၎င်းအခြေအနေသည် မောင်းသူပါလေယာဉ်၊ မောင်းသူမဲ့လေယာဉ်နှင့် အာရုံခံစနစ်များကို ကွန်ရက်တစ်ခုအတွင်းချိတ်ဆက်အသုံးပြုသည့် အနာဂတ်လေကြောင်း စစ်ဆင်ရေးပုံစံသို့ ပြောင်းလဲရန် ကြိုးပမ်းနေကြောင်း သိရသည်။

Sukhoi ကုမ္ပဏီ၏ ဒါရိုက်တာ Mikhail Strelets က Su-57D တွင် အသုံးပြုမည့်နည်းပညာများအနက် တိုက်ခိုက်ရေးအတွက် AI စနစ်ကို စမ်းသပ်မည်ဖြစ်ကြောင်း ပြောကြားထားသည်။ ထို့ကြောင့် Su-57D သည် ဒရုန်းများကို ထိန်းချုပ်သည့် လေယာဉ်တစ်စင်းအဖြစ်သာမက AI နည်းပညာများကို လက်တွေ့စမ်းသပ်ပြီး ပိုမိုတိုးတက်သည့်လေကြောင်း စမ်းသပ်ပလက်ဖောင်း တစ်ခုဖြစ်လာနိုင်သည်။

၎င်း AI စနစ်သည် စစ်ဆင်ရေးအတွင်း ရရှိလာသည့် အချက်အလက်များကို စုစည်းခြင်း၊ အရေးကြီးသည့် အချက်အလက်များကို ခွဲခြားခြင်း၊ ခြိမ်းခြောက်မှုများကို သုံးသပ်ခြင်းနှင့် မောင်းသူမဲ့လေယာဉ်များကို တာဝန်ခွဲဝေပေးရန် အကြံပြုခြင်းတို့တွင် လူသားတပ်ဖွဲ့ဝင်များကို အကူအညီပေးနိုင်မည်ဟု သုံးသပ်နိုင်သည်။ ထိုသို့ဖြင့် လူသားများက အဓိကကွပ်ကဲမှုနှင့် ဆုံးဖြတ်ချက်များကို ဆက်လက်တာဝန်ယူနေစဉ် AI က ရှုပ်ထွေးသည့်စစ်ဆင်ရေးအချက်အလက်များကို စီမံပေးသည့် အကူအညီပေးစနစ်တစ်ခုအဖြစ် ပါဝင်လာနိုင်သည်။ သို့သော် Su-57D ၏ AI စနစ်သည် လက်တွေ့အသုံးပြုနိုင်သည့် အဆင့်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း အတည်ပြုထားခြင်းမရှိသေးပေ။

Su-57D ၏ ထိုင်ခုံနှစ်နေရာပါ ဖွဲ့စည်းပုံသည်လည်း မောင်းသူပါနှင့် မောင်းသူမဲ့လေယာဉ်များ ပူးပေါင်းအသုံးပြုရာတွင် အရေးပါလာနိုင်သည်။ လေယာဉ်မှူးတစ်ဦးက Su-57D ၏ ပျံသန်းမှုနှင့် အဓိကတိုက်ခိုက်ရေးတာဝန်ကို အာရုံစိုက်နေချိန်တွင် အခြားတစ်ဦးက မောင်းသူမဲ့ လေယာဉ်အုပ်စုများကို စောင့်ကြည့်ထိန်းချုပ်နိုင်မည်ဖြစ်သည်။ အထူးသဖြင့် မောင်းသူမဲ့လေယာဉ်အများအပြားကို တစ်ပြိုင်နက် အသုံးပြုရမည့်အခြေအနေတွင် AI အကူအညီဖြင့် အချက်အလက်များကို စီမံခန့်ခွဲခြင်းနှင့် တာဝန်ခွဲဝေခြင်းတို့က လူသားကွပ်ကဲသူ၏ လုပ်ငန်းတာဝန်ကို လျှော့ချပေးနိုင်သည်။

မောင်းသူမဲ့လေယာဉ်များသည် အာရုံခံစနစ်မှ ရရှိသည့်အချက်အလက်များကို အချင်းချင်းမျှဝေခြင်း၊ စောင့်ကြည့်ရမည့်နယ်မြေများကို ခွဲဝေခြင်းနှင့် အခြေအနေပြောင်းလဲလာပါက တာဝန်များကို ပြောင်းလဲဆောင်ရွက်ခြင်းတို့ ပြုလုပ်ရမည်ဖြစ်သည်။ ထိုအခြေအနေတွင် လူတစ်ဦးက ဒရုန်းတစ်စင်းချင်းစီကို ကိုယ်တိုင်ထိန်းချုပ်ရန်မလိုဘဲ AI အကူအညီဖြင့် ဒရုန်းအုပ်စုတစ်ခုလုံးကို စောင့်ကြည့်ကွပ်ကဲနိုင်မည် ဖြစ်ကြောင်း သိရသည်။

**Su-57D's Combat AI Program Shows How Russia Envisions Warfare Beyond Fifth-Generation Fighters. ကို ဘာသာပြန်ဆိုထားပါသည်။**

# အမေရိကန်မရိန်းတပ်ဖွဲ့က အင်ဒို-ပစိဖိတ်ဒေသတွင် လေကြောင်းရန်ကာကွယ်ရေးနှင့် ပစ်ခတ်မှုစနစ်များ ချိတ်ဆက်အသုံးပြုနိုင်ရေး G/ATOR ရေဒါ စမ်းသပ်

အမေရိကန်မရိန်းတပ်ဖွဲ့သည် အင်ဒို-ပစိဖိတ်ဒေသတွင် လေကြောင်းရန်ကာကွယ်ရေးနှင့် ပစ်ခတ်မှုစနစ်များကို ပေါင်းစပ်အသုံးပြုနိုင်ရန်အတွက် AN/TPS-80 Ground/Air Task-Oriented Radar (G/ATOR) ရေဒါစနစ်၏ ရွှေ့လျားစစ်ကစားနိုင်မှုကို ဖိလစ်ပိုင်နိုင်ငံ၌ စမ်းသပ်ခဲ့ကြောင်း Army Recognition သတင်းဌာနက ဩဂုတ် ၂၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

စမ်းသပ်မှု၏ အဓိကရည်ရွယ်ချက်မှာ G/ATOR ရေဒါကို တစ်နေရာမှတစ်နေရာသို့လျင်မြန်စွာရွှေ့ပြောင်းနိုင်ခြင်း၊ အချိန်တိုအတွင်း ပြန်လည်နေရာချထားနိုင်ခြင်းနှင့် တပ်ဖွဲ့များ ဖြန့်ခွဲနေရာယူထားသည့် အခြေအနေတွင် လေကြောင်းစောင့်ကြည့်မှုကို ပြန်လည်တည်ဆောက်နိုင်ခြင်း ရှိ၊ မရှိ စစ်ဆေးရန်ဖြစ်သည်။

၎င်းလေ့ကျင့်မှုသည် ဖိလစ်ပိုင်မရိန်းတပ်ဖွဲ့နှင့်ဆက်စပ်သည့်ပူးပေါင်းလေ့ကျင့်မှုများ၏ တစ်စိတ်တစ်ပိုင်းဖြစ်ပြီး အမေရိကန်နှင့် ဖိလစ်ပိုင်တပ်ဖွဲ့များကြား ပစ်ခတ်တိုက်ခိုက်ရေးစနစ်များ၊ ကွပ်ကဲမှုနှင့် ထိန်းချုပ်မှုစနစ်များ၊ ပင်လယ်ရေကြောင်းအခြေအနေစောင့်ကြည့်မှုနှင့် မောင်းသူမဲ့စနစ်များဆိုင်ရာ စွမ်းရည်များကို ပေါင်းစပ်အသုံးပြုနိုင်ရန်ဖြစ်သည်။

AN/TPS-80 G/ATOR ရေဒါသည် အမေရိကန်မရိန်းတပ်ဖွဲ့အတွက် တည်ဆောက်ထားသည့် အလယ်အလတ်အကွာအဝေးဘက်စုံသုံး ရွှေ့လျားရေဒါစနစ်ဖြစ်ပြီး ၃၆၀ ဒီဂရီပတ်လည် လေကြောင်း စောင့်ကြည့်နိုင်စွမ်းရှိသည်။ အဆိုပါရေဒါသည် လေကြောင်းစောင့်ကြည့်ခြင်း၊ လေကြောင်းနှင့် ဒုံးကျည်ရန်ကာကွယ်ရေး၊ ပစ်ခတ်တိုက်ခိုက်ရေးအတွက် အချက်အလက်ပေးပို့ခြင်းနှင့် တန်ပြန်ပစ်ခတ်ရေးဆိုင်ရာ ပစ်မှတ်ရှာဖွေခြင်းများကို တစ်ပြိုင်နက်တည်း ဆောင်ရွက်နိုင်ရန် ဒီဇိုင်းပြုလုပ်ထားကြောင်း သိရသည်။

G/ATOR ရေဒါသည် မောင်းသူပါလေယာဉ်များသာမက မောင်းသူမဲ့လေယာဉ်များ၊ ခရုစ်ဒုံးကျည်များ၊ ပေါက်ကွဲအားမြင့်ဒုံးကျည်များနှင့် အသံထက်မြန်သောဒုံးကျည်ခြိမ်းခြောက်မှုများကိုပါ ရှာဖွေ၊ ခွဲခြားသတ်မှတ်ပြီး ခြေရာခံနိုင်သည်။ ရေဒါမှရရှိသည့် ပစ်မှတ်အချက်အလက်များကို လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်များနှင့် ကွပ်ကဲမှု၊ ထိန်းချုပ်မှုကွန်ရက်များထံ ပေးပို့နိုင်သဖြင့် သီးခြားရေဒါတစ်ခုအဖြစ်သာမက ပစ်မှတ်ရှာဖွေခြင်းမှ လက်နက်စနစ်ဖြင့် တိုက်ခိုက်ခြင်းထိပါဝင်သည့် တိုက်ပွဲလုပ်ငန်းစဉ်၏ အရေးပါသည့် အစိတ်အပိုင်းတစ်ရပ်အဖြစ် အသုံးပြုနိုင်သည်။

ထို့ပြင် G/ATOR ရေဒါသည် မြေပြင်တိုက်ပွဲများအတွက်လည်း အသုံးဝင်ပြီး



ရန်သူဘက်မှ ပစ်လွှတ်သည့် ဒုံးကျည်၊ အမြောက်ကျည်နှင့် မော်တာကျည်များ၏ လမ်းကြောင်းများကို ခြေရာခံကာ ပစ်ခတ်လာသည့်နေရာကို ခန့်မှန်းဖော်ထုတ်နိုင်သည့် စွမ်းရည်လည်းရှိသည်။ ထို့ကြောင့် ရေဒါတစ်စင်းတည်းဖြင့် လေကြောင်းရန်ကာကွယ်ရေးနှင့် မြေပြင်ပစ်ခတ်မှုဆိုင်ရာ တာဝန်များကို ပေါင်းစပ်ဆောင်ရွက်နိုင်မည့် ဘက်စုံသုံးအာရုံခံစနစ်တစ်ရပ်ဖြစ်လာသည်။

G/ATOR ရေဒါသည် အမေရိကန်မရိန်းတပ်ဖွဲ့၏ Command and Control နှင့် Fires Network များနှင့် ချိတ်ဆက်အသုံးပြုနိုင်သည်။ ရေဒါတစ်စင်းမှ ရရှိသည့် ပစ်မှတ်အချက်အလက်များကို အခြားလေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့များ၊ အမြောက်တပ်ဖွဲ့များနှင့် ကွပ်ကဲမှုဌာနများထံ မျှဝေပေးပို့နိုင်ခြင်းကြောင့် တပ်ဖွဲ့တစ်ဖွဲ့ချင်းစီက သီးခြားလုပ်ဆောင်ခြင်းထက် တစ်ခုတည်းသော အခြေအနေမြင်ကွင်းအပေါ်အခြေခံ၍ ပစ်ခတ်မှုနှင့် ကွပ်ကဲမှုလုပ်ငန်းများကို ပေါင်းစပ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။

**U.S. Marines Test AN/TPS-80 G/ATOR Air Defense Radar for Indo-Pacific Fires Integration ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ကနေဒါနိုင်ငံ ကိုကွင်ဟယ်လာဒေသတွင် တောမီးလောင်ကျွမ်းမှု ထိန်းချုပ်နိုင်ပြီဖြစ်သဖြင့် ဘေးလွတ်ရာရွှေ့ပြောင်းမိန့် ပြန်လည်ရုပ်သိမ်း



**အော့တဝါ ဩဂုတ် ၂၅**

ကနေဒါနိုင်ငံ ဗြိတိသျှကိုလံဘီယာပြည်နယ် ကိုကွင်ဟယ်လာဒေသတွင် တောမီးလောင်ကျွမ်းမှုဖြစ်ပေါ်နေပြီး တောမီးသည် နေအိမ်များဆီသို့ ကူးစက်နိုင်သည့် အခြေအနေကြောင့် ဘေးလွတ်ရာရွှေ့ပြောင်းရန် သတိပေးချက်ထုတ်ပြန်ခဲ့သော်လည်း ဩဂုတ် ၂၄ ရက်တွင် တောမီးကို စတင်ထိန်းချုပ်နိုင်ခဲ့ပြီဖြစ်သဖြင့် ယနေ့တွင် တောမီးအန္တရာယ် သတိပေးချက်ကို ပြန်လည်ရုပ်သိမ်းခဲ့သကဲ့သို့ ဘေးလွတ်ရာ ရွှေ့ပြောင်းမိန့်ကိုလည်း ပြန်လည်ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း ကနေဒါသဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဌာနက ထုတ်ပြန်ခဲ့သည်။

သို့သော်လည်း တောမီးမှာ နေရာတချို့တွင် လောင်ကျွမ်းနေဆဲဖြစ်ပြီး အဆိုပါနေရာများကို ယာယီပိတ်ထားကြောင်း ဗြိတိသျှကိုလံဘီယာ ပြည်နယ်အာဏာပိုင် အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"ကိုကွင်ဟယ်လာဒေသမှာ တောမီးလောင်ကျွမ်းမှုဖြစ်နေတာ ရက်သတ္တပတ်ကျော်ကြာမြင့်နေပြီဖြစ်ပါတယ်။ တောမီးဟာ နေအိမ်တွေဆီကို လောင်ကျွမ်းနိုင်တဲ့အတွက် ဘေးလွတ်ရာရွှေ့ပြောင်းမိန့်ထုတ်ပြန်ခဲ့ရသလို အရေးပေါ်အဆင့်လဲ သတ်မှတ်ခဲ့ရတယ်။ ဒါပေမဲ့ မီးသတ်တပ်ဖွဲ့ဝင်တွေရဲ့ ကြိုးစားပေးမှုကြောင့် တောမီးကို စတင်ထိန်းချုပ်လာနိုင်ပြီ ဖြစ်ပါတယ်။ ဒီနေ့ကနေစတင်ပြီးတော့ ဘေးလွတ်ရာ ရွှေ့ပြောင်းမိန့်ကို ရုပ်သိမ်းလိုက်ကြောင်း ကြေညာချက်ထုတ်ပြန်လိုက်ပြီဖြစ်ပါတယ်" ဟု ကနေဒါသဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဌာနမှ တာဝန်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# ပြင်သစ်နိုင်ငံ အူဒီဒေသတွင် လေဆင်နှာမောင်း တိုက်ခတ်မှုကြောင့် ဒေသခံ ၂၆ ဦးထက်မနည်း ထိခိုက်ဒဏ်ရာရရှိ

**ပဲရစ် ဩဂုတ် ၂၅**

ပြင်သစ်နိုင်ငံ အူဒီဒေသတွင် ဩဂုတ် ၂၄ ရက်က အားကောင်းသည့်လေဆင်နှာမောင်းတိုက်ခတ်မှုဖြစ်ပေါ်ခဲ့ပြီး နေအိမ်တချို့ပျက်စီးကာ ဒေသခံ ၂၆ ဦးထက်မနည်း ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း ပြင်သစ် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

လေဆင်နှာမောင်းသည် တစ်နာရီလျှင် ၁၁၇ ကီလိုမီတာနှုန်းဖြင့် တိုက်ခတ်ခဲ့ခြင်းဖြစ်ပြီး ပျက်စီးခဲ့သည့်နေအိမ်များမှာ ရာနှုန်းပြည့် ပျက်စီးခဲ့ကြောင်း၊ ပျက်စီးခဲ့သည့်နေအိမ်များအတွင်းမှ ဒေသခံများ ထိခိုက်ဒဏ်ရာ ရရှိခဲ့ခြင်းဖြစ်ပြီး ဒဏ်ရာအခြေအနေမှာ စိုးရိမ်စရာမရှိကြောင်း၊ ပျက်စီးခဲ့သည့်နေအိမ်အရေအတွက်ကို စိစစ်နေဆဲဖြစ်ပြီး အခြေအနေတည်ငြိမ်သွားပါက ရှင်းလင်းရေးလုပ်ငန်းများဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း အူဒီ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"အူဒီဒေသမှာ အားကောင်းတဲ့ လေဆင်နှာမောင်း တိုက်ခတ်ခဲ့ပါတယ်။ လေဆင်နှာမောင်းဟာ တစ်နာရီကို ၁၁၇ ကီလိုမီတာနှုန်းနဲ့ တိုက်ခတ်ခဲ့တာပါ။ နေအိမ်တော်တော်များများ ပျက်စီးခဲ့တယ်။ အချို့နေအိမ်တွေဟာ ရာနှုန်းပြည့် ပျက်စီးခဲ့တာပါ။ ထိခိုက်ဒဏ်ရာရရှိသူ ၂၆ ယောက်ရှိပါတယ်။ လိုအပ်တဲ့ဆေးကုသမှုတွေ ပြုလုပ်ပေးနေပါတယ်။ ဒဏ်ရာအခြေအနေတွေကတော့ စိုးရိမ်စရာမရှိပါဘူး။ အသေးစားဒဏ်ရာရရှိမှုမျိုးပဲ ဖြစ်ပါတယ်။ ပျက်စီးခဲ့တဲ့ အပျက်အစီးပမာဏကိုတော့ စိစစ်နေဆဲဖြစ်ပါတယ်" ဟု ပြင်သစ်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အဖွဲ့အစည်းမှ တာဝန်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

# တရုတ်(တိုင်ပေ)တောင်ပိုင်းနှင့် အရှေ့ပိုင်းတို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လူလေးဦး ပျောက်ဆုံးနေ

**ပေကျင်း ဩဂုတ် ၂၅**

တရုတ်(တိုင်ပေ) တောင်ပိုင်းနှင့် အရှေ့ပိုင်းဒေသများတွင် တိုင်ဖွန်းမုန်တိုင်းကြောင့် မိုးသည်းထန်စွာရွာသွန်းခဲ့ရာ လူလေးဦး ပျောက်ဆုံးနေကြောင်း ယနေ့သတင်းများအရ သိရသည်။

တရုတ်(တိုင်ပေ)ရှိ လူဦးရေလေးသန်းကျော် နေထိုင်သည့် ကောင်းရှောင်နှင့် ထိုင်နန်မြို့တို့တွင် တိုင်ဖွန်းမုန်တိုင်းကြောင့် မိုးသည်းထန်စွာရွာသွန်းခဲ့ရာ ရုံးများနှင့်ကျောင်းများကို ပိတ်ထားရန် ဒေသန္တရအစိုးရများက အမိန့်ထုတ်ပြန်ခဲ့ပြီး ဖင်းတုံ၊ ကျားအီ၊ ထိုင်တုံ၊ ဟွာလျန်ခရိုင်တို့တွင်လည်း ရုံးများနှင့်ကျောင်းများကို ပိတ်ထားရန် အာဏာပိုင်များက အမိန့်ထုတ်ပြန်ခဲ့ကြောင်း သိရသည်။



ဒေသအာဏာပိုင်များက ငါးရက်တာ မိုးရွာသွန်းမှုကာလအတွင်း မိုးရေချိန် စုစုပေါင်း ၁ ဒသမ ၃ မီတာကျော်ထိ ရှိကြောင်း၊ အမြန်ရထားဝန်ဆောင်မှုများကို ခေတ္တဖျက်သိမ်းကာ ရာသီဥတုဆိုးရွားလာပါက ဒေသတွင်း ရထားခရီးစဉ်များကိုလည်း ဖျက်သိမ်းနိုင်ကြောင်း သိရသည်။

တိုင်ဖွန်းသည် ဂျပန်နိုင်ငံတောင်ပိုင်းကျွန်းများကို ဖြတ်ကျော်ပြီးနောက် အရှိန်လျော့ကာ အလယ်အလတ် အင်အားရှိသော တိုင်ဖွန်းမုန်တိုင်းအဖြစ် တရုတ်(တိုင်ပေ)ကုန်းတွင်းပိုင်းသို့ ဝင်ရောက်လာခြင်းဖြစ်ကြောင်း ရာသီဥတုစီမံခန့်ခွဲရေးဌာနက ထုတ်ပြန်ခဲ့သည်။

Ref : Sputnik News

Trs : KZ

# အင်ဒိုနီးရှားနိုင်ငံ အရှေ့ပိုင်းတွင် ငလျင်ကြောင့် သေဆုံးသူ ဦးရေ ၁၀၀ ထိရှိလာ

**ဂျကာတာ ဩဂုတ် ၂၅**

အင်ဒိုနီးရှားနိုင်ငံ အရှေ့ပိုင်းတွင် ဩဂုတ် ၁၅ ရက်က လှုပ်ခတ်ခဲ့သည့်ငလျင်ကြောင့် သေဆုံးသူ အရေအတွက်သည် ယနေ့တွင် ဦးရေ ၁၀၀ ထိ မြင့်တက်လာကြောင်း သဘာဝဘေးအန္တရာယ် အေဂျင်စီ အကြီးအကဲ ဆူဟာရီယာတိုက ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံ အရှေ့ နူဆာတန်ဂါရာပြည်နယ်တွင် ဩဂုတ် ၁၅ ရက်က ပြင်းအား ၇ ဒသမ ၇ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်ခဲ့ပြီးနောက် နောက်ဆက်တွဲငလျင်ထောင်ပေါင်းများစွာ လှုပ်ခတ်ခဲ့သဖြင့် ယနေ့တွင် အိမ်ခြေ ၇၃၀၀၀ ကျော် ပျက်စီးခဲ့ပြီး လူဦးရေ ၁၈၀၀၀၀ ခန့်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း သိရသည်။

သေဆုံးသူ ဦးရေ ၁၀၀ ထိ မြင့်တက်လာပြီး လူဦးရေ ၁၆၀၀ ကျော် ထိခိုက်ဒဏ်ရာပြင်းထန်မှုကြောင့် ဆေးရုံတက်ရောက်ကုသမှု ခံယူခဲ့ရကြောင်း၊ အာဏာပိုင်များသည် ရဟတ်ယာဉ်များ၊ ထရပ်ကားများနှင့် မော်တော်ဆိုင်ကယ်များကို အသုံးပြု၍ ငလျင်ဘေးသင့်ပြည်သူများကို အကူအညီများဖြန့်ဝေပေးနေကြောင်း သိရသည်။

လူဦးရေ သန်း ၂၇၀ ခန့်ရှိသည့် အင်ဒိုနီးရှားကျွန်းစုနိုင်ငံသည် ပစိဖိတ်မီးကွင်းပေါ်တွင် တည်ရှိသဖြင့် ငလျင်လှုပ်ခတ်မှုနှင့် မီးတောင်ပေါက်ကွဲမှုများ မကြာခဏဖြစ်ပွားလေ့ရှိကြောင်း သိရသည်။

Ref : Russia Today

Trs : KZ



# ဖင်လန်နိုင်ငံတွင် လေထုညစ်ညမ်းမှုဖြစ်ပေါ်နေပြီး ကျန်းမာရေးလုံခြုံမှုကို ခြိမ်းခြောက်နေကြောင်း သတိပေးချက်ထုတ်ပြန်

**ဟယ်လ်ဆင်ကီး ဩဂုတ် ၂၅**

ဖင်လန်နိုင်ငံတွင် လေထုညစ်ညမ်းမှုဖြစ်ပေါ်နေပြီး လေထုညစ်ညမ်းမှုပမာဏမှာ ကျန်းမာရေးလုံခြုံမှုကို ထိခိုက်စေနိုင်သည့် အဆင့်ဖြစ်ကြောင်း ဖင်လန်မိုးလေဝသအင်စတီကျု(FMI)က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

လေထုညစ်ညမ်းမှု ဖြစ်ပေါ်မှုသည် ကာလရှည်ကြာသွားနိုင်ပြီး ဆိုက်ဘေးဒီးယားဒေသ တောမီးလောင်ကျွမ်းမှုမှ ထွက်ပေါ်လာသည့် မီးခိုးငွေ့များကြောင့် လေထုညစ်ညမ်းမှုဖြစ်ပေါ်နေခြင်းဖြစ်ကာ လေထုညစ်ညမ်းမှုလျော့ကျရေးမှာလည်း ဆိုက်ဘေးဒီးယားတောမီးကို ထိန်းချုပ်နိုင်မှုအပေါ်မူတည်နေကြောင်း၊ လေထုညစ်ညမ်းမှုသည် ဖင်လန်နိုင်ငံ အနောက်ဘက်ပိုင်းနှင့် တောင်ဘက်ပိုင်းဒေသတို့တွင် လေထုညစ်ညမ်းမှု ပြဿနာဖြင့် အဓိက ရင်ဆိုင်နေရခြင်းဖြစ်ပြီး မီးခိုးငွေ့များကြောင့်လည်း မြင်ကွင်းမရှင်းဖြစ်နေပြီး မီးခိုးငွေ့များ ဆိုးရွားစွာဖုံးလွှမ်းနေသည့် ဧရိယာများ၌ မော်တော်ယာဉ်များဖြင့် ဖြတ်သန်းသွားလာခြင်းကို တားမြစ်ထားကြောင်း ဖင်လန်မိုးလေဝသအင်စတီကျု(FMI)က ထုတ်ပြန်ခဲ့သည်။

"ဖင်လန်နိုင်ငံ အနောက်ဘက်ပိုင်းနဲ့ တောင်ဘက်ပိုင်းတို့မှာ လေထုညစ်ညမ်းမှုတွေဖြစ်ပေါ်နေပါတယ်။ လေထုညစ်ညမ်းမှုဟာ ဆိုက်ဘေးဒီးယားတောမီးလောင်ကျွမ်းမှုကနေ ထွက်ပေါ်လာတဲ့ မီးခိုးငွေ့တွေကြောင့် ဖြစ်ပေါ်နေတာဖြစ်ပါတယ်။ လေထုညစ်ညမ်းမှုပမာဏဟာ ကျန်းမာရေးလုံခြုံမှုကို ထိခိုက်စေနိုင်တဲ့အဆင့်ဖြစ်ပါတယ်။ အဓိကကတော့ ဆိုက်ဘေးဒီးယားတောမီး လောင်ကျွမ်းမှုအခြေအနေပေါ် မူတည်နေပါတယ်။ တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်မယ်ဆိုရင်တော့ လေထုညစ်ညမ်းမှုပမာဏ လျော့ကျလာမှာပါ။ နေရာတချို့မှာတော့ မီးခိုးငွေ့တွေ ဖုံးလွှမ်းနေတာဟာ မြင်ကွင်းမရှင်းတဲ့ထိ ဖြစ်နေတယ်"ဟု ဖင်လန်မိုးလေဝသအင်စတီကျု(FMI) မှ သုတေသီတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

# ဈေးကွက်သေချာဝင်ငွေတိုး ပဲပုပ်သီးနှံ တိုးချဲ့စိုက်ပျိုး

စိုးမိုးဝင်း(စိုက်ပျိုးရေး)

မြန်မာနိုင်ငံတွင် သီးနှံမျိုးစုံဖြစ်ထွန်းလျက်ရှိရာ ပဲမျိုးစုံသီးနှံသည် လူတို့အတွက် အစားအစာနှင့် ကျွဲနွားတိရစ္ဆာန်စာတို့ကို ထောက်ပံ့ပေးနိုင်ရုံသာမက သစ်ပင်များအတွက် အာဟာရဓာတ်ဖြစ်သော နိုက်ထရိုဂျင်ဓာတ်ကိုပါ ဖြည့်ဆည်းပေးနိုင်သောကြောင့် အလွန်အရေးပါသော သီးနှံများဖြစ်သည်။ ပဲမျိုးစုံအနက်မှ ပဲပုပ်သည် အစေ့ကိုစားသုံးနိုင်သကဲ့သို့ ဆီကြိတ်၍လည်း စားသုံးနိုင်သည့်အတွက် ထူးခြားသောသီးနှံတစ်မျိုးဖြစ်သည်။

ကမ္ဘာ့ပဲပုပ်ထုတ်လုပ်မှုတွင် ဘရာဇီးနှင့် အမေရိကန်နိုင်ငံတို့သည် ကမ္ဘာ့ထွက်ကုန်၏ ၆၅ ရာခိုင်နှုန်းကျော်ကို လွှမ်းမိုးထား၍ ဘရာဇီးနိုင်ငံသည် ကမ္ဘာ့နံပတ်တစ် ပဲပုပ်ထုတ်လုပ်သော နိုင်ငံဖြစ်ပြီး နှစ်စဉ်တန်ချိန် သန်း ၁၈၀ ခန့်ထွက်ရှိနေသည်။ အမေရိကန်နိုင်ငံသည် ဒုတိယအများဆုံးဖြစ်ပြီး အာဂျင်တီးနား၊ တရုတ်နှင့် အိန္ဒိယနိုင်ငံတို့သည် အစဉ်လိုက်ရပ်တည်နေကြသည်။

ကမ္ဘာပေါ်တွင် စားအုန်းဆီပြီးလျှင် ပဲပုပ်ဆီသည် ဒုတိယအသုံးအများဆုံး စားသုံးဆီဖြစ်သည်။ တရုတ်၊ အမေရိကန်၊ ဘရာဇီးနှင့် အာဂျင်တီးနားနိုင်ငံတို့သည် ကမ္ဘာ့အကြီးဆုံး ပဲပုပ်ဆီထုတ်လုပ်သည့်နိုင်ငံများဖြစ်ကြသည်။ မြန်မာနိုင်ငံတွင် ပဲပုပ်ဆီကို အသေးစားစက်များဖြင့် ကြိတ်ခွဲ၍ထုတ်လုပ်ပြီး အနည်းငယ်သာထွက်ရှိသဖြင့် အခြားဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာတို့နှင့်နှိုင်းယှဉ်လျှင် ပဲပုပ်ဆီထုတ်လုပ်မှုကဏ္ဍသည် ဖွံ့ဖြိုးမှု နောက်ကျနေဆဲဖြစ်သည်။

အရှေ့တောင်အာရှတွင်မူ ပဲပုပ်သည် အလွန်အရေးပါသော သီးနှံဖြစ်သော်လည်း ပြည်တွင်းစိုက်ပျိုးထုတ်လုပ်မှု အလွန်နည်းခြင်းနှင့် အထွက်နှုန်းနည်းခြင်းတို့ကြောင့် ပြည်ပသွင်းကုန်အပေါ်တွင် မှီခိုနေရသည်။ အာဆီယံဒေသများတွင် ဆန်စပါးနှင့်ပြောင်းကို အဓိကအသားပေး စိုက်ပျိုးကြပြီး ပဲပုပ်ကို အင်ဒိုနီးရှားနှင့် ထိုင်းနိုင်ငံတို့တွင်သာ အနည်းငယ် ပိုမိုစိုက်ပျိုးကြသည်။ ကမ္ဘာနှင့် အရှေ့တောင်အာရှတွင် ပဲပုပ်ဝယ်လိုအား အလွန်မြင့်မားနေသောကြောင့် မြန်မာတောင်သူများအတွက် ပဲပုပ်ကို တိုးချဲ့စိုက်ပျိုးရန် အလားအလာရှိသော အခွင့်အလမ်းများရှိနေသည်။

**ပဲပုပ်ဈေးကွက်**

မြန်မာနိုင်ငံ၏ လယ်ယာသီးနှံဈေးကွက်တွင် မတ်ပဲနှင့် ပဲစင်းငုံတို့သည် ပြည်ပပို့ကုန်ဖြစ်သည့်အတွက် အိန္ဒိယဈေးကွက်အပေါ် မှီခိုနေသဖြင့် ဈေးနှုန်းအလွန်မြင့်မားတတ်ပြီး ပဲပုပ်မှာမူ ပြည်တွင်းစားသုံးမှုနှင့် မွေးမြူရေးအစာထုတ်လုပ်ရန် ပဲဖတ်ဝယ်လိုအားအပေါ် အခြေခံနေသဖြင့် တည်ငြိမ်သောဈေးကွက်တစ်ခုတွင် ရပ်တည်နေသည်။ ပြည်တွင်းကုန်စည်ဒိုင်များ၏ ၂၀၂၆ ခုနှစ် ပေါက်ဈေးများအရ ပဲပုပ် (ဗမာ၊ရှမ်း) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၄၀၀၀၀၀ ခန့်ရှိသည်။ ထို့ကြောင့် တစ်တင်းလျှင် ငွေကျပ် ၁၃၃၀၀၀ ခန့်ရှိသည်။

မတ်ပဲနှင့် ပဲစင်းငုံတို့သည် တင်းဈေးအရ တွက်ခြေကိုက်သော်လည်း ပြည်ပဝယ်လိုအားနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်းအပေါ်မူတည်၍ ဈေးနှုန်းအတက်အကျ အလွန်ကြမ်းတတ်သည်။ ပဲပုပ်သည် သုံးတင်းတစ်အိတ်လျှင် ငွေကျပ် လေးသိန်းခန့်ထိ ခိုင်မာသောဈေးကွက်ရှိနေပြီး ပြည်တွင်း၌ မွေးမြူရေးအစာလိုအပ်ချက် အမြဲရှိနေခြင်းကြောင့် ဈေးကွက်ပျက်သွားနိုင်ခြေ အလွန်နည်းပါးသော စိုက်ပျိုးသင့်သည့် အာမခံချက်ရှိသီးနှံဖြစ်သည်။

မြန်မာနိုင်ငံတွင် ပဲပုပ်ကို ဆီထုတ်လုပ်ခြင်း၊ ပဲနို့၊ ပဲပုပ်ပြားနှင့် တိရစ္ဆာန်အစာ ထုတ်လုပ်ခြင်း တို့အတွက် မရှိမဖြစ်အသုံးပြုကြသဖြင့် ပြည်တွင်း



ဈေးကွက်သည်ခိုင်မာလှသည်။ အိမ်နီးချင်းနိုင်ငံများအပါအဝင် ဒေသတွင်းနိုင်ငံများနှင့် ကြီးမားသောတရုတ်နိုင်ငံဈေးကွက်သို့ သဘာဝအတိုင်း စိုက်ပျိုးထားသော ပဲပုပ်စေ့များကို တင်ပို့လျက်ရှိသည်။ ထို့ကြောင့် ပဲပုပ်သည် ပြည်တွင်း၊ ပြည်ပ ဈေးကွက်ခိုင်မာသည်။

**ပဲပုပ်မှအကျိုးအမြတ်**

မြန်မာနိုင်ငံတွင် ပဲပုပ်ကို ဒေသအလိုက် စိုက်ပျိုးမှုပုံစံအားဖြင့် ကုန်းမြင့်နှင့် မြေပြန့်ဟူ၍ ကွဲပြားသော်လည်း ပုံမှန်အတန်းလိုက် စနစ်တကျ စိုက်ပျိုးသည့် ခေတ်မီစိုက်ပျိုးနည်းစနစ်ကို အခြေခံ၍ စဉ်းစားလျှင် စိုက်ပျိုးစရိတ်အနေဖြင့် တစ်ဧကအတွက် မျိုးစေ့၊ မြေဩဇာ၊ ပိုးသတ်ဆေး စသည့် သွင်းအားစုများ၊ ထွန်ယက်ခြင်း၊ ပေါင်းသင်ခြင်း၊ ရိတ်သိမ်းခြွေလှေ့ခြင်း စသည့်လုပ်အားခစရိတ်များ အပါအဝင် စုစုပေါင်းတစ်ဧကလျှင် ငွေကျပ် ၇၅၀၀၀၀ ကုန်ကျနိုင်သည်။ ပဲပုပ်တစ်ဧကမှာ တင်း ၂၀ ထွက်လျှင် ငွေကျပ် ၂၆၆၀၀၀၀ ရရှိနိုင် သည်။ ထို့ကြောင့် တစ်ဧကမှ အသားတင်အမြတ် အနေဖြင့် ငွေကျပ် ၁၉၁၀၀၀၀ ရရှိနိုင်သည်။

ပဲပုပ်တစ်ဧကလျှင် စရိတ်ငွေကျပ် ခုနစ်သိန်းခွဲခန့်ရင်းနှီးရပြီး ပြန်လည်ရရှိမည့်အသားတင်အမြတ်မှာ ငွေကျပ် ၁၉ သိန်းခန့်ရှိသဖြင့် အရင်းအနှီးထက် သုံးဆနီးပါး ပြန်လည်အမြတ်အစွန်းရရှိနိုင်သော တွက်ခြေကိုက်သည့်သီးနှံဖြစ်သည်။ တောင်သူများအနေဖြင့် ရိုးရာမျိုးစေ့များအစား ရေဆင်း-၁၄ သို့မဟုတ် ရေဆင်း-၁၅ ကဲ့သို့သော အထွက်ကောင်းမျိုးစေ့များကို ပြောင်းလဲစိုက်ပျိုးပြီး စနစ်တကျပြုစုနိုင်ပါက တစ်ဧကလျှင် ၂၅ တင်းမှ တင်း ၃၀ ထိ ထွက်ရှိနိုင်သဖြင့် အသားတင်အမြတ်ငွေကျပ် ၂၅ သိန်းကျော်ထိ ရရှိနိုင်သည်။

ထို့ပြင် ပဲပုပ်စိုက်ပျိုးခြင်းကြောင့် မြေဆီလွှာတွင် နိုက်ထရိုဂျင်ဓာတ်ကို သဘာဝအတိုင်း ဖြည့်တင်းပေးသဖြင့် နောက်သီးနှံစိုက်ပျိုးရာသီတွင် စပါး သို့မဟုတ် အခြားသီးနှံများစိုက်ပျိုးပါက ဓာတ်မြေဩဇာသုံးစွဲရမှုကိုလျှော့ချပေးနိုင်သဖြင့် မမြင်ရသော အကျိုးအမြတ်ဖြစ်သည့် မြေဆီလွှာကို နိုက်ထရိုဂျင် ဖြည့်ဆည်းမှုလည်းရှိပါသည်။

**ပဲပုပ်တိုးချဲ့စိုက်ပျိုးနည်း**

ပဲပုပ်ကို တိုးချဲ့စိုက်ပျိုးရန်အတွက် စိုက်ဧရိယာ တိုးချဲ့ခြင်း၊ သီးထပ်စိုက်ခြင်း၊ သီးညှပ်စိုက်ခြင်းများဖြင့် ဆောင်ရွက်နိုင်သည်။ ပဲပုပ်ကို နွေရာသီနှင့် မိုးရာသီနှစ်မျိုးစလုံးတွင် စိုက်ပျိုးနိုင်သည်။

ပဲပုပ်ကို စပါးသီးနှံအပြီး သီးထပ်စိုက်လေ့ရှိသည့် မတ်ပဲ၊ ပဲတီစိမ်းသီးနှံများတွင် အစားထိုးစိုက်ပျိုးနိုင်သည်။ အကယ်၍ စပါးအပြီး မည်သည့်သီးနှံမှ မစိုက်လျှင်လည်း ပဲပုပ်ကို စိုက်ပျိုးနိုင်သည်။ မိုးစပါးအပြီး သီးကြိုနှင့် သီးထပ်အဖြစ် စိုက်ပျိုးနိုင်သည်။ မြေတွင်းကျန်အစိုဓာတ်ဖြင့် ကောင်းမွန်စွာဖြစ်ထွန်းနိုင်သည့် မျိုးများကိုစိုက်ပျိုးရမည်။ ပဲပုပ်သည် သင့်တော်သည့်မျိုး၊ ကောင်းမွန်သောစိုက်စနစ်နှင့် စိုက်ပျိုးရေသေချာပါက စပါးအပြီး သီးထပ်စိုက်ပျိုးနိုင်သည်။

ပဲပုပ်ကို သမားရိုးကျနည်းအတိုင်း သီးသန့်စိုက်ပျိုးနိုင်သည့်အပြင် အခြားသီးနှံများနှင့် သီးညှပ်အဖြစ် ရာသီမရွေး စိုက်ပျိုးနိုင်သည်။ ပဲပုပ်သည် အခြားသီးနှံများနှင့် သီးညှပ်စိုက်ပျိုးရန် အကောင်းဆုံးသီးနှံဖြစ်သည်။ ပဲပုပ်သည် ၎င်းနှင့်တွဲဖက်စိုက်ပျိုးသည့် သီးနှံများ အနှောင့်အယှက်မဖြစ်ပေ။ ပဲပုပ်သည် မြစ်ဖုများမှ လေထဲရှိနိုက်ထရိုဂျင်ကို စုပ်ယူပြီး မြေတွင်းတွင် နိုက်ထရိုဂျင်ကို ဖြည့်ဆည်းပေးနိုင်သည်။ ထိုနိုက်ထရိုဂျင်သည် တွဲဖက်စိုက်သည့်သီးနှံအတွက်သာမက နောက်စိုက်မည့်သီးနှံအတွက်လည်း အကျိုးရှိစေသည်။ ပဲပုပ်သည် အရိပ်ကျရောက်မှုဒဏ်ကို ခံနိုင်ရည်ရှိသဖြင့် ၎င်းထက်ပိုမြင့်သောသီးနှံများနှင့်လည်း သီးညှပ်စိုက်ပျိုးနိုင်သည်။ ပဲပုပ်သည် သီးညှပ်စိုက်ပါက နိုက်ထရိုဂျင်အပါအဝင် အာဟာရဓာတ်ချို့တဲ့မှုနှင့် အစိုဓာတ်လျော့နည်းမှုတို့ကို ခံနိုင်ရည်ရှိသည်။ ထို့ကြောင့် ပဲပုပ်စိုက်ပျိုးရာတွင် ဖူးစားပြောင်း၊ နှံစားပြောင်း၊ နေကြာ၊ ကြံတို့နှင့် သီးညှပ်စိုက်ပျိုးနိုင်သည်။

ပဲပုပ်နှင့်ပြောင်းကို သီးညှပ်စိုက်ပျိုးလျှင် အပင်အမြင့်ချင်း မတူညီသဖြင့် နေရောင်ခြည်ကို အလုအယက်မဖြစ်ဘဲ မျှဝေယူနိုင်သည်။ ပြောင်းနှစ်တန်း၊ ပဲပုပ်နှစ်တန်းစနစ်ဖြင့် စိုက်ပျိုးနိုင်သည်။ နှံစားပြောင်းသည်လည်း ပဲပုပ်နှင့် သီးညှပ်စိုက်ပျိုးနိုင်ပြီး မြေဆီလွှာအာဟာရကို မျှတစွာစုပ်ယူနိုင်သည်။ နေကြာနှင့်ပဲပုပ် တွဲဖက်စိုက်ပျိုးခြင်းသည် ဆီထွက်သီးနှံကဏ္ဍအတွက် အလွန်ကောင်းမွန်သော အတွဲဖြစ်သည်။

ပဲပုပ်သည် ခိုင်မာသော ပြည်တွင်း၊ ပြည်ပဈေးကွက် အာမခံချက်ရှိနေသည့်အပြင် စိုက်ပျိုးစရိတ်ထက် သုံးဆနီးပါးထိ ဝင်ငွေတိုးပွားစေနိုင်သောကြောင့် တောင်သူများနှင့် လယ်ယာစီးပွားလုပ်ငန်းရှင်များအနေဖြင့် မဖြစ်မနေ တိုးချဲ့စိုက်ပျိုးသင့်သည့် သီးနှံတစ်မျိုးဖြစ်သည်။

လက်ရှိတွင် ကမ္ဘာ့ဈေးကွက်၌သာမက မြန်မာနိုင်ငံအတွင်း၌လည်း မွေးမြူရေးကဏ္ဍအတွက် ပဲပုပ်ဖတ်လိုအပ်ချက်နှင့် စားသုံးဆီဖူလုံရေးအတွက် ပဲပုပ်ဆီလိုအပ်ချက်မှာ နှစ်စဉ်မြင့်မားလျက်ရှိပြီး ပြည်ပမှ တင်သွင်းနေရဆဲဖြစ်သည်။ မိမိတို့နိုင်ငံတွင် တစ်ဧကလျှင် ပျမ်းမျှငွေကျပ် ၁၉ သိန်းခန့်ထိ အသားတင်အမြတ်ငွေရှာဖွေပေးနိုင်ပြီး ပြောင်း သို့မဟုတ် နေကြာတို့နှင့် သီးညှပ်စိုက်ပျိုးခြင်းဖြင့် မြေဆီလွှာကိုပါ သဘာဝအတိုင်း ထိန်းသိမ်းပေးနိုင်သည့် ပဲပုပ်သီးနှံသည် တောင်သူများအတွက် ဆုံးရှုံးနိုင်ခြေ အနည်းဆုံးနှင့် အမြတ်အစွန်းအများဆုံး ပေးစွမ်းနိုင်သောသီးနှံဖြစ်သည်။

ထို့ကြောင့် တောင်သူများအနေဖြင့် မိသားစုဝင်ငွေကို မြှင့်တင်နိုင်ရန်အတွက် အရည်အသွေးမြင့် ပဲပုပ်မျိုးစေ့များနှင့် ခေတ်မီစိုက်ပျိုးရေးနည်းစနစ်များကိုအသုံးချကာ ပဲပုပ်သီးနှံကို အရှိန်အဟုန်မြှင့် တိုးချဲ့စိုက်ပျိုးကြပါရန် တိုက်တွန်းအပ်ပါသည်။

**ကိုးကား**

**- စိုက်ပျိုးပညာပေးရေးဌာနခွဲ(၂၀၀၄)၊ပဲပုပ်တိုးတက်ထုတ်လုပ်ရေးနှင့်မျိုးစေ့ထုတ်လုပ်ငန်းပညာပေးစာအုပ် (မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**

## ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**အလုပ်သမားဝန်ကြီးဌာန**

# မှတစ်ပါးအခြားမရှိပြီ ရုပ်သံဇာတ်လမ်းတွဲကို MRTV-4 ရုပ်သံလိုင်းမှ စက်တင်ဘာ ၁ ရက်တွင် စတင်ထုတ်လွှင့်သွားမည်




**ရန်ကုန် ဩဂုတ် ၂၅**

မှတစ်ပါးအခြားမရှိပြီ ရုပ်သံဇာတ်လမ်းတွဲကို MRTV-4 ရုပ်သံလိုင်းမှ စက်တင်ဘာ ၁ ရက်တွင် စတင် ထုတ်လွှင့်တင်ဆက်သွားမည်ဖြစ်ကြောင်း ဒါရိုက်တာ ကြည်မင်းထွန်းထံမှ သိရသည်။

အဆိုပါ မှတစ်ပါးအခြားမရှိပြီ ရုပ်သံဇာတ်လမ်းတွဲသည် စာရေးဆရာမ မိုးမိုး (အင်းလျား)၏ အောင်မြင်ထင်ရှားခဲ့သည့် လုံးချင်းဝတ္ထုကို မြတ်ဘုန်းမိုရ်၊ ချိုမြတ်မွန်၊ သက်ဇွန်၊ အေးမြတ်ချိုတို့က ဇာတ်ညွှန်းရေးသားထားပြီး ဒါရိုက်တာ ကြည်မင်းထွန်းနှင့် လက်ထောက်ဒါရိုက်တာ မိုးဟိန်းဂျွန်တို့က တာဝန်ယူ ပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်လမ်းက ဆရာမ မိုးမိုး(အင်းလျား)ရဲ့ အောင်မြင်ထင်ရှားတဲ့ လုံးချင်းဝတ္ထုတစ်ပုဒ်ဖြစ်တဲ့အတွက် ဇာတ်လမ်းတွဲအနေနဲ့ ရိုက်ကူးဖန်တီးတဲ့နေရာမှာ တာဝန်ကြီးပါတယ်။ မိဘနဲ့ သားသမီးကြားက မေတ္တာ၊ တာဝန်နဲ့ သံယောဇဉ်တွေကို ဖော်ညွှန်းထားတဲ့ ဇာတ်လမ်းတစ်ပုဒ်လဲဖြစ်ပါတယ်။ ပါဝင်သူအားလုံးလဲ သူ့ကာရိုက်တာနဲ့သူ အံ့ဝင်ခွင်ကျဖြစ်အောင် သရုပ်ဆောင်ထားကြတဲ့အတွက် ပရိသတ်လက်ခံမဲ့ ဇာတ်လမ်းတွဲလို့ ယုံကြည်ပါတယ်"ဟု ဒါရိုက်တာ ကြည်မင်းထွန်းက ပြောပြသည်။

အဆိုပါ မှတစ်ပါးအခြားမရှိပြီ ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် နေမျိုးအောင်၊ ကျော်ဆု၊ ကျော်မိုးပိုင်၊ နက္ခတ်၊ ဝေလျှံအောင်၊ ကောင်းခန့်စိုး၊ နေဝန်း၊ ခွန်ဆိုင်း၊ ခင်ဇာခြည်ကျော်၊ ကေ၊ ဖြိုးအိန္ဒြာမင်း၊ ခိုင်ဇင် သွယ်၊ ဆုဝတီ၊ အဲဝေသာ၊ ခင်စိုးပိုင်၊ ခင်မို့မို့အေးနှင့် အနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားကြပြီး စက်တင်ဘာ ၁ ရက်မှ စတင်ကာ အပတ်စဉ်တနင်္လာနေ့မှ သောကြာနေ့ထိ ည ၇ နာရီအချိန်တိုင်းတွင် MRTV-4 ရုပ်သံလိုင်းမှ ထုတ်လွှင့် ပြသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# Paradox Inc. ဇာတ်ကားကို ကနေဒါ ဒါရိုက်တာ ဒန်နီရယ်ရိုဟာ တာဝန်ယူရိုက်ကူးမည်

**နယူးယောက် ဩဂုတ် ၂၅**

ယူနီဗာဆယ်ကုမ္ပဏီ၏ Paradox Inc. အမည်ရှိ ရုပ်ရှင်ဇာတ်ကားသစ်ကို ကနေဒါ ဒါရိုက်တာ ဒန်နီရယ်ရိုဟာက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း ဩဂုတ် ၂၄ ရက် သတင်းများအရ သိရသည်။

အဆိုပါရုပ်ရှင်ဇာတ်ကားသည် စာရေးဆရာ ဖောရက်ဘရာဇီရယ်၏ Paradox Inc. အမည်ရှိ ဝတ္ထုကို အခြေခံရိုက်ကူးမည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

Paradox Inc. ဇာတ်ကားအတွက် ဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ မက်သရူးရော်ဘင်ဆင်က တာဝန်ယူရေးသားပေးမည်ဖြစ်ကြောင်း သိရသည်။

Paradox Inc. ဇာတ်ကားသည် ကမ္ဘာ့ပထမဆုံး ကာလယန္တရားတည်ဆောက်ရေးအတွက် အပြိုင်အဆိုင် ကြိုးပမ်းခဲ့ကြသည့် ကုမ္ပဏီနှစ်ခု၏အကြောင်းကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

ကနေဒါ ဒါရိုက်တာ ဒန်နီရယ်ရိုဟာသည် Navalny (2022) မှတ်တမ်းရုပ်ရှင်ဇာတ်ကားဖြင့် အော်စကာဆုရရှိခဲ့သော ဒါရိုက်တာဖြစ်သည်။

လက်ရှိအချိန်တွင် Paradox Inc. ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်မည့် အနုပညာရှင်များကို ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**




# တေးသံရှင် ဖိုးကာ ၊ နေမင်းအိမ် ၊ အိမ့်ချစ်နှင့် ယွန်းမြတ်သူတို့၏ Night of Memories & Melodies တေးဂီတဖျော်ဖြေပွဲကို Yangon Social F & B Music Kids Palyground ၌ ပြုလုပ်မည်

**ရန်ကုန် ဩဂုတ် ၂၅**

တေးသံရှင် ဖိုးကာ၊ နေမင်းအိမ်၊ အိမ့်ချစ်နှင့် ယွန်းမြတ်သူတို့၏ Night of Memories & Melodies အမည်ရှိ တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ Yangon Social F & B Music Kids Palyground ၌ စက်တင်ဘာ ၄ ရက်တွင် ပြုလုပ်မည်ဖြစ်ကြောင်း တေးသံရှင် ဖိုးကာထံမှ သိရသည်။

အဆိုပါ Night of Memories & Melodies တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင်များ၏သီဆိုဖျော်ဖြေမှုများကို Daily Gita Band က အကောင်းဆုံး ပံ့ပိုးကူညီတီးခတ်ပေးသွားမည်ဖြစ်ပြီး တေးသီချင်းကောင်းများကို အကောင်းဆုံး ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။




"လာမဲ့ စက်တင်ဘာ ၄ ရက်မှာ ကျွန်တော်တို့ ဂီတမောင်နှမတွေက ဂီတချစ်သူတွေကို အချစ်၊ အလွမ်းတွေသာမက ပျော်ပျော်ပါးပါး စီးမျောကခုန်နိုင်မဲ့ အမိုက်စားညတစ်ညကို Daily Gita Band နဲ့အတူ Sound System အမိုက်စား၊ Lighting အလန်းစားတွေနဲ့ Yangon Social မှာ ဖျော်ဖြေသွားမှာပါ"ဟု တေးသံရှင် ဖိုးကာက ပြောပြသည်။

တေးသံရှင် ဖိုးကာ၊ နေမင်းအိမ်၊ အိမ့်ချစ်နှင့် ယွန်းမြတ်သူတို့၏ Night of Memories & Melodies တေးဂီတဖျော်ဖြေပွဲကို Yangon Social F & B Music Kids Palyground တွင် စက်တင်ဘာ ၄ ရက် ည ၇ နာရီမှ စတင်ကာ ဖျော်ဖြေသွားမည် ဖြစ်ကြောင်း သိရသည်။

ASH

# Spider Man: Brand New Day ဇာတ်ကား၏ ပြည်တွင်းဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၈၀၀ ကျော်ရှိ

**နယူးယောက် ဩဂုတ် ၂၅**

ဆိုနီရုပ်ရှင်ကုမ္ပဏီ၏ Spider Man: Brand New Day ဇာတ်ကားသည် စတင်ရုံတင်ပြီး ၁၉ ရက်အကြာတွင် ပြည်တွင်းဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၈၀၀ ကျော် ရရှိထားပြီဖြစ်ကြောင်း ဩဂုတ် ၂၄ ရက် သတင်းများအရ သိရသည်။

ဆိုနီရုပ်ရှင်ကုမ္ပဏီသည် Spider Man: Brand New Day ဇာတ်ကားကို ဇူလိုင် ၃၁ ရက်တွင် စတင်ရုံတင်ပြသခဲ့ခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် Spider Man: Brand New Day ဇာတ်ကား၏ မြောက်အမေရိကပြည်တွင်းဝင်ငွေ စုစုပေါင်းမှာ အမေရိကန်ဒေါ်လာ ၈၁၄ ဒသမ ၈ သန်းထိ ရရှိထားကြောင်း သိရသည်။

Spider Man: Brand New Day ဇာတ်ကားသည် အမေရိကန်ပြည်တွင်းရုပ်ရှင်ဈေးကွက်သမိုင်းတစ်လျှောက် ပြည်တွင်းဝင်ငွေစတုတ္ထမြောက် အများဆုံးဇာတ်ကားဖြစ်သည်။

Spider Man: Brand New Day ဇာတ်ကားကို ဒါရိုက်တာ ဒက်စတင်းဒန်နီယယ်ခရက်တန်က တာဝန်ယူ ရိုက်ကူးပေးထားကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**




# စေတော်ဝင် ရုပ်ရှင်ထုတ်လုပ်ရေးမှ ရိုက်ကူးတင်ဆက်မည့် THE GIRL IN PAINTING အမည်ရှိ ရုပ်ရှင်ဇာတ်ကား မီဒီယာမိတ်ဆက်ပွဲ ပြုလုပ်

**ရန်ကုန် ဩဂုတ် ၂၅**

စေတော်ဝင်ရုပ်ရှင်ထုတ်လုပ်ရေးမှ ရိုက်ကူးတင်ဆက်မည့် THE GIRL IN PAINTING အမည်ရှိ ရုပ်ရှင်ဇာတ်ကား မီဒီယာမိတ်ဆက်ပွဲကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ တော်ဝင်စင်တာတွင် ဩဂုတ် ၂၄ ရက်က ပြုလုပ်ခဲ့ကြောင်း အဆိုပါ ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသူ ကျော်ကျော်ဗိုထံမှ သိရသည်။

THE GIRL IN PAINTING အမည်ရှိ ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ဒါရိုက်တာ SIC HAN က ရေးသားထားပြီး ဒါရိုက်တာ SIC HAN ကပင် တာဝန်ယူပုံဖော်ရိုက်ကူးသွားမည် ဖြစ်ကြောင်း သိရသည်။

"ပုံတူပန်းချီကားတစ်ကားဆိုတာ မျက်နှာတစ်ခုကို မှတ်တမ်းတင်ထားတာလား ဒါမှမဟုတ် တခြားသူတွေ မမြင်ဖူးသေးတဲ့ လူတစ်ယောက်ရဲ့ ဘဝအစစ်အမှန်ကို မြင်လာစေဖို့လား။ လွင့်ပျံ့လာတဲ့ တယောသံ တစ်သံ၊ မပြီးသေးတဲ့ ပုံတူတစ်ကား၊ မပြောဖြစ်ခဲ့တဲ့ အတိတ်တစ်ခု၊ နံရံတွေကြားထဲက လျှို့ဝှက်ချက်တွေ စတဲ့ အကြောင်းအရာတွေ ပါတဲ့ လျှို့ဝှက်သည်းဖို ဒရာမာဇာတ်ကားတစ်ကားကို မကြာခင် ရိုက်ကူးတော့မှာ ဖြစ်ပါတယ်"ဟု အဆိုပါ ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသူ ကျော်ကျော်ဗိုက ပြောပြသည်။

အဆိုပါ THE GIRL IN PAINTING အမည်ရှိ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် မင်းဦး၊ နေတိုး၊ ကျော်ကျော်ဗို ၊ စိုးမိုးကြည် ၊ ယမင်းမေဦးနှင့် အနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ကြမည် ဖြစ်ကြောင်း သိရသည်။

ASH

# President of the Republic of the Union of Myanmar U Min Aung Hlaing addresses Union government meeting

# Combine advantages of Myanmar and its neighbours to effectively serve the interest of the country and the people



President U Min Aung Hlaing addresses the Union government meeting.

**Nay Pyi Taw August 25**

A Union government meeting of the Republic of the Union of Myanmar took place at the Union government meeting hall of the Presidential Palace in Nay Pyi Taw this afternoon, addressed by President U Min Aung Hlaing.

Also present at the meeting were Vice Presidents U Nyo Saw and Daw Nan Ni Ni Aye, union ministers, the Nay Pyi Taw Council chair. Region/state chief ministers attended the meeting through video conferencing.

**Foreign visits further strengthen international diplomatic relations, friendship, and interactions and multi-sectoral cooperation**

In his keynote address, the President said he had visited Thailand, Russian Federation and Republic of Belarus in August at the invitation of the heads of the countries. During the visit to Thailand, the President was able to hold talks on wide array of issues including the continued promotion of bilateral friendship and relations and multi-sectoral cooperation, peace and security in border areas, trade, and investment. Furthermore, regarding Myanmar citizens and migrant workers who are in Thailand for various reasons, it was reported that matters concerning their safety, the full attainment of their labor rights, and their protection in accordance with the laws of both countries were earnestly discussed during meetings with the Prime Minister of Thailand and the Acting President of the National Assembly of Thailand, as they are fellow Myanmar citizens.

During the recent visits to Russian Federation and Republic of Belarus, the President said he was able to achieve concrete results in multiple issues including the matters relating to deepening of friendship and interactions, economy, trade, investment, education, electricity and energy, science and technology, space technology, defence, and industry. In exerting all-round efforts for national development, the government must understand the geopolitically importance of the neighbouring countries and their main trading hubs and links. **The government should integrate the advantages of Myanmar and its neighbours to effectively serve the interest of the country and the people. Friendly visits to the regional partners and neighbours have deepened friendship, interactions, cooperation in all fields among the countries. The advantages and superior positions of those countries must be analyzed and utilized.**

**Progress of national economy and socioeconomic lives calls for concrete action**

Historical records indicate that the economic downturn is the main culprit of the conflicts appeared in the nation throughout the successive eras. Hence, union ministers, union level dignitaries and officials of the regions and states must put forward correct and objective reports on the true situation of the country. As national economic development projects and plans are based on the reported data, careful attention must be paid to the correctness of the ground situation and figures.

All the global countries are striving for strengthening their economy. Myanmar is also doing the same by using all available energy and opportunities. But Myanmar is experiencing delays without achieving expected progress due to economic and political sanctions imposed by certain countries. It is a must for the government to achieve economic progress through the increase in local products and exports. In so doing, support must be provided to the production industries that mainly rely on domestic raw materials. Moreover, the country should strive to produce import-substitute goods and boost exports.

**As the slogan "the strength of the nation lies within", the country will not rely on foreign aids or loans. It will develop is economy by utilizing all available internal forces and providing support to domestic production**. To do so, Myanmar already has favourable resources and foundations for agriculture and livestock and production businesses. Here the main requirement is the concrete action, united efforts of the Union people and peace and stability. Union ministers responsible for their specific sectors, and responsible persons of regions and states must give priority to the development of agro-based industries. In running production businesses, efforts must be made for the success of the production businesses based on agriculture and livestock which is a renewable resource, rather than extracting above ground and underground resources.

He stated that in efforts to boost export earnings, work must be undertaken to revitalize Myanmar Paw Hsan Hmwe paddy and regain its market share. He added that land must be used effectively, per-acre yields need to be improved, and in line with the saying **"You yourself must strive for what you want,"** efforts should be made to find solutions for success in respective sectors, urging all to work with full commitment for national economic development and the improvement of citizens' socio-economic lives.

He stated that **acquiring skilled human resources with knowledge and expertise is an absolute necessity when implementing plans for national economic development**. He noted that according to the population and housing censuses, the percentage of the country's uneducated population was 58.18 percent in 1973, 41.09 percent in 1983, 10.7 percent in 2014, and 5.67 percent in 2024. He observed that these figures reflect a reasonable degree of progress in the nation's education sector. He emphasized that a stable, peaceful, and prosperous future state can only be built when educated human resources abound. He added that education is being promoted through various means and from all angles, providing monetary rewards and support to teaching staff, while also ensuring that all schools become standard schools equipped with the necessary basic teaching aids.

He stated that as Myanmar relies heavily on agriculture and livestock, high schools, institutes, and universities focusing on agriculture, livestock, and industrial technology are being operated to train domain experts. He noted **substantial market demand for these products across neighboring and regional countries, adding that meeting this demand would significantly drive national economic growth**. Consequently, he called on Union-level officials alongside Region and State Chief Ministers to prioritize and aggressively execute strategies ensuring the success of the agriculture and livestock sectors.

He also stated that cotton cultivation plays an important role in agriculture, as raw cotton is harvested and processed into yarn, and clothing made from it is used daily by humans from birth to death. He noted that cotton is an essential agricultural product for the nation that enables connected industrial operations, making it a genuinely beneficial sector. He therefore urged relevant sectors to work hard toward increasing cotton cultivation and the production of cotton products.

Regarding oilseed crops, he stated that oil crops must be successfully cultivated and produced to ensure domestic edible oil self-sufficiency. In doing so, since good seeds as well as sufficient irrigation and maturing water are necessary to successfully grow sesame, which is an oilseed crop, regional and state governments in sesame-cultivating areas should systematically fulfill these requirements. *See Page 13*

# 4th rainy season tree-planting ceremony (2026) of families of Office of Commander-in-Chief of Defence Services (Army, Navy and Air) held


General Ye Win Oo pours a teak sapling.

**Nay Pyi Taw August 25**

The 4th rainy season tree-planting ceremony (2026) of families of the Commander-in-Chief of Defence Services (Army, Navy and Air) was held near Yezin Dam in Zeyathiri Township in Nay Pyi Taw this morning and Commander-in-Chief of Defence Services General Ye Win Oo graced it by planting a treasured teak tree.

Also present at the ceremony were his wife Daw Nilar, Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) General Kyaw Swa Lin and his wife Daw Nan Kue Ku, union ministers and their wives, the chief of General Staff (Army, Navy, Air) and his wife, the commander-in-chief (Navy) and his wife, the commander-in-chief (Air) and his wife, senior officers from the Office of the Commander-in-Chief of Defence Services and their wives, trainee senior officers from the Ntional Defence College and officers, other ranks and families of offices and departments under the Office of the Commander-in-Chief of Defence Services (Army, Navy and Air).

First, the Commander-in-Chief of Defence Services and his wife led the ceremony planting a treasured teak tree. Then, attendees planted teak, Ironwood, mahogany and padauk trees at designated places.

Afterward, the Commander-in-Chief of Defence Services and his wife and party inspected the tree-planting activities of officers, other ranks and families.

Altogether 2,400 teak, iron, mahogany and padauk trees were planted at today's ceremony.

Third similar tree-planting ceremonies were held at respective regional military commands today and treasured, industrial, perennial edible and windbreaker trees including 11,591 trees in Nay Pyi Taw command, 5,030 trees in Northern command, 3,460 trees in Northeastern command, 12,910 trees in Eastern command, 9,570 trees in Eastern Central command, 11,160 trees in Triangle Region command, 4,915 trees in Southeastern command, 6,933 trees in Coastal Region command, 10,990 trees in Yangon command, 3,900 trees in Southwestern command, 5,100 trees in Western command, 7,190 tees in Northwestern command, 46,696 trees in Central command and 7,380 trees in Southern command were collectively planted by respective commanders, relevant officers, officers, other ranks, totaling 148, 226 trees today for the entire Tatmadaw. 100

---

*From Page 12*

He noted that Myanmar is among the top countries exporting pulses internationally. Therefore, pulse cultivation must be treated as a primary national economy, and efforts should be made to produce high-quality pulses. Regarding rubber, he added that rubber products enable industrial manufacturing and face large market demand, making it necessary to work toward increasing yield rates.

Then, he stated that a government bears the primary responsibility to foster national economic development, and only by driving progress in the national economy and improving the socio-economic lives of the public can it earn the people's trust and reliance. He added **that amidst political and economic sanctions, efforts are being made to overcome challenges through the best possible methods to achieve national economic growth.**

**Officials taking strict supervision to ensure fast, safe, and smooth trade operations while eliminating illegal trade**

Regarding trade, he stated that all import and export operations need to be conducted honestly and correctly. He noted that relevant officials must strictly inspect and ensure the quality of import and export goods, avoiding any dishonest practices that could damage the country's image. He added that to make commodity flow fast and smooth, unnecessary inspection checkpoints along routes should be reduced, while strict supervision must be maintained to prevent illegal trade. He explained that illegal trade leads to losses for the state due to the non-receipt of deserved taxes and harms the public, who end up paying high prices for sub-standard goods. Therefore, he urged officials to pay special attention to supervising and ensuring fast, safe, and smooth trade operations while eliminating illegal trade.

Afterwards, Union Ministers and Region and State Chief Ministers discussed and presented matters according to their respective sectors.

In his supplementary remarks, the President highlighted that the current rainy season has led to flooding in several regions, primarily due to the silting of major rivers and streams, coupled with increased rainfall. He noted that the situation could be mitigated through systematic dredging and maintenance of waterways, along with the removal of silt and sediment to improve water flow. To facilitate these efforts, solar-powered dredging equipment is being utilized.

He also addressed urban flooding, attributing it largely to blockages in drainage systems caused by improper waste disposal. He urged city residents to dispose of waste responsibly and called on local administrative bodies, municipal authorities, and urban communities to collaborate in preventing flooding in their respective towns and cities.

On the topic of urban cleanliness and aesthetics, the President drew comparisons with Russia and Belarus, where he observed well-maintained and orderly cities **as both municipal authorities and individual citizens adhered to systematic practices to ensure clean and pleasant urban environments**. He called on regional and state-level administrations to work closely with the public to achieve these goals.

Turning to education, the President stressed the need to upgrade all basic education schools to meet established standards. He noted that out of approximately 50,000 basic education schools nationwide, only about 10 percent currently meet the criteria. The standards require primary schools to have 3 to 5 acres, middle schools 5 to 7 acres, and high schools 7 to 10 acres of land. Such schools must also include designated areas for student assembly, sports, and playgrounds, along with properly constructed buildings. He instructed regional and state authorities to systematically survey existing school facilities and prioritize upgrading those that meet the land-size requirements during his government's tenure. He further emphasized that school construction must be systematic and sustainable, ensuring safety, orderliness, and a clean environment. The President **called on administrative officials to oversee these efforts and urged collaboration among students, parents, teachers, and administrative bodies to advance the country's education sector comprehensively.**

In his concluding remarks, the President addressed tax contributions, reminding business operators and the public to fulfill their tax obligations. He stated that the government uses tax revenues for national development and stressed the importance of utilizing these funds effectively in areas of genuine need. He called on ministries and regional authorities to ensure transparent and efficient use of tax money, keeping the interests of taxpayers in mind.

Reaffirming the nation's commitment to a federal-based multi-party democracy, the President urged regional and state governments to exercise their delegated powers while also ensuring the successful implementation of Union-level policies. He called on Union ministries to provide systematic oversight and coordination to achieve these objectives. The meeting then came to an end. 100

---


# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# ၇၉ နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် "လှပသာယာ ပြည်မြန်မာ" ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဖိတ်ခေါ်

နေပြည်တော် ဩဂုတ် ၂၅

၂၀၂၇ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် ၇၉ နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲအား "လှပသာယာ ပြည်မြန်မာ" ခေါင်းစဉ်ဖြင့် ကျင်းပမည်ဖြစ်ပါသည်။ အဆိုပါပြိုင်ပွဲကို မည်သူမဆိုပါဝင်ယှဉ်ပြိုင်နိုင်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုနှင့် သာယာလှပမှုများ၊ တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှုများနှင့် ရိုးရာယဉ်ကျေးမှုများ၊ လွတ်လပ်ရေးကြိုးပမ်းမှု၏ ထင်ရှားသည့် သင်္ကေတ၊ နေရာဒေသနှင့် လူပုဂ္ဂိုလ်များစသည်တို့ကို ဖော်ညွှန်း ရိုက်ကူးထားသော ဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ရပါမည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများသည် မြန်မာနိုင်ငံအတွင်း ရိုက်ကူးထားသည့် ရောင်စုံဓာတ်ပုံများသာ ဖြစ်ရမည်။ မည်သည့်ကင်မရာအမျိုးအစားမဆို အသုံးပြုနိုင်ပါသည်။ ပြိုင်ပွဲဝင်ဓာတ်ပုံအရွယ်အစားမှာ ၁၀ လက်မ x ၁၅ လက်မ အရွယ်အစားတစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရန်နှင့် ပုံအရေအတွက် အကန့်အသတ်မရှိယှဉ်ပြိုင်နိုင်ပြီး Hard Copy နှင့် Soft Copy (CD)ကို တစ်ပါတည်း ပူးတွဲပေးပို့ရပါမည်။ ဒီဂျစ်တယ်နည်းပညာဖြင့် ပြုပြင်ဖန်တီးထားသော ဓာတ်ပုံများနှင့် ပြည်တွင်း ပြည်ပဓာတ်ပုံပြိုင်ပွဲများတွင် ဆုရခဲ့ဖူးသည့် ဓာတ်ပုံများ၊ ပုံနှိပ်ထုတ်ဝေပြီးသောဓာတ်ပုံများ၊ Website များတွင် အသုံးပြုပြီးသော ဓာတ်ပုံများကို ပါဝင်ယှဉ်ပြိုင်ခွင့်မပြုပါ။ ပြိုင်ပွဲဝင်ဓာတ်ပုံများအား အများပြည်သူ အကျိုးငှာပြပွဲများ၊ စာအုပ်စာစောင်များ၊ Website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် ဗီဒီယိုများ၌ အသုံးပြုခြင်းကို သဘောတူခွင့်ပြုရမည်။ ပြိုင်ပွဲဝင်ဓာတ်ပုံများတွင် ပြိုင်ပွဲဝင်သူ အမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ဆက်သွယ်ရမည့် ဖုန်းနံပါတ်၊ ဓာတ်ပုံ၏အကြောင်းအရာ၊ ရိုက်ကူးသည့် နေရာဒေသတို့ကို ဓာတ်ပုံများ၏နောက်ကျော၌ သီးခြားစက္ကူဖြင့်ရေးကပ်၍ ပူးတွဲပေးပို့ရမည်။ ကိုယ်တိုင်ရိုက်ကူးထားသော ပုံဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို ၂၀၂၆ ခုနှစ် အောက်တိုဘာ ၃၁ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ ညွှန်ကြားရေးမှူး (ထုတ်လုပ်)၊ ထုတ်လုပ်ရေးဌာနခွဲ(ရန်ကုန်)၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အမှတ် (၂၂/၂၄)၊ ပန်းဆိုးတန်းလမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၈၃၇၁၃၄၂၊ ၀၉-၄၂၀၇၀၄၂၉၇ သို့ ဆက်သွယ်ပေးပို့ရမည်ဖြစ်ကြောင်းနှင့် ယင်းနေ့ထက်ကျော်လွန်၍ ပေးပို့လာသော ဓာတ်ပုံများအား ပြိုင်ပွဲဝင်ဓာတ်ပုံအဖြစ် လက်ခံမည်မဟုတ်ကြောင်း သိရသည်။

(သတင်းစဉ်)

# ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အဆိုပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန်သတ်မှတ်ထားသည့် တေးသီချင်းများ

(ယမန်နေ့မှအဆက်)

"အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေးတေးသီချင်း"

၁။ ဝါသနာရှင် (ဒုတိယတန်း) အမျိုးသား
(က) မြန်မာသီချင်းဆိုရအောင် (လှမြင့်ဝင်း)
(ခ) လူချွန်လူကောင်း (ကိုအံ့ကြီး)
(ဂ) ကမ္ဘာတည်သရွေ့ (အောင်ထက်)
(ဃ) ငြိမ်းချမ်းရေးပန်းခင်း (ခိုင်ထူး)
(င) စည်းလုံးခြင်းအတွက် သီချင်းတစ်ပုဒ် (ဇော်ဝင်းထွဋ်)

၂။ ဝါသနာရှင် (ဒုတိယတန်း) အမျိုးသမီး
(က) ပြည်ထောင်စုစိတ်ဓာတ် (ရန်အောင်၊ ကျော်စိုးဦး၊ ရတနာဦး၊ စိုးစန္ဒာထွန်း)
(ခ) တပင်ရွှေထီး (မကြည်အောင်)
(ဂ) မြန်မာ့မူမှန် (မြန်မာ့အသံအဖွဲ့)
(ဃ) ပြည်ထောင်စုရဲ့ထာဝရ အလှများ (ဆုန်သင်းပါရ်)
(င) ပင်ချင်းယှက်၍ နွယ်ချင်းခက်သော် (မာမာအေး)

၃။ အဆင့်မြင့် (အမျိုးသား)
(က) အဖိုးတို့ အဖေတို့ ကျွန်တော်တို့တေးများ (မောင်မြတ်သူ)
(ခ) မဟာ (ဇော်ဝင်းထွဋ်)
(ဂ) ဇာတိမာန် (ဥာဏ်ဘသောင်)
(ဃ) ခေတ်ဆန်းချိန် (ရွှေညာမောင်)

၄။ အဆင့်မြင့် (အမျိုးသမီး)
(က) ရွှေအဆင်းနဲ့ပြည်မြန်မာ (နွဲ့ယဉ်ဝင်း)
(ခ) ကမ္ဘာတည်သရွေ့ မြန်မာပြည်ရှိနေမှာ (ဟေမာနေဝင်း)
(ဂ) တစ်ဘာသာအလှ (ငြိမ်းငြိမ်းအိ)
(ဃ) နွယ်သာကီ (ခင်ညွန့်ရီ)

၅။ အခြေခံ (၁၅-၂၀) အမျိုးသား
(က) ဖေဖေပြောသောပုံပြင် (မောင်တင်ဝင်း)
(ခ) အနာဂတ်ပန်း (ညွန့်ဝင်း+ အေဝမ်းတင်တင်လှ)
(ဂ) ရောင်နီသစ်ပြီ (ရဲထိုက်+ရွှေနန်းထက်)
(ဃ) မြန်မာ့ဂုဏ်ရည် (ဝင်းဦး)

၆။ အခြေခံ (၁၅-၂၀) အမျိုးသမီး
(က) ပန်းတိုင်းပွင့်၍မွေးသောမြေ (ရတနာဦး)
(ခ) မြန်မာပြည်ကိုလာပါ (နွဲ့ယဉ်ဝင်း)
(ဂ) မင်္ဂလာပါရှင် (ကြည်ကြည်ဝင်း)
(ဃ) လှပတဲ့အနာဂတ်ဆီသို့ (မေဆွိ)

(၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ "စောင်း" အတီးပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့်တေးသီချင်းများ

၁။ ဝါသနာရှင် (ပထမတန်း)အဆင့်၊ (အမျိုးသား၊ အမျိုးသမီး)
(က) ဖြူပြာမူရာ (ပတ်ပျိုး)
(ခ) တောတောင်စွယ် (ယိုးဒယား)
(ဂ) စုံသာမြိုင်လယ် (သီချင်းခံ)
(ဃ) စိန်မြရုံခြယ် (မွှန်)
(င) သပြေပင်ဝန်း (ကြိုး)
(စ) အောင်မြေသာစံ (ပတ်ပျိုး)
(ဆ) တောင်ဇမ္ဗူပိုင် (ယိုးဒယား)
(ဇ) ဘုန်းမျှားမျှားမင်း (ပတ်ပျိုး)

၂။ ဝါသနာရှင် (ဒုတိယတန်း)အဆင့်၊ (အမျိုးသား၊ အမျိုးသမီး)
(က) ခါနွေဆန်း (ယိုးဒယား)
(ခ) ရှစ်စုံရွက်ကြာ (ပတ်ပျိုး)
(ဂ) ရွှေနန်းအောင်ချာ (ကြိုး)
(ဃ) ညဥ့်သုံးယံခါ (ပတ်ပျိုး)
(င) ခိုင်ပန်းစုံ (ယိုးဒယား)

၃။ အဆင့်မြင့်ပညာအဆင့်(အမျိုးသား၊ အမျိုးသမီး)
(က) အိုသာတင့်ဆုံး (ယိုးဒယား)
(ခ) ရွှန်းရွှန်းမြ (သီချင်းခံ)
(ဂ) မာရဝိဇယ (ဘွဲ့)

၄။ အခြေခံပညာ(၁၅-၂၀)အဆင့်(အမျိုးသား၊ အမျိုးသမီး)
(က) ကျွန်းကျွန်းပိုင်သ (ကြိုး)
(ခ) ဝိဇ္ဇာတောလား (ယိုးဒယား)
(ဂ) သည်ဆောင်းဟေမာန် (ဘွဲ့)

၅။ အခြေခံပညာ(၁၀-၁၅)အဆင့်(အမျိုးသား၊ အမျိုးသမီး)
(က) ကန္တာတောခြေ (ယိုးဒယား)
(ခ) နှုန်းနှန်းထောက်စား (ကြိုး)
(ဂ) မင်္ဂလာသီရိ (ဘွဲ့)

"စန္ဒရား" အတီးပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့်တေးသီချင်းများ

၁။ ဝါသနာရှင် (ပထမတန်း)အဆင့်၊ (အမျိုးသား၊ အမျိုးသမီး)
(က) ဇာတိအာဏာ (ယိုးဒယား)
(ခ) ရဝိန်ဒေါင်းယာဉ်ပျံ (ပတ်ပျိုး)
(ဂ) ပန်းမြိုင်လယ် (ယိုးဒယား)
(ဃ) ကောင်းချီးသင်္ခါ (မွှန်)
(င) မိုဃ်းဒေဝါ-ချိန်ခါလေ (ပတ်ပျိုး)
(စ) ယသော်ဓရာ (ယိုးဒယား)
(ဆ) သေနင်္ဂမည် (မိုးဘွဲ့ပတ်ပျိုး)
(ဇ) အောင်မြေသာစံ (ပတ်ပျိုး)

၂။ ဝါသနာရှင် (ဒုတိယတန်း)အဆင့်၊ (အမျိုးသား၊ အမျိုးသမီး)
(က) သောင်းရွှေလယ် (ယိုးဒယား)
(ခ) ဆောင်းနှင်းဖြူနှင့် ကိုယ့်ချစ်သူ (ကာလပေါ်၊ တွံတေးသိန်းတန်(key-G)
(ဂ) ချစ်သမျှကို (ပတ်ပျိုး)
(ဃ) တောဟောဝန်လယ် (ယိုးဒယား)
(င) နှစ်ကိုယ်သစ္စာ (ပတ်ပျိုး)

၃။ အဆင့်မြင့်ပညာအဆင့်(အမျိုးသား၊ အမျိုးသမီး)
(က) ပန်းဟောဝန် (ယိုးဒယား)
(ခ) မဲဇာတောင်ခြေ (ပတ်ပျိုး)
(ဂ) မေ့ဘာဝခဏ ဘယ်သူယူပွဲမယ် (ကာလပေါ်၊ (မာမာအေး keyC#)

၄။ အခြေခံပညာ(၁၅-၂၀)အဆင့်(အမျိုးသား၊ အမျိုးသမီး)
(က) ဖြေလျော့ခွေ (ပတ်ပျိုး)
(ခ) အင်ကြင်းသရဖီ (ယိုးဒယား)
(ဂ) ပြန်လည်ဆုံစည်းကြမယ် အချစ်ရယ် (ကာလပေါ်၊ (စန္ဒရားချစ်ဆွေ keyD)

၅။ အခြေခံပညာ(၁၀-၁၅)အဆင့်(အမျိုးသား၊ အမျိုးသမီး)
(က) ခါနွေဆန်း (ယိုးဒယား)
(ခ) မြသို့ငယ်စိမ်းနု (ဘွဲ့)
(ဂ) ညအတွေး (ကာလပေါ်) (မာမာအေး Key -G)

"ပတ္တလား" အတီးပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့်တေးသီချင်းများ

၁။ ဝါသနာရှင် (ပထမတန်း)အဆင့်၊ (အမျိုးသား၊ အမျိုးသမီး)
(က) ထွန်းလင်းလျှံလက် (ပတ်ပျိုး)
(ခ) ညာသပြေဘောင် (ကြိုး)
(ဂ) ဆဒ္ဒန်အိုင်သာ (သီချင်းခံ)
(ဃ) အောင်မင်္ဂလာ (ယိုးဒယား)
(င) စိန်မြရုံခြယ် (မွှန်)
(စ) ဟေမဝန်ချာ (ဘွဲ့)
(ဆ) မြန်သပြေညာ (ယိုးဒယား)
(ဇ) ရွှေပန်းပန်အစချီ ကိုယ်တော်နှင်းနှံ့ (လေးထွေသံကပ်) (လေးပေါက်အောက်ပြန် ဖြင့် တီးရပါမည်)

၂။ ဝါသနာရှင် (ဒုတိယတန်း)အဆင့်၊ (အမျိုးသား၊ အမျိုးသမီး)
(က) ပန်းဟောဝန် (ယိုးဒယား)
(ခ) အမင်းမင်းခယ (သီချင်းခံ)
(ဂ) အောင်မြေမြမန်း (ပတ်ပျိုး)
(ဃ) ဩဘာမင်္ဂလာ (ဘွဲ့)
(င) ကိုးပါးပေါင်းစု (ကြိုး)

၃။ အဆင့်မြင့်ပညာအဆင့်(အမျိုးသား၊ အမျိုးသမီး)
(က) လူမနော (ပတ်ပျိုး)
(ခ) နန်းဘုံသီဟာဖွေ (ယိုးဒယား)
(ဂ) ဝေဇယန်နှင့်နှုန်းငြား (ကြိုး) (၈)ဝါးဖြင့်တီးရန်

၄။ အခြေခံပညာ(၁၅-၂၀)အဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) ညဥ့်သုံးယံခါ (ပတ်ပျိုး)
(ခ) ကုဏ္ဍလာ (ယိုးဒယား)
(ဂ) ထိပ်တင်ဇော် (ဝတ်တော်သိမ်း)

၅။ အခြေခံပညာ(၁၀-၁၅)အဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) ဟေမာန်ဖွေဟန် (ပတ်ပျိုး)
(ခ) ဂန္ဓမာတောင် (ဘွဲ့)
(ဂ) ဇေယျာအောင်ချာ (ကြိုး)

(ဆက်လက်ဖော်ပြပါမည်)

# အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၇၈၂၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**အရာတော် ဩဂုတ် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၇၈၂၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း အရာတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီ၌ ပဲတီစိမ်း ဧက ၁၂၃၈၀ စိုက်ပျိုးရန်လျာထားပြီး မေလပထမပတ်မှ စတင် စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၇၈၂၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ အရာတော်မြို့နယ်မှာ ပဲတီစိမ်း ဧက ၁၂၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၇၈၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ပဲတီစိမ်း စိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ အသိပညာပေးလုပ်ငန်း တွေ ဆောင်ရွက်ပေးနေပါတယ်"ဟု အရာတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စိုးက ပြောပြသည်။

အရာတော်မြို့နယ်တွင် ပဲတီစိမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်စေရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးကျော်စိုးက ပြောပြ၍ သိရသည်။

(၂၀၆)

# ပန်းတနော်မြို့နယ်တွင် ခရမ်းသီးများ အရောင်းအဝယ်ကောင်းမွန်နေ

**ပန်းတနော် ဩဂုတ် ၂၅**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပန်းတနော်မြို့နယ်တွင် ဒေသထွက်ခရမ်းသီးများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ပန်းတနော်မြို့နယ် ကုန်စိမ်းမျိုးစုံ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ရည်ရည်ဦးက ပြောပြ၍ သိရသည်။

ပန်းတနော်မြို့နယ်တွင် ယခုနှစ် ဩဂုတ်လ ဒုတိယပတ်မှ စတင်ပြီး ယနေ့ထိ ခရမ်းသီးများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ ဒေသတွင် ထွက်ရှိသည့် ခရမ်းသီးများ တစ်ရက်လျှင် အလုံးရေ ၄၀၀၀၀ မှ ၄၅၀၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ပန်းတနော်မြို့နယ်က ထွက်ရှိတဲ့ ခရမ်းသီးတွေ အဝယ်လိုက်နေပါတယ်။ အခြားဒေသကုန်စိမ်းဈေးကွက်က ဝယ်လက်တွေက အဝယ်များနေလို့ဖြစ်ပါတယ်။ ပန်းတနော်မြို့နယ်ကနေ အခြားဒေသတွေကို ခရမ်းသီးအလုံးရေ ၄၅၀၀၀ ထိ အရောင်းအဝယ် ဖြစ်နေပါတယ်။ ဒေသထွက်ခရမ်းသီးတွေက ပိုးမွှားကင်းရှင်းပြီး အရည်အသွေးကောင်းမွန်ပါတယ်။ အထွက်နှုန်းလဲကောင်းနေပါတယ်။ လက်ရှိခရမ်းသီးအဝိုင်းသီးကော အရှည်သီးပါ အမျိုးအစားနှစ်မျိုးစလုံး အရောင်းအဝယ်ကောင်းမွန်နေပါတယ်"ဟု ပန်းတနော်မြို့နယ် ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရည်ရည်ဦးက ပြောပြသည်။



ပန်းတနော်မြို့နယ်တွင် စိုက်ပျိုးထွက်ရှိပြီး အရောင်းအဝယ် ကောင်းမွန်နေသည့် ခရမ်းသီး အလုံးရေ ၁၀၀ လျှင် ငွေကျပ် ၁၄၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# ဒိုက်ဦးမြို့နယ် မြောက်သလဲမြောင်ကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**ဒိုက်ဦး ဩဂုတ် ၂၅**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြောက်သလဲမြောင်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP )မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဩဂုတ် ၂၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်ထွန်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP)၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ်အကြောင်းအရာများ၊ ကျေးရွာသူ၊ ကျေးရွာသားများက ပူးပေါင်းဆောင်ရွက်ပေးရမည့် အခြေအနေများ၊ စီမံကိန်းလုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် ငွေစာရင်းဇယားများ ဖြည့်သွင်းရန်အတွက် ကျေးရွာကော်မတီဝင်များ ရွေးချယ်ဖွဲ့စည်းရန်လိုအပ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက ကျေးရွာကော်မတီဝင်များ ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များ၊ တာဝန်နှင့်လုပ်ပိုင်ခွင့်များ၊ စီမံကိန်းနှင့်ပတ်သက်၍ ကဏ္ဍတစ်ခုချင်းအလိုက် ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းတို့က ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အမှန်တကယ် ဆောင်ရွက်နိုင်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။ **ကိုညို**


# လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



**နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# ကြို့ပင်ကောက်မြို့နယ် ထောက်ကြံတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး



**ကြို့ပင်ကောက် ဩဂုတ် ၂၅**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လိန်ပင်ကွင်းကျေးရွာအုပ်စု ထောက်ကြံတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ဩဂုတ် ၂၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအေးလွင်က ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်၊ လိုအပ်သည့် ငွေကြေးအရင်းအနှီးများရရှိစေရန်၊ စီမံကိန်းမှတိုးပွားလာသော အတိုးရငွေများဖြင့် ကျေးရွာတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး ဦးစီးအရာရှိ ဦးအေးလွင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၄၆ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ထောက်ကြံတောကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၀၇ ဦးကို ငွေကျပ် ၅၃၈ သိန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ငါးဦးကို ငွေကျပ် ငါးသိန်း၊ သံပန်းလုပ်ငန်း လုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် သုံးသိန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၁၃ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၅၄၆ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ဆက်လှ**


**ကိုဗစ် –၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်**

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



☆ ကျောဖုံးမှအဆက်

ဇနီးတို့သည် ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးကြသည်။ ယင်းနောက် အခမ်းအနားတက်ရောက်လာကြသူများက သတ်မှတ်နေရာအသီးသီးတွင် ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ ပိတောက်ပင်တို့ကို စိုက်ပျိုးကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် အရာရှိ၊ စစ်သည်၊ မိသားစုများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယနေ့ကျင်းပသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ရေ၊လေ)မိသားစုများ၏ ၂၀၂၆ ခုနှစ် စတုတ္ထအကြိမ် မိုးရာသီသစ်ပင်စိုက်ပွဲ



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၏ဇနီး ဒေါ်နီလာ ရတနာတန်းဝင် ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးစဉ်။

## ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၆ ခုနှစ် စတုတ္ထအကြိမ် မိုးရာသီသစ်ပင်စိုက်ပွဲတွင် ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ ပိတောက် စုစုပေါင်းအပင် ၂၄၀၀ ကို စိုက်ပျိုးခဲ့၊ တပ်မတော်တစ်ရပ်လုံးအနေဖြင့် ယနေ့တွင် စုစုပေါင်းသစ်ပင် ၁၄၈၂၂၆ ပင်ကို စိုက်ပျိုးခဲ့ . . .

တွင် ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ ပိတောက် စုစုပေါင်း အပင် ၂၄၀၀ ကိုစိုက်ပျိုးခဲ့ကြသည်။

အလားတူ တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီး၌လည်း စတုတ္ထအကြိမ် မိုးရာသီသစ်ပင်စိုက်ပွဲများကျင်းပ၍ ရတနာတန်းဝင်ပင်၊ စက်မှုကုန်ကြမ်းသီးနှံပင်၊ နှစ်ရှည်စားသုံးသီးနှံပင်၊ အရိပ်ရလေကာပင်များကို စုပေါင်းစိုက်ပျိုးကြရာ နေပြည်တော်တိုင်းစစ်ဌာနချုပ်၌ ၁၁၅၉၁ ပင်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ အပင် ၅၀၃၀၊ အရှေ့



နေပြည်တော်တိုင်းစစ်ဌာနချုပ်၌ ၂၀၂၆ ခုနှစ် စတုတ္ထအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။

မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၂၀၂၆ ခုနှစ် စတုတ္ထအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။





ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၌ ၂၀၂၆ ခုနှစ် စတုတ္ထအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။

အနောက်မြောက်တိုင်းစစ်ဌာနချုပ်၌ ၂၀၂၆ ခုနှစ် စတုတ္ထအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။





အရှေ့တောင်တိုင်းစစ်ဌာနချုပ်၌ ၂၀၂၆ ခုနှစ် စတုတ္ထအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ်၌ ၂၀၂၆ ခုနှစ် စတုတ္ထအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ်၌ ၂၀၂၆ ခုနှစ် စတုတ္ထအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။

မြောက်တိုင်းစစ်ဌာနချုပ်၌ အပင် ၃၄၆၀၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၌ အပင် ၁၂၈၁၀၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ အပင် ၉၅၇၀၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်၌ ၁၁၁၆၁ ပင်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်၌ ၄၉၁၅ ပင်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၌ ၆၉၃၃ ပင်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်၌ အပင် ၁၀၉၉၀၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်၌ အပင် ၃၉၀၀၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ အပင် ၅၁၀၀၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်၌ အပင် ၆၁၉၀၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၄၆၆၉၆ ပင်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၌ အပင် ၇၃၈၀ တို့ကို တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများက စုပေါင်းစိုက်ပျိုးခဲ့ကြပြီး တပ်မတော်တစ်ရပ်လုံးအနေဖြင့် ယနေ့တွင် စုစုပေါင်းသစ်ပင် ၁၄၈၂၆ ပင်ကို စိုက်ပျိုးခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၁)

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် ဇနီး ဒေါ်နန်းကူးကူ ရတနာတန်းဝင် ကျွန်းပင်ကို စိုက်ပျိုးပေးစဉ်။







အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၌ ၂၀၂၆ ခုနှစ် စတုတ္ထအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။

တြိဂံဒေသတိုင်းစစ်ဌာနချုပ်၌ ၂၀၂၆ ခုနှစ် စတုတ္ထအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။





တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၂၀၂၆ ခုနှစ် စတုတ္ထအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၂၀၂၆ ခုနှစ် စတုတ္ထအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။





အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၂၀၂၆ ခုနှစ် စတုတ္ထအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၂၀၂၆ ခုနှစ် စတုတ္ထအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၂၀၂၆ ခုနှစ် စတုတ္ထအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။

ရှေ့ဖုံးမှအဆက်

Video Conferencing ဖြင့် တက်ရောက်ကြသည်။

### ပြည်ပခရီးစဉ်များ သွားရောက်နိုင်ခြင်းအားဖြင့် နိုင်ငံတကာသံတမန်ရေးရာနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှု၊ ကူးလူးဆက်ဆံမှု၊ ပူးပေါင်းဆောင်ရွက်မှုတို့တွင် ဘက်စုံကဏ္ဍစုံ၌ ပိုမိုခိုင်မာအားကောင်းစေမည်

ဦးစွာ နိုင်ငံတော်သမ္မတက အဖွင့်အမှာစကားပြောကြားရာတွင် မိမိအနေဖြင့် ဩဂုတ်လအတွင်း ထိုင်းနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတို့သို့ အဆိုပါနိုင်ငံများမှ အကြီးအကဲများ၏ဖိတ်ကြားချက်များအရ သွားရောက်ခဲ့ကြောင်း၊ ပထမဦးစွာ ထိုင်းနိုင်ငံသို့ သွားရောက်သည့်ခရီးစဉ်အတွင်း နှစ်နိုင်ငံနှင့် နှစ်နိုင်ငံတပ်မတော် နှစ်ရပ်ကြား ချစ်ကြည်ရင်းနှီးမှုနှင့် ဆက်ဆံမှုများ ပိုမိုတိုးတက် ခိုင်မာလာစေရေးနှင့် ဘက်ပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုများ၊ နယ်စပ်ဒေသလုံခြုံတည်ငြိမ်အေးချမ်းရေးနှင့် ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာများ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာများနှင့် ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးနိုင်ခဲ့ကြောင်း၊ ထို့ပြင် ထိုင်းနိုင်ငံသို့ အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများ၊ ရွှေ့ပြောင်းလုပ်သားများနှင့် ပတ်သက်၍လည်း ၎င်းတို့သည် မြန်မာနိုင်ငံသားများပင် ဖြစ်သည့်အတွက် ၎င်းတို့ဘေးကင်းလုံခြုံရေးနှင့် အလုပ်သမားအခွင့်အရေးများ အပြည့်အဝရရှိစေရေး၊ နှစ်နိုင်ငံဥပဒေများနှင့်အညီ အကာအကွယ်ပေးနိုင်ရေး ထိုင်းနိုင်ငံဝန်ကြီးချုပ်၊ ထိုင်းနိုင်ငံအမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့နှင့် တွေ့ဆုံစဉ် အလေးအနက်ထား ထည့်သွင်းဆွေးနွေးနိုင်ခဲ့ကြောင်း။

မကြာသေးမီ ရက်ပိုင်းအတွင်းက သွားရောက်ခဲ့သည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတို့သို့ ခရီးစဉ်များတွင်လည်း ချစ်ကြည်ရင်းနှီးမှုနှင့် ကူးလူးဆက်ဆံမှုတိုးမြှင့်နိုင်ရေး၊ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံရေး၊ ပညာရေးနှင့် လျှပ်စစ်စွမ်းအင်ကဏ္ဍ၊ သိပ္ပံနှင့်နည်းပညာကဏ္ဍ၊ အာကာသနည်းပညာနှင့် ကာကွယ်ရေး၊ စက်မှုလက်မှုကဏ္ဍများအပါအဝင် နယ်ပယ်စုံကဏ္ဍစုံက အောင်မြင်သည့် ဆွေးနွေးမှုရလဒ်များ ထွက်ပေါ်လာအောင် ဆွေးနွေးဆောင်ရွက်နိုင်ခဲ့ကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်ပေါင်းစုံက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် အိမ်နီးချင်းနိုင်ငံများ၏ ပထဝီနိုင်ငံရေးအရ အရေးပါမှုနှင့် အဓိကကျသည့် ကုန်သွယ်ရေးအချက်အချာဆက်သွယ်ရေး လမ်းကြောင်းများကိုလည်း သိရှိထားကြရန်လိုကြောင်း၊ **ဒေသတွင်းမိတ်ဖက်နိုင်ငံများနှင့် အိမ်နီးချင်းနိုင်ငံများ၏ အားသာချက်များနှင့် မိမိတို့နိုင်ငံ၏အားသာချက်များကို ပေါင်းစပ်၍ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ဒေသတွင်းမိတ်ဖက်နိုင်ငံများနှင့် အိမ်နီးချင်းနိုင်ငံများသို့ ချစ်ကြည်ရေးခရီးစဉ်များ သွားရောက်ခြင်းအားဖြင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှု၊ ကူးလူးဆက်ဆံမှု၊ ပူးပေါင်းဆောင်ရွက်မှုတို့တွင် ဘက်စုံကဏ္ဍစုံ၌ အားကောင်းခိုင်မာစေမည်ဖြစ်ပြီး မြင်တွေ့လေ့လာခဲ့ရသည့် ၎င်းတို့နိုင်ငံများ၏ အားသာချက်များ၊ ကောင်းမွန်သည့်အချက်များကို မိမိတို့အနေဖြင့် လေ့လာဆန်းစစ်အသုံးချ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။**

**ဒေသတွင်းမိတ်ဖက်နိုင်ငံများနှင့် အိမ်နီးချင်းနိုင်ငံများသို့ ချစ်ကြည်ရေးခရီးစဉ်များ သွားရောက်ခြင်းအားဖြင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှု၊ ကူးလူးဆက်ဆံမှု၊ ပူးပေါင်းဆောင်ရွက်မှုတို့တွင် ဘက်စုံကဏ္ဍစုံ၌ အားကောင်းခိုင်မာစေမည်ဖြစ်ပြီး မြင်တွေ့လေ့လာခဲ့ရသည့် ၎င်းတို့နိုင်ငံများ၏ အားသာချက်များ၊ ကောင်းမွန်သည့် အချက်များကို မိမိတို့အနေဖြင့် လေ့လာဆန်းစစ်အသုံးချ ဆောင်ရွက်သွားကြရမည်ဖြစ်. . .**

### နိုင်ငံ့စီးပွားနှင့် ပြည်သူတို့၏လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေး အမှန်တကယ် အလုပ်လုပ်ကြရန်လို

နိုင်ငံတော်တွင် ခေတ်အဆက်ဆက်က ဖြစ်ပေါ်ခဲ့သည့် ပဋိပက္ခများကို ပြန်ပြောင်းလေ့လာကြည့်မည်ဆိုပါက စီးပွားရေးကျဆင်းမှုကိုအဓိကအခြေခံ၍ ဖြစ်ပေါ်ခဲ့ရခြင်းဖြစ်သည်ကို သမိုင်းမှတ်တမ်းများတွင် တွေ့မြင်နိုင်ကြောင်း၊ သို့ဖြစ်၍ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တာဝန်ရှိသူများအနေဖြင့် နိုင်ငံတော်တွင် ဖြစ်ပေါ်လျက်ရှိသည့် ပကတိအခြေအနေမှန်များကို မှန်မှန်ကန်ကန်ဖြင့် တင်ပြကြရန်လိုကြောင်း၊ တင်ပြသည့် ကိန်းဂဏန်းအချက်အလက်များကို အခြေခံတွက်ချက်၍ နိုင်ငံစီးပွားတိုးတက်မှုရှိစေရေး စီမံချက်များ၊ စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ရခြင်းဖြစ်သည့်အတွက် မြေပြင်ပကတိအခြေအနေမှန်နှင့် ကိန်းဂဏန်းအချက်အလက်များ မှန်ကန်မှုရှိစေရေး စနစ်တကျ စိစစ်တင်ပြကြရန်လိုကြောင်း။

ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းအနေဖြင့် စီးပွားရေးအား ကောင်းမွန်မှုရှိစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြပြီး မိမိတို့အနေဖြင့်လည်း ရနိုင်သမျှသောစွမ်းအားများနှင့် အခွင့်အလမ်းများကို အသုံးချပြီး စီးပွားရေးအား ကောင်းမွန်အောင်ကြိုးပမ်းဆောင်ရွက်လျက်ရှိနေကြောင်း၊ သို့သော်လည်း မိမိတို့နိုင်ငံအပေါ် အချို့နိုင်ငံများအနေဖြင့် စီးပွားရေးအရနှင့်နိုင်ငံရေးအရ ပိတ်ဆို့မှုများရှိနေသောကြောင့် ထိုက်သင့်သလောက် တိုးတက်မှုမရရှိဘဲ နှောင့်နှေးနေရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ပြည်တွင်းကုန်ထုတ်လုပ်မှုများကိုမြှင့်တင်၍ ပို့ကုန်ကဏ္ဍမြှင့်တင်ပြီး နိုင်ငံ့စီးပွားရေးတိုးတက်အောင် မဖြစ်မနေ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် ပြည်တွင်းရှိ ကုန်ကြမ်းပစ္စည်းများကို အဓိကအသုံးပြု ထုတ်လုပ်နိုင်သည့် ကုန်ထုတ်လုပ်ငန်းများကို အားပေးဆောင်ရွက်သွားကြရမည်ဖြစ်ပြီး သွင်းကုန်အစားထိုးထုတ်ကုန်များ ထုတ်လုပ်နိုင်ရမည်ဖြစ်သကဲ့သို့ ပြည်ပပို့ကုန်များ တိုးမြှင့်ရရှိလာစေရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်ဟူသည့်အတိုင်း ပြည်ပမှထောက်ပံ့ငွေများ၊ ချေးငွေများကို မိမိတို့အနေဖြင့် အားကိုးနေ၍ရမည်မဟုတ်ဘဲ ပြည်တွင်း၌ရှိသမျှသောစွမ်းအားများဖြင့် ပြည်တွင်းကုန်ထုတ်လုပ်မှုကိုအားပေးကာ နိုင်ငံ့စီးပွားတိုးတက်လာအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက်လည်း မိမိတို့နိုင်ငံတွင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ရေခံမြေခံကောင်းများ၊ အခြေခံကောင်းများကို ပိုင်ဆိုင်ထားရှိပြီးဖြစ်ကြောင်း၊ အဓိကလိုအပ်နေသည်မှာ အမှန်တကယ် အလုပ်လုပ်ကြရန်နှင့် ပြည်ထောင်စုတိုင်းရင်းသားအားလုံး စုစုစည်းစည်း ညီညီညွတ်ညွတ်ဖြင့် တည်ငြိမ်အေးချမ်းမှုကို ဖော်ဆောင်ကြရန်သာဖြစ်ကြောင်း၊ သက်ဆိုင်ရာကဏ္ဍအလိုက် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် တာဝန်ရှိသူများအနေဖြင့်လည်း စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်းများ တိုးတက်လာစေရေး အလေးထားဆောင်ရွက်သွားကြရန်မှာကြားလိုကြောင်း၊ ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း မြေပေါ်မြေအောက်သယံဇာတနှင့် တွင်းထွက်ပစ္စည်းများ ထုတ်ယူဆောင်ရွက်ခြင်းထက် ပြန်လည်ဖြည့်တင်းဆောင်ရွက်နိုင်သည့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသော ကုန်ထုတ်လုပ်ငန်းများကိုသာ အောင်မြင်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း။

**ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်ဟူသည့်အတိုင်း ပြည်ပမှထောက်ပံ့ငွေများ၊ ချေးငွေများကို မိမိတို့အနေဖြင့် အားကိုးနေ၍ရမည်မဟုတ်ဘဲ ပြည်တွင်း၌ရှိသမျှသောစွမ်းအားများဖြင့် ပြည်တွင်းကုန်ထုတ်လုပ်မှုကိုအားပေးကာ နိုင်ငံ့စီးပွားတိုးတက်လာအောင် ဆောင်ရွက်ကြရမည်ဖြစ်. . .**

**နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အသိပညာအတတ်ပညာနှင့်ပြည့်စုံသည့် လူသားအရင်းအမြစ်ကောင်းများရရှိရေးသည် မဖြစ်မနေလိုအပ်ချက်တစ်ခုပင်ဖြစ်. . .**

ပြည်ပပို့ကုန်များ တိုးမြှင့်ရရှိနိုင်ရေးဆောင်ရွက်ရာတွင် မြန်မာ့ပေါ်ဆန်းမွှေး စပါးကို တစ်ခေတ်ပြန်လည်ဆန်းသစ်နိုင်ရေး၊ ဈေးကွက်ပြန်လည်ရရှိစေရေး ကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မြေကိုအကျိုးရှိရှိ အသုံးချသွားကြရန်နှင့် တစ်ဧကအထွက်နှုန်းများ ကောင်းမွန်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ "ဥစ္စာရင်လို ဥစ္စာရင်ခဲ" ဟူသည့်အတိုင်း မိမိတို့သက်ဆိုင်ရာကဏ္ဍများအလိုက် လုပ်ငန်းများအောင်မြင်မှုရှိစေရေးနည်းလမ်းရှာ၍ ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုပြီး နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူတို့၏လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် လုပ်ချင်ကိုင်ချင်စိတ်အပြည့်ဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

ထိုကဲ့သို့ **နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက်အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အသိပညာအတတ်ပညာနှင့် ပြည့်စုံသည့် လူသားအရင်းအမြစ်ကောင်းများရရှိရေးသည် မဖြစ်မနေလိုအပ်ချက်တစ်ခုပင်ဖြစ်**ကြောင်း၊ မိမိတို့နိုင်ငံ၌ ၁၉၇၃ ခုနှစ်တွင် ကောက်ယူခဲ့သည့် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ အတန်းပညာမရှိသူမှာ မိမိတို့နိုင်ငံ လူဦးရေ၏ ၅၈ ဒသမ ၁၈ ရာခိုင်နှုန်း၊ ၁၉၈၃ ခုနှစ်တွင် ၄၁ ဒသမ ၀၉ ရာခိုင်နှုန်း၊ ၂၀၁၄ ခုနှစ်တွင် ၁၀ ဒသမ ၇ ရာခိုင်နှုန်း၊ ၂၀၂၄ ခုနှစ်တွင် ၅ ဒသမ ၆၇ ရာခိုင်နှုန်းဖြစ်သည်ကို တွေ့ရှိရကြောင်း၊ အဆိုပါအခြေအနေကို ကြည့်ခြင်းအားဖြင့် မိမိတို့နိုင်ငံ၏ပညာရေးမှာ ထိုက်သင့်သလောက်တိုးတက်လာသည်ကို တွေ့ရကြောင်း၊ ပညာတတ်လူသားအရင်းအမြစ်များပေါ်များလာမှသာ တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်သည့် အနာဂတ်နိုင်ငံတော်ကို ပုံဖော်တည်ဆောက်နိုင်မည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ မိမိတို့အနေဖြင့် ပညာရေးကို နည်းလမ်းပေါင်းစုံ၊ ဘက်ပေါင်းစုံက အားပေးမြှင့်တင်လျက်ရှိပြီး သင်ကြားရေးဆိုင်ရာ တာဝန်ရှိသူများကို ချီးမြှင့်ထောက်ပံ့ငွေများ ပေးအပ်ခြင်း၊ ကျောင်းများအားလုံး စံကိုက်ကျောင်းများဖြစ်စေရေးမှအစ လိုအပ်သည့်အခြေခံ သင်ထောက်ကူပစ္စည်းများ ပြည့်စုံမှုရှိစေရေးအတွက်လည်း ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

စိုက်ပျိုးမွေးမြူရေးကို အဓိကဆောင်ရွက်သည့် နိုင်ငံတစ်ခုဖြစ်သည့်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ ပညာရှင်များ မွေးထုတ်ပေးနိုင်ရေး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုအခြေခံအထက်တန်းကျောင်းများ၊ စိုက်ပျိုးမွေးမြူရေးသိပ္ပံများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်များကိုလည်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ **စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များနှင့်ပတ်သက်၍ အိမ်နီးချင်းနိုင်ငံများနှင့် ဒေသတွင်းနိုင်ငံများ၌ ဈေးကွက်လိုအပ်ချက်များစွာရှိပြီးဖြစ်သဖြင့် အဆိုပါဈေးကွက်လိုအပ်ချက်ကို ပြည့်မီအောင် စိုက်ပျိုးထုတ်လုပ်နိုင်မည်ဆိုပါက နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူ ဖြစ်လာစေမည်ဖြစ်**ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အောင်မြင်မှုရှိစေရေး ပြည်ထောင်စုအဆင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် အလေးအနက်ထား ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းတွင် ဝါစိုက်ပျိုးရေးလုပ်ငန်းနှင့်ပတ်သက်၍ ဝါစိုက်ပျိုးခြင်း၊ ဝါမှ ဝါဂွမ်း၊ ဝါဂွမ်းမှ ချည်မျှင်ကို ထုတ်လုပ်ကြခြင်းဖြစ်ပြီး လူတို့၏ဘဝတွင် အဝတ်အထည်သည် မွေးစမှသေဆုံးသည်ထိ နေ့စဉ်အသုံးပြုနေရသည်ဖြစ်သဖြင့် ဝါသည် အရေးကြီးသည့်အခန်းကဏ္ဍမှ ပါဝင်နေကြောင်း၊ ဝါသည် နိုင်ငံတော်အတွက် အရေးကြီးသည့် စိုက်ပျိုးရေးထုတ်ကုန်တစ်ခုဖြစ်ပြီး ဝါမှတစ်ဆင့် စက်မှုလုပ်ငန်းများကို ဆက်စပ်ဆောင်ရွက်နိုင်သည်ဖြစ်သဖြင့် အမှန်တကယ် အကျိုးရှိသည့် လုပ်ငန်းဖြစ်ကြောင်း၊ သို့ဖြစ်၍ ဝါစိုက်ပျိုးမှုနှင့်ဝါထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေး သက်ဆိုင်ရာကဏ္ဍ ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

စာမျက်နှာ ၁၉ သို့

**စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များနှင့်ပတ်သက်၍ အိမ်နီးချင်းနိုင်ငံများနှင့် ဒေသတွင်းနိုင်ငံများ၌ ဈေးကွက်လိုအပ်ချက်များစွာရှိပြီးဖြစ်သဖြင့် အဆိုပါဈေးကွက်လိုအပ်ချက်ကို ပြည့်မီအောင်စိုက်ပျိုးထုတ်လုပ်နိုင်မည်ဆိုပါက နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူဖြစ်လာစေမည်ဖြစ်. . .**

**နိုင်ငံရေးအရ အရေးယူပိတ်ဆို့မှုများ၊ စီးပွားရေးအရ ပိတ်ဆို့မှုများအကြားမှ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အကောင်းဆုံးသောနည်းလမ်းများဖြင့် ကျော်လွှားဆောင်ရွက်လျက်ရှိ. . .**

**စာမျက်နှာ ၁၈ မှအဆက်**

ဆီထွက်သီးနှံနှင့် ပတ်သက်၍လည်း ပြည်တွင်းဆီစားသုံးမှု ဖူလုံမှုရှိစေရေး မိမိတို့အနေဖြင့် ဆီထွက်သီးနှံများကို အောင်မြင်အောင် စိုက်ပျိုးထုတ်လုပ်သွားကြရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း ဆီထွက်သီးနှံတွင်ပါဝင်သည့် နှမ်းစိုက်ပျိုးရာတွင်လည်း အောင်မြင်စွာ စိုက်ပျိုးနိုင်ရန်အတွက် မျိုးကောင်းရန်၊ စိုက်ပျိုးရေနှင့် အောင်ရေလုံလောက်စွာ ရရှိရန်လိုအပ်သဖြင့် နှမ်းစိုက်ပျိုးသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အစိုးရအဖွဲ့များအနေဖြင့် စနစ်တကျဖြည့်ဆည်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ မိမိတို့နိုင်ငံသည် ပဲစိုက်ပျိုး၍ နိုင်ငံတကာသို့ တင်ပို့သည့် ထိပ်တန်းနိုင်ငံများတွင် ပါဝင်ကြောင်း၊ ထို့ကြောင့် ပဲစိုက်ပျိုးမှုကိုလည်း နိုင်ငံ၏အဓိကစီးပွားရေးအဖြစ် မှတ်ယူ၍ အရည်အသွေးကောင်းမွန်သည့် ပဲများစိုက်ပျိုးထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုကြောင်း၊ ရော်ဘာနှင့်ပတ်သက်၍လည်း ရော်ဘာထုတ်ကုန်များမှတစ်ဆင့် စက်မှုကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်နိုင်ပြီး ဈေးကွက်လိုအပ်ချက် ကြီးမားကျယ်ပြန့်စွာရှိသည့်အတွက် အထွက်နှုန်းများ တိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

အစိုးရတစ်ရပ်အနေဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖော်ဆောင်ပေးရန် အဓိကတာဝန်ရှိပြီး နိုင်ငံ့စီးပွားနှင့် ပြည်သူလူထုတို့၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနိုင်မှသာလျှင် ပြည်သူလူထုက ယုံကြည်အားကိုးသည့် အစိုးရတစ်ရပ်ဖြစ်လာမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် **နိုင်ငံရေးအရ အရေးယူပိတ်ဆို့မှုများ၊ စီးပွားရေးအရ ပိတ်ဆို့မှုများအကြားမှ နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အကောင်းဆုံးသောနည်းလမ်းများဖြင့် ကျော်လွှားဆောင်ရွက်လျက်ရှိ**နေကြောင်း။

**ကုန်သွယ်မှုလျင်မြန်လုံခြုံချောမွေ့စေရေး၊ တရားမဝင်ကုန်သွယ်မှုများ မရှိစေရေး တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်**

ကုန်သွယ်မှုနှင့်ပတ်သက်၍ သွင်းကုန်၊ ပို့ကုန်လုပ်ငန်းများအားလုံးကို ရိုးရိုးသားသား မှန်မှန်ကန်ကန်ဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း၊ သွင်းကုန်၊ ပို့ကုန်ပစ္စည်းများ အရည်အသွေးပြည့်မီမှုရှိစေရေး သက်ဆိုင်ရာတာဝန်ရှိသူများက ကြပ်မတ်စစ်ဆေးဆောင်ရွက်ကြရန်လိုပြီး မရိုးမသား ဆောင်ရွက်ခြင်းများကြောင့် မိမိတို့နိုင်ငံ၏ပုံရိပ်ကို ထိခိုက်နစ်နာမှုများ မဖြစ်စေရန်လိုကြောင်း၊ ကုန်စည်စီးဆင်းမှု မြန်ဆန်ချောမွေ့ စေရေးအတွက်လည်း လမ်းကြောင်းများတစ်လျှောက်၌ မလိုလားအပ်သည့် စစ်ဆေးရေးဂိတ်များ လျှော့ချသွားရန်လိုသကဲ့သို့ တရားမဝင်ကုန်သွယ်မှုများမရှိစေရေး ကြပ်မတ်ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ တရားမဝင်ကုန်သွယ်မှုများ ဆောင်ရွက်ခြင်းကြောင့် နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်အခများမရရှိဘဲ ထိခိုက်နစ်နာခြင်း၊ အရည်အသွေးမပြည့်မီသည့် ပစ္စည်းများကို ပြည်သူများအနေဖြင့် ဈေးကြီးပေး၍ ဝယ်ယူသုံးစွဲနေရသဖြင့်ထိခိုက်နစ်နာခြင်းတို့ကို ဖြစ်ပေါ်စေနိုင်ကြောင်း၊ သို့ဖြစ်၍ကုန်သွယ်မှုလျင်မြန်လုံခြုံချောမွေ့စေရေး၊ တရားမဝင်ကုန်သွယ်မှုများမရှိစေရေး တာဝန်ရှိသူများက အထူးအလေးထားကြပ်မတ်ဆောင်ရွက်သွားကြရန်မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ဖြည့်စွက်ပြောကြားရာတွင် ယခုကာလသည် မိုးရာသီဖြစ်သဖြင့် အချို့ဒေသတွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်လျက်ရှိကြောင်း၊ အဓိကအားဖြင့် မြစ်ကြီးများ အပါအဝင် ချောင်းမြောင်းများတိမ်ကောလာခြင်းနှင့် မိုးရွာသွန်းမှုများပြားလာခြင်းများကြောင့်ဖြစ်သည်ကို တွေ့ရကြောင်း၊ မြစ်ကြီးများ၊ ချောင်းမြောင်းများ တိမ်ကောလာမှုကို မြစ်ချောင်းများ ပြန်လည်ပြုပြင်ထိန်းသိမ်းခြင်း၊ သဲနုန်းများ ဆယ်ယူခြင်းဖြင့် ရေစီးဆင်းမှုများ ကောင်းမွန်လာပြီး ရေကြီးရေလျှံမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားအသုံးပြု၍ သောင်တူးသည့် စက်ကြီးများဖြင့် ဆောင်ရွက်နိုင်အောင် စီမံဆောင်ရွက်လျက်ရှိကြောင်း။

အချို့မြို့ပေါ်လူနေရပ်ကွက်များတွင်လည်း ရေကြီးရေလျှံမှုများဖြစ်ပေါ်လျက်ရှိကြောင်း၊ များသောအားဖြင့် ရေနုတ်မြောင်းများအတွင်း အမှိုက်သရိုက်များ ပိတ်ဆို့မှုများကြောင့်ဖြစ်သည်ကို တွေ့ရကြောင်း၊ မြို့နေလူထုအနေဖြင့် ရေနုတ်မြောင်းများ ပိတ်ဆို့မှုမရှိစေရေးအတွက်လည်း အမှိုက်များကို စည်းကမ်းတကျစွန့်ပစ်ကြရန်လိုကြောင်း၊ ချောင်းကောမြောင်းကောများကြောင့် မြို့များတွင် ရေကြီးမှုများ ဖြစ်ပေါ်လာခြင်းဖြစ်ကြောင်းနှင့် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များ၊ စည်ပင်သာယာရေးအဖွဲ့များ၊ မြို့နေလူထုတို့က မိမိတို့မြို့ရွာရေကြီးရေလျှံမှုများမဖြစ်ပေါ်စေရေး ဝိုင်းဝန်းတားဆီးကာကွယ် လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း။

မြို့ရွာများ သန့်ရှင်းသာယာလှပရေးနှင့်ပတ်သက်၍ မိမိတို့သွားရောက်ခဲ့သည့် ရုရှားနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့တွင် မြို့ရွာများ သန့်ရှင်းသာယာလှပလျက်ရှိသည်ကိုတွေ့ရှိရကြောင်း၊ **အဓိကအားဖြင့် သက်ဆိုင်ရာ စည်ပင်သာယာအဖွဲ့အစည်းများက ဆောင်ရွက်သကဲ့သို့ ပြည်သူတစ်ဦးချင်းစီကလည်း စည်းကမ်းတကျလိုက်နာဆောင်ရွက်ကြသည်ကို တွေ့ရ**ကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက်လည်း အုပ်ချုပ်မှုပိုင်းဆိုင်ရာနှင့် စည်ပင်သာယာရေးဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် စနစ်တကျကြပ်မတ်ဆောင်ရွက်၍ မြို့နေလူထုနှင့်ပူးပေါင်းပြီး မြို့ရွာများသန့်ရှင်းသာယာလှပရေးအတွက် ဆောင်ရွက်သွားကြစေလိုကြောင်း။

အခြေခံပညာ ကျောင်းများအားလုံး စံကိုက်ကျောင်းများဖြစ်စေရေး ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် အခြေခံပညာကျောင်းပေါင်း ငါးသောင်းခန့်ရှိပြီး စံကိုက်သည့်ကျောင်းမှာ ၁၀ ရာခိုင်နှုန်းခန့်သာရှိကြောင်း၊ အခြေခံပညာကျောင်းများကို စံကိုက်ညီမှုသတ်မှတ်ချက်ကိုခွဲခြားဆောင်ရွက်ရာတွင် အခြေခံပညာမူလတန်းကျောင်း အနေဖြင့် သတ်မှတ်ဧရိယာမှာ သုံး ဧကမှ ငါးဧက၊ အခြေခံပညာအလယ်တန်းကျောင်းအနေဖြင့် ငါးဧကမှ ခုနစ်ဧက၊ အခြေခံပညာအထက်တန်းကျောင်းအနေဖြင့် ခုနစ်ဧကမှ ၁၀ ဧကရှိရန် သတ်မှတ်ထားကြောင်း၊ စံကိုက်ကျောင်းများအဖြစ် ဆောင်ရွက်ရာတွင် ကျောင်းသား၊ ကျောင်းသူများ တန်းစီသည့်နေရာများ၊ အားကစားပြုလုပ်ရန်နေရာများနှင့် ကစားကွင်းများရှိရန်လိုသကဲ့သို့ အဆောက်အအုံများကိုလည်း စနစ်တကျဆောက်လုပ်ရန်လိုကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် တာဝန်ရှိသူများအနေဖြင့် အခြေခံပညာကျောင်းများ၏ မြေပြင်အခြေအနေများကို စနစ်တကျစာရင်းကောက်ယူပြီး သတ်မှတ်ထားသည့် မြေဧရိယာ အကျယ်အဝန်းအခြေအနေပေးသည့် ကျောင်းများကို မိမိတို့အစိုးရတာဝန်ယူချိန်အတွင်း စံကိုက်ကျောင်းများအဖြစ် ဦးစားပေးအဆင့်အလိုက် အဆင့်မြှင့်တင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ စာသင်ကျောင်းများ ဆောက်လုပ်ရာတွင်လည်း စနစ်တကျဆောက်လုပ်ရန်နှင့် ရေရှည်အတွက်ထည့်သွင်းစဉ်းစားလျာထား၍ စီမံချက်များ စနစ်တကျ ရေးဆွဲဆောင်ရွက်သွားရန်လိုကြောင်း၊ စာသင်ကျောင်းများ လုံခြုံမှုရှိစေရေး၊ စနစ်တကျရှိစေရေး၊ သန့်ရှင်းသာယာမှုရှိစေရေး၊ စာသင်ကျောင်းများအနီး ပတ်ဝန်းကျင်ကောင်းများ ဖြစ်စေရေး အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် စနစ်တကျဆောင်ရွက်သွားကြရန်လိုကြောင်း၊ **မိမိတို့နိုင်ငံ၏ ပညာရေးကဏ္ဍမြှင့်တင်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရက ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ကျောင်းသား၊ မိဘ၊ ဆရာ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများအားလုံး ပူးပေါင်းဆောင်ရွက်မှသာလျှင် နိုင်ငံတော်၏ ပညာရေးကဏ္ဍမှာ စနစ်တကျဖြင့်ဘက်စုံတိုးတက်ကောင်းမွန်လာမည်ဖြစ်**ကြောင်း ပြောကြားသည်။

**အဓိကအားဖြင့် သက်ဆိုင်ရာစည်ပင်သာယာအဖွဲ့အစည်းများက ဆောင်ရွက်သကဲ့သို့ ပြည်သူတစ်ဦးချင်းစီကလည်း စည်းကမ်းတကျလိုက်နာဆောင်ရွက်ကြသည်ကို တွေ့ရ. . .**

**မိမိတို့နိုင်ငံ၏ ပညာရေးကဏ္ဍမြှင့်တင်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရက ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ကျောင်းသား၊ မိဘ၊ ဆရာ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများအားလုံး ပူးပေါင်းဆောင်ရွက်မှသာလျှင် နိုင်ငံတော်၏ ပညာရေးကဏ္ဍမှာ စနစ်တကျဖြင့် ဘက်စုံတိုးတက်ကောင်းမွန်လာမည်ဖြစ်. . .**

ဆက်လက်၍ နိုင်ငံတော်သမ္မတက နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် အခွန်ထမ်းဆောင်မှုနှင့် ပတ်သက်၍ စီးပွားရေးလုပ်ငန်းဆောင်ရွက်နေသူများ၊ ပြည်သူများအနေဖြင့် အခွန်ငွေများကို ထမ်းဆောင်ကြပြီး နိုင်ငံတော်အစိုးရအနေဖြင့် အဆိုပါအခွန်ထမ်းငွေများဖြင့် နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ အဆိုပါ အခွန်ထမ်းငွေများကို နိုင်ငံတော်အတွက် အမှန်တကယ်လိုအပ်သည့် နေရာများတွင် အကျိုးရှိရှိ အသုံးချကြရန်လိုကြောင်း၊ ဝန်ကြီးဌာနများအလိုက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အခွန်ငွေများကို ထိထိရောက်ရောက်အသုံးချရာတွင် အခွန်ထမ်းပြည်သူများ၏မျက်နှာကို ကြည့်ရန်လိုကြောင်း။

မိမိတို့အနေဖြင့် ဖက်ဒရယ်ကိုအခြေခံသည့် ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းနေခြင်းဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် လုပ်ပိုင်ခွင့်များကို ပေးအပ်ထားသကဲ့သို့ ပြည်ထောင်စုအစိုးရအဖွဲ့က ချမှတ်ဆောင်ရွက်သည့်မူဝါဒများကိုလည်း အောင်မြင်အောင် ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ကြရန်လိုကြောင်း၊ ထိုသို့အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုဝန်ကြီးဌာနများကလည်း စနစ်တကျဝိုင်းဝန်းကြပ်မတ်ဆောင်ရွက်ကြရန် လိုကြောင်းမှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

PPIB News

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ သွားရောက်လေ့လာ





အခြေခံပညာအထက်တန်းကျောင်း (ပြည်စံအောင်)နှင့် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)အတွင်း ကြည့်ရှုလေ့လာကြစဉ်။

**နေပြည်တော် ဩဂုတ် ၂၅**

အနာဂတ်မျိုးဆက်သစ် လူငယ်များ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ကြည့်ရှု၍ တွဲဖက်လေ့လာနိုင်ရန်၊ နိုင်ငံတော်၏သမိုင်းကြောင်းနှင့် တပ်မတော်သမိုင်းဆိုင်ရာ အမွေအနှစ်များကို လေ့လာနိုင်ရန်၊ လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းစဉ်များနှင့် တပ်မတော်၏ အမျိုးသားရေးတာဝန် ထမ်းဆောင်ခဲ့မှုသမိုင်းကြောင်းများကို သိရှိနားလည်စေရန်ရည်ရွယ်၍ နိုင်ငံတော်အစိုးရ၏လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတ တိုးပွားစေရန်အတွက် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုကြောင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း (ပြည်စံအောင်)နှင့် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် ယနေ့တွင် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)အတွင်းရှိ ခေတ်အဆက်ဆက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ၏ ရုပ်တုများနှင့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြပြီး မြန်မာ့တပ်မတော်သမိုင်းမှတ်တမ်း ရုပ်ရှင်ကြည့်ရှုကြသည်။ ဆက်လက်၍ ပြတိုက်တာဝန်ရှိသူက ပြတိုက်သမိုင်း၊ ရည်ရွယ်ချက်နှင့် ပြတိုက်အတွင်း ကဏ္ဍအလိုက် ပြခန်း၊ ပြကွက်များ ပြသထားမှုတို့ကို လိုက်လံရှင်းလင်းပြောကြားရာ စစ်သမိုင်းပြတိုက်အတွင်းရှိ ရှေးမြန်မာမင်းများ အသုံးပြုသည့် ပစ္စည်းများ၊ ရှေးမြန်မာမင်းများ၏ စစ်အင်္ဂါလေးပါးဖြင့် စစ်ထွက်တော်မူပုံပြသထားရှိမှုများ၊ ရှေးခေတ်မြန်မာ့တပ်မတော်သုံး ပစ္စည်းများနှင့် သမိုင်းကြောင်းများကိုလည်းကောင်း၊ တပ်မတော်(ရေ) ပြခန်းတွင် မြန်မာနိုင်ငံအတွင်းရှိ ပင်လယ်ပြင်ဧရိယာအကျယ်အဝန်းနှင့် ရေပိုင်နက် နယ်နိမိတ်ပြကွက်၊ ရှေးခေတ်မြန်မာ့ရေတပ်၊ ဂျပန်ခေတ် မြန်မာ့ရေတပ်နှင့် ဒုတိယကမ္ဘာစစ်အတွင်း မြန်မာ့ရေတပ်မှတ်တမ်းဓာတ်ပုံများ ခေတ်အဆက်ဆက်တပ်မတော်(ရေ)၏သမိုင်းမှတ်တမ်းဓာတ်ပုံများ၊ စစ်ရေယာဉ်ပုံစံငယ်များကိုလည်းကောင်း၊ တပ်မတော်(လေ)ပြခန်းတွင် ခေတ်အဆက်ဆက် တာဝန်ထမ်းဆောင်ခဲ့သော ကာကွယ်ရေးဦးစီးချုပ်(လေ)များ၏ ဓာတ်ပုံမှတ်တမ်းများ၊ တပ်မတော်(လေ)၏ ဆောင်ရွက်ချက်မှတ်တမ်းဓာတ်ပုံများ၊ တပ်မတော်(လေ)၏ မူးယစ်ဆေးဝါးနှိမ်နင်းရေးတွင် ပါဝင်ဆောင်ရွက်မှုဓာတ်ပုံမှတ်တမ်းများ၊ လေသူရဲကောင်းများ မွေးထုတ်ပုံအဆင့်ဆင့် ဓာတ်ပုံမှတ်တမ်းများအပြင် ပြင်ပပြကွက်များအနေဖြင့် တပ်မတော်(ကြည်း)ပြင်ပကွက်တွင် ခင်းကျင်းပြသထားသော ရှေးခေတ်ကြေးသွန်းအမြောက်များ ဒုတိယကမ္ဘာစစ်နှင့် စစ်ပြီးကာလတို့တွင် အသုံးပြုခဲ့သော အမြောက်နှင့် သံချပ်ကာများ၊ တပ်မတော်(ရေ) ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသော စစ်ရေယာဉ်ပုံစံတူများ၊ တပ်မတော်(လေ) ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသော ခေတ်အဆက်ဆက်အသုံးပြုခဲ့သော တပ်မတော်လေယာဉ်များကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြပြီး သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းတာဝန်ရှိသူများက ရှင်းလင်းဖြေကြားပြီး ယနေ့လေ့လာမှတ်သားခဲ့သည့် ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပကာ ပြတိုက်တာဝန်ရှိသူများ၏ မေးမြန်းချက်များကို မှန်ကန်စွာဖြေဆိုနိုင်သော ကျောင်းသား၊ ကျောင်းသူများကို စာရေးကိရိယာများနှင့် အသုံးအဆောင်ပစ္စည်းများ ဆုအဖြစ်ချီးမြှင့်ပေးအပ်သည်။

လေ့လာရေး သွားရောက်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါတယ်-







"ကျွန်မနာမည်ကတော့ ဆရာမဒေါ်ဝင်းဝင်းမူဖြစ်ပါတယ်။ ဇေယျာသီရိမြို့နယ် အခြေခံပညာအထက်တန်းကျောင်း (ပြည်စံအောင်)မှ အလယ်တန်းပြဆရာမ တစ်ဦးဖြစ်ပါတယ်။ အခုလိုလာရောက်လည်ပတ်ရတဲ့အတွက် ကျွန်မကိုယ်တိုင်လဲ စိတ်ဝင်စားမှုရှိပါတယ်။ ကျွန်မကိုယ်တိုင် မသိသေးတဲ့ ဗဟုသုတတွေ အများကြီးရတဲ့အတွက်ကြောင့် ကလေးတွေကိုယ်တိုင်လဲ အဲ့ဒီလိုပဲခံစားရမယ်ထင်ပါတယ်။ အခုလို မျိုးစီစဉ်ပေးတဲ့ နိုင်ငံတော်အကြီးအကဲတွေကို အထူးပဲကျေးဇူးတင်ရှိပါတယ်"ဟု ပြောသည်။

"ကျွန်တော်ကတော့ ဇေယျာသီရိမြို့နယ် အခြေခံပညာအထက်တန်းကျောင်း (ပြည်စံအောင်)မှာ ပညာသင်ကြားနေတဲ့ အလယ်တန်းကျောင်းသား တစ်ဦးဖြစ်ပါတယ်။ တပ်မတော်စစ်သမိုင်းပြတိုက်ကို လာရောက် လေ့လာရတဲ့အချိန်မှာ တပ်မတော်ကြီးဟာ မြန်မာနိုင်ငံကို ဘယ်လောက်ထိအောင် ပံ့ပိုးပေးခဲ့တယ်။ လုပ်ဆောင်ပေးခဲ့တယ်ဆိုတဲ့ အကြောင်းအရာတွေကို သိခဲ့ရပါတယ်။ ကျွန်တော်တို့ ကျောင်းမှာ စာတွေ့ပဲသင်ရပြီးတော့ တပ်မတော်စစ်သမိုင်းပြတိုက်မှာ သမိုင်းကြောင်းတွေကို လက်တွေ့ကျကျပုံဖော်ပြသပေးထားတဲ့အတွက်ကြောင့် ကျွန်တော်တို့ စာသင်တဲ့အချိန်မှာ မျက်လုံးထဲမှာ မြင်လွယ်ပါတယ်။ ကျွန်တော်တို့တွေ့ခဲ့တဲ့ ကျောက်ခေတ်၊ သံခေတ်တွေတုန်းက အသုံးပြုခဲ့ကြတဲ့ လက်နက်တွေကို ကျွန်တော်တို့ စာသင်တဲ့အချိန်မှာ မျက်လုံးထဲ မြင်ယောင်ပြီးတော့ စာမှတ်ရ၊ ကျက်ရ ပိုပြီးလွယ်ကူစေပါတယ်။ လေ့လာရေးခရီးစဉ်ကို စီစဉ်ဆောင်ရွက်ပေးကြတဲ့ နိုင်ငံတော်အကြီးအကဲတွေကို ကျေးဇူးတင်ပါတယ်"ဟု ပြောသည်။ (၅၀၁)

---

## အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များသို့ အသိပေးကြေညာချက်

၁။ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်၏ မတည်ထောက်ပံ့ငွေဖြင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေကို ထူထောင်ထားရှိပြီး အဆိုပါရန်ပုံငွေမှ ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို သက်သာသော အတိုးနှုန်းဖြင့် မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ် ၁၆ ဘဏ်တို့မှ တစ်ဆင့် အာမခံပစ္စည်းပေးအပ်၍ဖြစ်စေ၊ ချေးငွေအာမခံ Credit Guarantee Insurance–CGI စနစ်ဖြင့်ဖြစ်စေ ချေးငွေများထုတ်ချေးပေးလျက်ရှိသည်။

၂။ MSME ချေးငွေရယူလိုသည့် လုပ်ငန်းရှင်များအနေဖြင့် သက်ဆိုင်ရာ မြို့နယ်၊ ခရိုင် MSME အေဂျင်စီများတွင် ချေးငွေလျှောက်ထားရမည်ဖြစ်ပြီး MSME ချေးငွေစည်းကမ်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

**(က) MSME လုပ်ငန်းတစ်ခုသို့ အများဆုံးထုတ်ချေးမည့်ပမာဏ**

- အသေးစားနှင့်အငယ်စားစီးပွားရေးလုပ်ငန်းများ – ကျပ် ၅၀ သန်းထိ
- အလတ်စားစီးပွားရေးလုပ်ငန်းများ – ကျပ် ၁၀၀ သန်းထိ
- CGI စနစ်ဖြင့် ထုတ်ချေးခြင်း – ကျပ် ၅၀ သန်းထိ
  (မြန်မာ့အာမခံလုပ်ငန်း၊ ပုဂ္ဂလိက ဖက်စပ်အထွေထွေ အာမခံကုမ္ပဏီ သုံးခု၊ ပြည်တွင်း ပုဂ္ဂလိကအထွေထွေအာမခံကုမ္ပဏီ ခြောက်ခုတို့မှ ဆောင်ရွက်ပေးမည်။)

**( ခ ) ချေးငွေအမျိုးအစားနှင့်အတိုးနှုန်း**

- ပုံသေပစ္စည်း (Fixed Capital) အနည်းဆုံး ( ၃၀ ရာခိုင်နှုန်း )နှင့်အထက် အသုံးပြုမည့် ချေးငွေတွင် ချေးငွေသက်တမ်း အများဆုံး သုံးနှစ်၊ အတိုးနှုန်း – သုံးရာခိုင်နှုန်း
- လှည့်ပတ်ငွေ (Working Capital) (၁၀၀ ရာခိုင်နှုန်း) အသုံးပြုမည့်ချေးငွေတွင် ချေးငွေသက်တမ်း အများဆုံး တစ်နှစ် ခြောက်လ၊ အတိုးနှုန်း – လေးရာခိုင်နှုန်း
- CGI စနစ်ဖြင့် ထုတ်ချေးမည့်ချေးငွေ၊ အတိုးနှုန်း – ငါးရာခိုင်နှုန်း
  (CGI စနစ်ဖြင့် ငွေချေးယူသူသည် အထက်ပါအတိုးနှုန်း ငါးရာခိုင်နှုန်းအပြင် ချေးငွေအာမခံ (CGI ပရီမီယံကြေးကို ထပ်ဆောင်းကျခံရမည်ဖြစ်ပါသည်။)

**( ဂ ) ချေးငွေအတွက် တင်ပြနိုင်သည့် အာမခံပစ္စည်းများ**

- မြေနှင့် အဆောက်အအုံ၊
- စက်၊ ယာဉ်ယန္တရား၊
- ငွေစုလက်မှတ်၊
- အစိုးရငွေတိုက်စာချုပ်၊
- စာရင်းသေအပ်ငွေ (အချိန်ပိုင်းအပ်ငွေ)၊
- အပေါင်ပြုနိုင်သည့် ငွေချေးသက်သေခံလက်မှတ်များ၊
- ချေးငွေအာမခံ Credit Guarantee ။

**(ဃ) အာမခံအဖြစ် လက်ခံဆောင်ရွက်ပေးမည့် မြေအမျိုးအစား**

- ဘိုးဘွားပိုင်မြေ၊ ဂရန်မြေ၊ လန (၃၉)မြေ၊ (၃)(ခ)မြေ၊ လယ (၃၀)(က) (ခ)မြေ၊ လယ်ယာမြေ လုပ်ပိုင်ခွင့်လက်မှတ်ပုံစံ (၇)၊ စက်မှုစီးပွားဂရန်။

**( င ) အာမခံအဖြစ် လက်ခံဆောင်ရွက်ပေးမည့် အဆောက်အအုံအမျိုးအစား**

- ကွန်ကရစ်တိုက် (RC)၊ အုတ်ညှပ်အဆောက်အအုံ၊ တိုက်ခံအိမ်၊ အုတ်ပတ်ကားတိုက် အဆောက်အအုံ၊ Steel Structure၊ ခြောက်ထပ်နှင့်အထက် ကွန်ဒိုတိုက်ခန်း။

၃။ သို့ဖြစ်ပါ၍ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေမှ ချေးငွေရယူလိုသူ MSME လုပ်ငန်းရှင်များအနေဖြင့် အာမခံပစ္စည်းများတင်ပြ၍ ချေးငွေလျှောက်ထားနိုင်ပါကြောင်းနှင့် အာမခံပစ္စည်းပေးအပ်နိုင်ခြင်းမရှိပါက ချေးငွေအာမခံ Credit Guarantee Insurance – CGI စနစ်ဖြင့် ချေးငွေပမာဏ အများဆုံး ငွေကျပ် သန်း ၅၀ ထိ လျှောက်ထားနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့**

## မန္တလေးတိုင်းဒေသကြီးအဆင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှု တန်ဖိုးသင့်အာဟာရချက်ပြုတ်ပြိုင်ပွဲ ကျင်းပ၊ ဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်



**မန္တလေး ဩဂုတ် ၂၅**

၂၀၂၆ ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ အထိမ်းအမှတ်အဖြစ် မန္တလေးတိုင်းဒေသကြီးအဆင့် အာဟာရ ဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှု တန်ဖိုးသင့်အာဟာရချက်ပြုတ်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး၌ ကျင်းပခဲ့ပြီး ဆုရရှိသည့် ခရိုင်အသင်းများကို ဆုများပေးအပ်ချီးမြှင့်၍ ကိုယ်ဝန်ဆောင်မိခင်များကို အာဟာရဖြည့်စွက်စာ၊ အဏုအာဟာရဆေးပြားများနှင့် အသက်ခြောက်လမှ အသက်ငါးနှစ်ထိ ကလေးများကို ဗီတာမင်အေ ဆေးများ တိုက်ကျွေးကာ အမှတ်တရလက်ဆောင်များ၊ အာဟာရဖြည့်စွက်စာများ ပေးအပ်သည်။

ဦးစွာ တန်ဖိုးသင့်အာဟာရချက်ပြုတ်ပြိုင်ပွဲဝင်များ၏ ပြင်ဆင်ဆောင်ရွက်ထားရှိမှုကို မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် ကြည့်ရှုအားပေးပြီး တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူတို့က အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု တန်ဖိုးသင့် အာဟာရချက်ပြုတ်ပြိုင်ပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်များ၊ ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ ဆုရရှိသူများကို ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ဝန်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ရောဝတီတိုင်းဒေသကြီးအတွင်း မြို့နယ် ခြောက်မြို့နယ်ရှိ ရပ်ကွက် ၂၀ နှင့် ကျေးရွာအချို့ ရေဝင်ရောက်မှုဖြစ်ပွား၊ ကူညီကယ်ဆယ်ရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ရေဝင်ရောက်မှုတားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဩဂုတ် ၂၅**

ရောဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ပြီးခဲ့သည့် ဇူလိုင် ၃၀ ရက် ညပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ဝန်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရပ်ကွက်ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှုစတင်ဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် ယနေ့ထိ လေးမျက်နှာမြို့ပေါ် ရပ်ကွက် ငါးခုနှင့် ကျေးရွာအချို့အပြင် ဟင်္သာတ၊ ရေကြည်၊ ငါးသိုင်းချောင်း၊ ကျုံပျော်၊ ကျောင်းကုန်းမြို့နယ်တို့ရှိ ရပ်ကွက် ၁၅ ခုနှင့် ကျေးရွာအချို့တို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

အဆိုပါဒေသများရှိ ရေဘေးသင့်ပြည်သူများအတွက် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုနှင့်အတူ ရေဘေးကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားရှိပြီး အရေးပေါ်ကူညီကယ်ဆယ်နိုင်ရေးအတွက် အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ရှာဖွေကူညီကယ်ဆယ်ပေးခြင်း၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ဝန်ပန်းတာရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာသုံးအင်ဂျင်နီယာဆိုင်ရာ တားဆီးမှုများဖြစ်သည့် (Geobags) သဲအိတ်ကြီးများချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များ ဖြည့်၍ကာကွယ်ခြင်းနှင့် Steel Sheet Pileရိုက်သွင်းခြင်း စသည့် ဝန်ပန်းတာတမံနိမ့်ကျနေရာများ ပြန်လည်ခိုင်မာရေးလုပ်ငန်းများကို စက်ယန္တရားများနှင့် လုပ်အားစုများအသုံးပြု၍ အင်တိုက်အားတိုက်အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကူညီကယ်ဆယ်ရေးနှင့် ရေဝင်ရောက်မှု တားဆီးကာကွယ်ရေးလုပ်ငန်းဆောင်ရွက်နေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (မဝဒ)

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဦးထင်အောင်ကျော်အား ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## အလွတ်တန်းအဆင့် ဆောင်းပါးပြိုင်ပွဲကျင်းပမည်

၁။ ၂၀၂၆ ခုနှစ် အောက်တိုဘာ ၁၃ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ်အဖြစ် **“ဘေးဒဏ်ကြံ့ကြံ့ခံနိုင်ဖို့ နေအိမ်များမှစတင်စို့”** ခေါင်းစဉ်ဖြင့် အလွတ်တန်းအဆင့်ဆောင်းပါးပြိုင်ပွဲကို ကျင်းပသွားမည်ဖြစ်ပြီး ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိသူများကို နေပြည်တော်တွင် ကျင်းပမည့် အထိမ်းအမှတ်အခမ်းအနားနေ့တွင် ဂုဏ်ပြုဆုငွေနှင့် ဆုတံဆိပ်များ ချီးမြှင့်သွားမည်ဖြစ်ပါသည်။

၂။ ပြိုင်ပွဲစည်းကမ်းသတ်မှတ်ချက်များကို https://bit.ly/Articles-2026 တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး တယ်လီဖုန်းအမှတ် ၀၆၇ ၃၄၀၄၀၄၉၊ ၀၆၇ ၃၄၀၄၀၇၁ သို့လည်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**
**ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန**

## ၂၀၂၆ ခုနှစ် ဩဂုတ် ၂၅ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ဈေးနှုန်း ၇၁၅၀၀၀၀ ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ထူးခြားသည့် နေ့အပူချိန်များ

(၂၅ - ၈ - ၂၀၂၆)

| | | | | |
|---|---|---|---|---|
| ချောက် | ၃၅ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦး | ၃၅ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| မကွေး | ၃၄ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ပခုက္ကူ | ၃၄ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ကလေးဝ | ၃၄ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံ | ၃၄ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| အောင်လံ | ၃၄ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ဆင်ဖြူကျွန်း | ၃၄ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မြောင်းမြ | ၃၄ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မင်းဘူး | ၃၃ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| တောင်တွင်းကြီး | ၃၃ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ဗြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။



**◆ ပိုက်ကျော်ခြင်းပြိုင်ပွဲမှ**

အုပ်စုပတ်လည် နောက်ဆုံးပွဲစဉ်များအဖြစ် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအသင်းက ကချင်ပြည်နယ်အသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ ကရင်ပြည်နယ်အသင်းက ကယားပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မွန်ပြည်နယ်အသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ မကွေးတိုင်းဒေသကြီးအသင်းက ချင်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ကွာတားဖိုင်နယ်ပွဲစဉ်များအဖြစ် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ မွန်ပြည်နယ်အသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ်အသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

အလားတူ ပိုက်ကျော်ခြင်း အမျိုးသမီး နှစ်ယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အုပ်စုပတ်လည် နောက်ဆုံးပွဲစဉ်များအဖြစ် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ မွန်ပြည်နယ်အသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ်အသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ မကွေးတိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအသင်းက ချင်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ကွာတားဖိုင်နယ်ပွဲစဉ်များအဖြစ် မွန်ပြည်နယ်အသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မကွေးတိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ်အသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

ဩဂုတ် ၂၆ ရက်(**ယနေ့**)တွင် ပိုက်ကျော်ခြင်း အမျိုးသား၊ အမျိုးသမီး အကြို ဗိုလ်လုပွဲ၊ တတိယလုပွဲနှင့် ဗိုလ်လုပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်ကစားမည်ဖြစ်ရာ အားကစားဝါသနာရှင်များ မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**● မိုးထစ်ချုန်းရွာမည်မှ**

တိမ်တိုက်များကြောင့် လည်းကောင်း၊ အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ် မြောက်ပိုင်းနှင့်ယင်းနှင့်ဆက်စပ်လျက်ရှိသော ဂျက်ခမ်းပြည်နယ်နှင့် အနောက်ဘင်္ဂလားပြည်နယ်တို့တွင်ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း ယနေ့နံနက်မှ ဩဂုတ် ၂၉ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၁ ပေမှ ၁၃ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနိုင်ခြင်းကြောင့်လည်းကောင်း၊ တုံကင်ပင်လယ်ကွေ့တွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်း "နာရာ"မှ ပြတ်ထွက်လာသော တိမ်တိုက်များကြောင့်လည်းကောင်း၊ အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဂျက်ခမ်းပြည်နယ်၊ အနောက်ဘင်္ဂလားပြည်နယ်တို့တွင်ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက် ရေကြီးခြင်း၊ မြေပြိုခြင်းစသည့်သဘာဝ ဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် ကြိုတင်သတိပြုနိုင်ရန် အသိပေးနှိုးဆော်ထားသည်။

**(မိုး/ဇလ)**

## ရေဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေးနှင့် စပ်လျဉ်း၍ ပြည်သူသို့အသိပေးနှိုးဆော်ချက်

၁။ မြန်မာနိုင်ငံတွင် နှစ်စဉ်ရေကြီးမှုအနေဖြင့် ဇွန်လ (မိုးဦးကာလ)တွင် တစ်ကြိမ်၊ ဇူလိုင်လမှ ဩဂုတ်လအတွင်း (မိုးလယ်ကာလ)တွင်တစ်ကြိမ်၊ စက်တင်ဘာလမှ နိုဝင်ဘာလအတွင်း (မိုးနှောင်းနှင့် မိုးလွန်ကာလ) တွင် တစ်ကြိမ် စုစုပေါင်းသုံးကြိမ် ဖြစ်ပေါ်လေ့ရှိပါသည်။ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာနိုင်ကြောင်းနှင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသများအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ် ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီးရေလျှံခြင်းများ ကြိုတင်သတိပြုရှောင်ရှားရန် လိုအပ်ပါသည်။

၂။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ရေဘေးဖြစ်ပွားမှုကြောင့် နေအိမ်အဆောက်အဦပေါင်းများစွာ ထိခိုက်ပျက်စီးခဲ့သည့်အပြင် လူနှင့်တိရစ္ဆာန်သေဆုံး၊ ထိခိုက်/ ဒဏ်ရာရရှိမှုများပြားခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် ရေဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ လျော့နည်းသက်သာစေရန်အတွက် ရေဘေးမဖြစ်ပွားမီ အောက်ပါကြိုတင်ပြင်ဆင်မှုများကို ပူးပေါင်းပါဝင်ဆောင်ရွက်ပေးနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည် -

- (က) မိမိအိမ်ပတ်ဝန်းကျင်ရှိ ဘေးအန္တရာယ်ဖြစ်နိုင်ခြေများနှင့် အိမ်၏ ကြံ့ခိုင်မှုကိုစစ်ဆေးပါ၊
- (ခ) မိသားစုများ အရေးပေါ်ပြောင်းရွှေ့နိုင်ရန်နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင်သတ်မှတ်ထားပါ၊
- (ဂ) ရေစိုပျက်စီးနိုင်သော ပစ္စည်းများကို ခြောက်သွေ့၍ မြင့်သောနေရာတွင်ထားရှိပါ၊
- (ဃ) မိမိပတ်ဝန်းကျင်ရှိ မြစ်ချောင်းများ၏ အန္တရာယ်ရှိနိုင်သော ရေကြီးမှုအမြင့်ပေများကို သိရှိမှတ်သားထားပါ၊
- (င) သောက်သုံးရေများ ကြိုတင်စုဆောင်းထားပါ၊
- (စ) မြေနိမ့်ဒေသ၊ ချိုင့်၊ ရေနုတ်မြောင်း အစရှိသည့် ရေလွှမ်းမိုးပါက အန္တရာယ်ဖြစ်နိုင်သောနေရာများကို မြင်သာသော အမှတ်အသားထားရှိပါ၊
- (ဆ) အရေးပေါ်သုံးပစ္စည်းများနှင့် အရေးပေါ်အသက်ကယ်ပစ္စည်းများကို ကြိုတင်ပြင်ဆင်ထားပါ၊

၄။ ရေကြီးခြင်းသတိပေးချက်ရလျှင် ပြည်သူများအနေဖြင့် အောက်ပါတို့ကို သတိပြုလိုက်နာဆောင်ရွက်ကြရန် လိုအပ်ပါသည်-

- (က) သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသသတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။ အခြားသူများကို မျှဝေပါ။
- (ခ) တောင်ပေါ်ဒေသများ၊ ချောင်းများ၊ မြစ်ဖျားများတွင် မိုးကြီးပါက မြစ်ဝှမ်းတစ်လျှောက်တွင် လျှပ်တစ်ပြက်ရေကြီးခြင်းများဖြစ်နိုင်ကြောင်း သတိပြုကြပါ။
- (ဂ) အရေးပေါ်သုံးပစ္စည်းများ၊ စားရေရိက္ခာနှင့် အရေးကြီးစာရွက်စာတမ်းများကို မိမိနှင့်အတူထားရှိပါ။
- (ဃ) မိသားစုဝင်များကွဲကွာသွားပါက ပြန်လည်ဆက်သွယ်ရန် ဖုန်းနံပါတ်၊ အမည်ရပ်ကွက်၊ ကျေးရွာ၊ မြို့ဆက်သွယ်ရမည့်သူ စသည်တို့အား ရေးသားပြီး မိသားစုဝင်တိုင်းယူဆောင်ထားပါ၊
- (င) သက်ဆိုင်ရာအစိုးရဌာန၏ ညွှန်ကြားချက်ရရှိပါက ရွေးချယ်ထားသော ဘေးလွတ်ရာနေရာသို့ ပြောင်းရွှေ့ခိုလှုံပါ။

၅။ ရေကြီးခြင်းဖြစ်ပေါ်နေချိန်တွင် ပြည်သူများအနေဖြင့် အောက်ဖော်ပြပါ သတိပြုလိုက်နာရန်အချက်များနှင့် ရှောင်ရှားသင့်သည့်အချက်များအား အသိပေးနှိုးဆော်အပ်ပါသည်-

- (က) သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသသတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ၊
- (ခ) အိမ်သုံးလျှပ်စစ်ပစ္စည်းများ၊ မိန်းခလုတ်များကို ပိတ်ထားပါ၊
- (ဂ) သောက်သုံးရေသန့် (သို့မဟုတ်) ကျိုချက်ထားသောရေ (သို့မဟုတ်) ရေသန့်ဆေးခတ်ထားသော ရေကိုသာ အမြဲသောက်သုံးပါ။
- (ဃ) အဆိပ်ရှိသော တိရစ္ဆာန်များ၊ အိမ်၊ ခြံအတွင်း၌ ရှိ၊ မရှိ စစ်ဆေးပါ၊
- (င) တိရစ္ဆာန်များကို မလိုအပ်ဘဲ ချည်နှောင်ထားခြင်းမပြုလုပ်ပါနှင့်၊
- (စ) ရေကြီးသောဒေသများတွင် မြစ်၊ ချောင်း၊ ကမ်းပါးတိုက်စားပြီး ပြိုကျတတ်သောကြောင့် မြစ်၊ ချောင်း ကမ်းပါးများအနီးသို့ မသွားပါနှင့်၊
- (ဆ) ရေထဲတွင် ရေကူးခြင်း၊ လမ်းလျှောက်ခြင်းများ မပြုလုပ်ပါနှင့်၊ ရေစိုနေသော လျှပ်စစ်ပစ္စည်းများကို အသုံးမပြုပါနှင့်၊

၆။ ရေကြီးခြင်းဖြစ်ပွားပြီးနောက် ပြည်သူများအနေဖြင့် အောက်ဖော်ပြပါအချက်များအား သတိပြုလိုက်နာဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

- (က) မိသားစုဝင်များ ပျောက်ဆုံး၊ ကွဲကွာပါက သက်ဆိုင်ရာသို့ အကြောင်းကြားပါ၊
- (ခ) အမှိုက်များအား စနစ်တကျရှင်းလင်းခြင်း၊ တိရစ္ဆာန်အသေကောင်များအား စနစ်တကျ မီးရှို့ခြင်း (သို့မဟုတ်) မြေမြှုပ်ခြင်းများ ပြုလုပ်ပါ၊
- (ဂ) အန္တရာယ်ရှိနိုင်သော ဓာတ်ကြိုးများ၊ ဓာတ်တိုင်သစ်ပင်သစ်ကိုင်းများကို သတိပြုရှောင်ရှားပါ။ သက်ဆိုင်ရာသို့ အကြောင်းကြားပြီး ကူညီရှင်းလင်းပါ။
- (ဃ) ရေကြီးခြင်း၏ နောက်ဆက်တွဲအနေဖြင့် ဖြစ်ပေါ်နိုင်သော ဘေးအန္တရာယ်များနှင့် ကူးစက်ရောဂါများကို ဂရုပြုပါ၊
- (င) ကယ်ဆယ်ရေးနှင့် အရေးပေါ်ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပူးပေါင်းလုပ်ဆောင်ပါ၊
- (စ) သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာခြင်းမဟုတ်သည့် ကောလာဟလသတင်းများကို မယုံပါနှင့်၊
- (ဆ) မသန့်ရှင်းသော ရေအရင်းအမြစ်များကို မသုံးစွဲပါနှင့်၊
- (ဇ) ရေစိုပြီး အနံ့အသက်မကောင်းသော အစားအစာများ မစားပါနှင့်၊
- (ဈ) ရေထဲတွင် ဖိနပ်မပါဘဲ လမ်းမလျှောက်ပါနှင့်။

၇။ သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄)နာရီ ဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ဝ၆၇-၃၄ဝ၄၆၆၆၊ ဝ၆၇-၃၄ဝ၄၇၇၇ တို့ကို ဆက်သွယ်၍ အကူအညီတောင်းခံနိုင်ပါကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အသိပေးကြေညာအပ်သည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**









နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများပူးပေါင်း၍ ညောင်တုန်းကျွန်းတာ(ဧရာဝတီမြစ်ခွဲ)၌ မြစ်ကမ်းပြိုမှုကြောင့် ရေကြီးရေလျှံမှုမဖြစ်စေရေး ကြိုတင်တားဆီးကာကွယ်ရေးလုပ်ငန်းဆောင်ရွက်နေစဉ်။

❑ ညောင်တုန်းမြို့နယ်မှ ဌာနဆိုင်ရာတာဝန်ရှိသူများက အချိန်နှင့်တစ်ပြေးညီ သွားရောက်ကြည့်ရှု စစ်ဆေးပြီး တာကိုယ်ထည်တိုက်စားမှု ဖြစ်ပေါ်ခဲ့သည့် နေရာ၏ အနောက်ဘက် ပေ ၂၀၀ ခန့် အကွာတွင် အလျား ပေ ၇၀၀၊ အမြင့် ၁၀ ပေ ယာယီတာပတ်ခြင်း (Ring Bund)လုပ်ငန်းများကို စက်ယန္တရားများအသုံးပြု၍ ဆောင်ရွက်ခြင်း၊ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများပူးပေါင်း၍ သဲအိတ်ဆင့်ခြင်းများ၊ တာထောက်ခြင်းများကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြစ်ကမ်းပါးရေတိုက်စားမှု ဖြစ်ပွားသည့်နေရာတွင် ရေအရင်းမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးရေးဦးစီးဌာနကလည်း ဩဂုတ် ၂၀ ရက်နှင့် ၂၂ ရက်တို့တွင် နိုင်လွန်ပိုက်နှင့် ရေရှိန်သတ်နှန်းဖမ်းခြင်း လုပ်ငန်း လေးခုကို ဆောင်ရွက်ခဲ့သော်လည်း ရေတိုက်စား၍ မြစ်ကမ်းပါးပြိုကျမှု ဖြစ်ပွားခဲ့သည်။ အဆိုပါ မြစ်ကမ်းပါးရေတိုက်စားမှုဖြစ်စဉ် ဖြစ်ပွားသည့်နေရာအနီးရှိ ချောင်းကြီး၊ ဂန်ချောင်း၊ မာယူ၊ ထုံးဝစသည့် ကျေးရွာတို့ကိုလည်း ရေဘေးလွတ်ရာနေရာများသို့ အချိန်မီပြောင်းရွှေ့နိုင်ရေး အကြောင်းကြားထားပြီး တာပတ်ခြင်းလုပ်ငန်းဆောင်ရွက်သည့်နေရာအနီးရှိ လူနေအိမ်များကိုလည်း ဘေးလွတ်ရာသို့ပြောင်းရွှေ့နိုင်ရေး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၁)

# ၃၃ ကေဗွီ ဓာတ်အားခွဲရုံ အမှတ်(၄)ရှိ ၁၁ ကေဗွီ ဓာတ်အားလိုင်းကို ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်စဉ် ယာယီဓာတ်အားပြတ်တောက်မည်

နေပြည်တော် ဩဂုတ် ၂၅

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ဓာတ်အားပြတ်တောက်မှု လျော့နည်းစေရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ဓာတ်အားလိုင်းများတစ်လျှောက် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ၊ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်ရန် ၃၃ ကေဗွီ ဓာတ်အားခွဲရုံ အမှတ်(၄)ရှိ ၁၁ ကေဗွီ ဓာတ်အားလိုင်းကို ဩဂုတ် ၂၆ ရက် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီထိ ဓာတ်အားပိတ်ဆောင်ရွက်သွားမည်ဖြစ်ရာ လုပ်ငန်းများဆောင်ရွက်နေစဉ်အတွင်း စည်ပင်ဧည့်ရိပ်သာ(၂)၊ ရွှေကြာပင်ရပ်ကွက်၊ ဂုံမင်းအင်း၊ ရှားတော၊ တဲကြီးကုန်းကျေးရွာတို့တွင် ဓာတ်အားယာယီပြတ်တောက်နေမည် ဖြစ်ကြောင်းနှင့် ဓာတ်အားပြတ်ရေိယာများရှိ ရုံးဌာနများနှင့် အများပြည်သူဆိုင်ရာနေရာများကို ကြိုတင်အသိပေးထားပြီးဖြစ်ပါကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

■ ဂုဏ်ပြုကြိုဆိုမှု

စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများကို တိုင်းမှူးနှင့်တက်ရောက်လာကြသူများက အောင်သပြေခက်ကမ်း၍လည်းကောင်း၊ တိုင်းရင်းသားရိုးရာ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း၊ သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ ယင်းနောက် တိုင်းမှူးက အောင်ပွဲရ ရှေ့တန်းပြန်တပ်မတော်သားများကို ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

○ ပုလဲမြို့နယ်မှ

နေကြာ ၃၂၂၅ ဧက စိုက်ပျိုး ရန်အတွက် လျာထားပြီး ယခုနှစ် မေလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ပုလဲမြို့နယ် မိုးသီးနှံစိုက်ပျိုးရာသီမှာ နေကြာ ၃၂၂၅ ဧက လျာထားစိုက်ပျိုးခဲ့ရာ ဒီနေ့မှာ ဧကအားလုံးရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပြည်ပမှ တင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံဖြစ်တဲ့ နေကြာကို တိုးချဲ့စိုက်ပျိုးဖို့ ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာရဲ့ တစ်ဧကဆီထွက်ရှိမှုက ကျန်တဲ့ မြေပဲ၊ နှမ်းတွေထက်များပါတယ်"ဟု ပုလဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်လေးနွယ်က ပြောပြသည်။

ပုလဲမြို့နယ်တွင် နေကြာတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ပညာပေးသင်တန်းများ အရှိန်မြှင့်တင်ဆောင်ရွက်ခြင်း၊ ဝန်ထမ်းနှင့် နေကြာစိုက်မည့်တောင်သူများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် ပညာပေးသင်တန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နေကြာကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ခင်လေးနွယ်က ပြောပြ၍ သိရသည်။

(၂၀၆)

## "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"** အစီအစဉ်မှ **"အစိုးရသစ်၏ ပိုမိုခိုင်မာလာသော နိုင်ငံတကာမိတ်ဖက်ဆက်ဆံရေး"** ခေါင်းစဉ်ဖြင့် ၂၆-၈-၂၀၂၆ ရက် **(ယနေ့)** မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၂-၉-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် **"ဓမ္မနဲ့ အဓမ္မကြားမှာ ကြားနေမရှိဆိုပြီး ဒလန်ခေါင်းစဉ်နဲ့ လူမဆန်စွာသတ်ဖြတ်ခဲ့ကြတဲ့ အကြမ်းဖက် NUG၊ PDF "**ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်အား အပတ်စဉ် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## သံလွင်၊ ဘီးလင်းမြစ်ရေတို့ စိုးရိမ်ရေမှတ်ရောက်ရှိနိုင်

နေပြည်တော် ဩဂုတ် ၂၅

ယနေ့ည ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် လေးလက်မခန့်အလိုတွင် ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

အလားတူ ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၂ ပေ ၃ လက်မခန့်အလိုတွင် ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဘားအံမြို့နယ်နှင့် ဘီးလင်းမြို့နယ်တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ရန် သတိပေးနှိုးဆော်အပ်ထားသည်။ (မိုး/ဇလ)

**မိမိပိုင်နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ငါးဦးကို မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်



ပြည်ပနိုင်ငံသား ငါးဦးကို မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်စဉ်။

နေပြည်တော် ဩဂုတ် ၂၅

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-ရွှေကုက္ကိုလ်နယ်မြေတွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် အိန္ဒိယနိုင်ငံသား သုံးဦး၊ မလေးရှားနိုင်ငံသား နှစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ငါးဦးတို့ကို မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်း စာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

အဆိုပါ ပြည်နှင့်လွှဲပြောင်းပေးမှု လုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲလင်းမောင်နှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့် တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ ပြည်နှင့်လွှဲပြောင်းပေးအပ်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်သန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံသံရုံးမှ Third Secretary Mrs. Nur Shakila Binti Lawrence နှင့် တာဝန်ရှိသူများ၊ထိုင်းနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးမှ Assistant Section Officer Mr. Jesse Elhanan Warbah နှင့်တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တဲ့ခ်ခရိုင်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင့်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် ဩဂုတ် ၂၅ ရက်ထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၇၆၄ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကိုစစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၈၂၅ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင့်လွှဲပြောင်းပေးခဲ့သည်။

လွှဲပြောင်းပေးအပ်ရန် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၉၃၉ ဦးတွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလော) ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/ ၁၃(၁)နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၇၂၄ ဦးရှိသည့်အတွက် ကျန်ရှိသည့်ပြည်ပနိုင်ငံသား ၂၁၅ ဦးတို့ကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများ၊ လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင့်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်း ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။(၅၀၁)

# ရန်ကုန်-မန္တလေးရထားလမ်းပိုင်း၌ ပြေးဆွဲပေးလျက်ရှိသည့် အမှတ်(၆)အစုန် မန္တလေး-ရန်ကုန် DEMU ရထားအား ခဲဖြင့်ပေါက်သူကို ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိ




ခဲဖြင့်ပစ်ပေါက်သူ တရားခံကို ဖမ်းဆီးရမိရေး မကျီးပင်ဘူတာ၌ ရထားရပ်တန့်စစ်ဆေးနေစဉ်။



ညောင်လွန့်နှင့် မကျီးပင်ဘူတာကြား အမှတ်(၆)အစုန် DEMU ရထားကို ခဲဖြင့်ပစ်ပေါက်မှုကြောင့် ပထမတန်းတွဲ၏ ပြတင်းတံခါးမှန် ကြေမွကွဲအက်ခဲ့မှု မှတ်တမ်းဓာတ်ပုံ။

နေပြည်တော် ဩဂုတ် ၂၅

မြန်မာ့မီးရထားအနေဖြင့် ရထားစီးခရီးသွားပြည်သူများ ပိုမိုစိတ်ချမ်းမြေ့စွာ သွားလာနိုင်စေရေးအတွက် ခေတ်မီလေအေးပေးစက်ပါ DEMU တွဲဆိုင်းသစ်များဖြင့် လူစီးအမြန်ရထားများ ပြေးဆွဲပေးလျက်ရှိရာ ယနေ့ နံနက် ၁၁ နာရီမိနစ် ၂၀ တွင် အမှတ်(၆)အစုန် မန္တလေး-ရန်ကုန် DEMU လူစီးအမြန်ရထားသည် ညောင်လွန့်နှင့် မကျီးပင်ဘူတာကြား မိုင်တိုင်အမှတ် ၂၅၈/၂၄ နှင့် ၂၅၈/၂၃ ကြား၊ ရန်ကုန်-မန္တလေးရထားလမ်းပိုင်း၊ တပ်ကုန်းမြို့နယ်အတွင်း ရထားပြေးဆွဲနေစဉ် ရထားလမ်းညာဘက်ခြမ်းမှ ခဲဖြင့်ပစ်ပေါက်ခဲ့သဖြင့် ရထားတွဲဆိုင်း ငါးတွဲမြောက် ပထမတန်းတွဲ DEMU F(C)-1006 တွဲ၏ ခုံအမှတ် ၄၃၊ ၄၄၊ ၄၅၊ ၄၆ ကြား ပြတင်းတံခါးမှန်ကို ထိမှန်၍ မှန်ကြေမွကွဲအက်မှုဖြစ်ပွားပြီး ခရီးသည်များ ထိခိုက်မှုမရှိကြောင်း သိရသည်။

အဆိုပါဖြစ်ပွားရာနေရာအနီး မကျီးပင်ဘူတာသို့ ရထားကိုနောက်ပြန်ဆုတ်၍ ရထားလိုက် လုံခြုံရေးရဲတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက တရားခံဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ပြီး ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေနှင့်အညီ အရေးယူနိုင်ရေး သက်ဆိုင်ရာနယ်မြေရဲစခန်းတွင် အမှုဖွင့်ဆောင်ရွက်သွားမည်ဖြစ်သည်။ အဆိုပါဖြစ်စဉ်ကြောင့် ရထားကြန့်ကြာမှုမိနစ် ၂၀ ဖြစ်ပေါ်ခဲ့ပြီး အခြားရထားများ ကြန့်ကြာမှုမရှိဘဲ ပုံမှန်အတိုင်းပြေးဆွဲခဲ့ကြောင်း သိရသည်။

ယခုနှစ် ဇန်နဝါရီ ၅ ရက်တွင် ထုတ်ပြန်ပြီးဖြစ်သည့် ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေ၊ အခန်း ၁၈၊ ပုဒ်မ ၇၉ (ခ) အရ ရထားကိုတစ်စုံတစ်ရာဖြင့် ပစ်ပေါက်ခြင်း သို့မဟုတ် တစ်စုံတစ်ရာပြုလုပ်ခြင်းအတွက် ပြစ်ဒဏ်အနေဖြင့် ပုဒ်မ (၈၄)အရ ထိုသူကို အနည်းဆုံး ငါးနှစ်မှ ၂၀နှစ်ထိမပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်ကိုလည်းချမှတ်နိုင်ကြောင်း သိရှိရပြီး ဥပဒေနှင့်အညီ ဆက်လက်အရေးယူ သွားမည်ဖြစ်ကြောင်းနှင့် နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူများ အဆင်ပြေကောင်းမွန်စွာ ခရီးသွားလာရေးနိုင်ရေးအတွက် အဆင့်မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိရာ ပြည်သူများအနေဖြင့် ဝိုင်းဝန်းပူးပေါင်း ထိန်းသိမ်းသွားရန်လိုအပ်ကြောင်း မြန်မာ့မီးရထားမှ သတင်းရရှိသည်။ (သတင်းစဉ်)

## ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်သူများ

ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

၁။ သာသနာ့ဝန်ထမ်းများ။

၂။ အိမ်ထောင်သည် အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။

၃။ ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

၄။ တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

၅။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

### ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုသူများ

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုသူများ

၁။ ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

၂။ ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း သို့မဟုတ် စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

၃။ နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန် မဖြစ်နိုင်သေးသော အသိပညာရှင် သို့မဟုတ် အတတ်ပညာရှင်များ။

၄။ တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ(ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများ မပါ)။

**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

၅။ အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

၆။ နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

၇။ တစ်ဆက်စပ်တည်း လုပ်သက်နှစ်နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။

၈။ ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

# သူဌေးကြီးဦးမြတ်သာနှင့် သူ၏မျိုးဆက်သစ်များ

နွေကုံကျော်(မြို့လှ)



ဩဂုတ် ၂၄ရက်မှအဆက်

"ဩော်... ဒါလား ထုံးစံအတိုင်းပေ့ါဟယ်"

"အင်း... ထင်တော့ထင်သား"

"သူဇာအေး မလွန်ပါဘူးဟယ်။ သူ့လောက် ရုံးအလုပ်ကို စေတနာထားပြီးလုပ်တာ သူပဲရှိတာပါ။ ဒါကို နေမကောင်းလို့ ခွင့်လေးတစ်ညနေ မဖြစ်မနေယူလိုက်မိပါတယ်။ ဆူလို့ပြောလို့ကို မပြီးတော့ဘူး။ ဖြစ်ချင်တော့ သူဌေးကားနဲ့ ရုံးချိန်ပြင်ပမှာ တွေ့လိုက်လို့လေ၊ အဲဒါကို သူဌေးက ညနေကျတော့ ဂျာကြီးကို ခေါ်ပြောပါရော၊ ဝန်ထမ်းတွေကို သေချာမကြီးကြပ်ဘူးလားပေ့ါ။ လစာပေးထားတာ တန်အောင်တော့ လုပ်ရမှာပေ့ါ ဘာညာနဲ့စုံနေတာပဲ။ ဂျာကြီးက သူဇာအေးကိုပြန်ဆူတာ ငါတောင် ဘေးခန်းကနေကြားနေရတယ်"

ထိုစဉ် မန်နေဂျာ ဦးစိုးတင့် ပြန်ထွက်လာသည်။ သူ့အခန်းဘက်မဝင်မီ ဝန်ထမ်းများရှိရာဆီ ရောက်လာပြီး–

"မအေးအေးဝင်း နေသစ်နဲ့ နွေးထွေးခင်ကို ကျုပ်ဆီလွှတ်လိုက်"

"ဟုတ်ကဲ့ပါ ဂျာကြီးရှင့်"

မန်နေဂျာဦးစိုးတင့် သူ့အခန်းဘက် ပြန်လှည့်အသွား၊ မအေးအေးဝင်းသည်လည်း သက်ပြင်းတစ်ချက်နှင့်အတူ မျက်ခုံးလေးပင့်လျက် သူတို့ဘက်ပြန်လှည့်လာသည်။

"ကဲ...ကြားတော်မူတဲ့အတိုင်းပါပဲတော်"

နေသစ်နှင့် နွေးထွေးခင်တို့နှစ်ယောက်သား တိုင်ပင်မထားပါဘဲ အချင်းချင်းဆီ အကြည့်များ ရောက်သွားကြလေသည်။

"ငါက အလုပ်ရှိနေလို့ သူဌေးဆီတင်တဲ့စာကို သေသေချာချာ မကြည့်လိုက်မိဘူး။ သိပ်လဲ အရေးကြီးတာမဟုတ်ဘူးထင်ပြီး လွှတ်ပေးလိုက်တာ၊ ဒီမှာ နွေးထွေးခင်... ကွန်ပျူတာနဲ့ဘွဲ့ရပြီး ညည်းရိုက်ထားတဲ့ ရုံးစာပုံစံက ဖြစ်ကတတ်ဆန်းလုပ်ထားတယ်။ နေသစ် မင်းကလဲ စစ်ဆေးရမယ်လေကွာ။ စာမျက်နှာနံပါတ်ကိုလဲ ရွှေ့နောက်လွဲပြီး ချုပ်လိုက်သေးတယ်။ မင်းတို့တွေအလုပ်ကို တန်ဖိုးထားကြမှပေ့ါ။ ဒီခေတ်ကြီးထဲ အလုပ်တစ်ခုရဖို့ဆိုတာ လွယ်တာမဟုတ်ဘူး။ မင်းတို့လဲ သိတာပဲ။ သူဌေးက မင်းတို့ကို အသုံးမကျဘူး၊ ရထားတဲ့ဘွဲ့တွေနဲ့ မတန်ဘူးလို့ ဆူလိုက်တာ။ အဲဒီလိုဆူတာ ငါ့ကိုဆူသလိုပဲကွ။ လူငယ်တွေဖြစ်ပြီးအလုပ်ကို အလေးထားရမှာပေ့ါတဲ့။ နောက်ပြီး မှာလိုက်သေးတယ်။ ပြီးခဲ့တဲ့လက ဆွေးနွေးပွဲမှာ မင်းတို့နှစ်ယောက်တင်ပြတဲ့ အခန်းကိစ္စ"

နေသစ်၊ နွေးထွေးခင်တို့ နှစ်ယောက်သား မျက်လုံးလေးများလက်သွားကြသည်။

"အဲဒီကိစ္စကိုလဲ သူဌေးမှာလိုက်တယ်။ မင်းတို့ အလုပ်စဝင်ကတည်းက ပြောထားပြီးသားပဲ၊ ရပ်ဝေးသမားအတွက်ပဲ ဦးစားပေး အဆောင်စီစဉ်ပေးနိုင်မယ်လို့၊ နေရာလွတ်ရှိမယ်၊ အသစ်လဲ ဆောက်ဖြစ်မယ်ဆိုရင် မင်းတို့အတွက်လဲ စီစဉ်ပေးမှာပါ။ ဒီကြားထဲ အဆောင်မရသေးတာကြောင့် ရုံးနောက်ကျလေ့ရှိတာမျိုးကိုတော့ သူဌေးကမကြိုက်ဘူးနော်"

ခဲလေသမျှ သဲရေကျ မျှော်လင့်ချက်ရောင်ခြည်လေးများ ဆိတ်သုဉ်းရလေပြီ။

"ရော့ သူဌေးပြန်ပေးလိုက်တဲ့ ဖိုင်ကို သေသေချာချာစာပြန်စီရိုက်ပြီး ပြန်တင်ပေး"

မန်နေဂျာပေးသော ဖိုင်ကိုယူလျက် နှစ်ဦးသား စောဒကကင်းမဲ့စွာ အခန်းထဲမှပြန်ထွက်ခဲ့ကြသည်။

"သူဇာအေး လုပ်နေကျအလုပ်တွေပါဟယ်။ သူက ရုတ်တရက်ခွင့်ယူသွားတော့ နင်တို့ဆီရောက်လာတာပေ့ါ။ သေရေးရှင်ရေးစာလဲမဟုတ်ပါဘူး။ သီတင်းကျွတ်ရုံးမှာလုပ်မဲ့ပွဲလေးအတွက် စီမံချက်စာလေး ရိုက်ခိုင်းတာပါ။ ဒီရုံးမှာ နင်တို့တွေက လူငယ်တွေဆိုပေမဲ့ အနေအထိုင်ကအစ အလုပ်ကြိုးစားတာ အဆုံး ငါတို့အသိဆုံးပါ။ ဒါကိုတောင် သူဌေးက စိတ်တိုင်းမကျနိုင်ဘူး။ လွန်ပါတယ်အေ၊ ငါလဲ အိမ်မှာ အဖေရယ်၊ အမေရယ်၊ ဝမ်းမနာသားတွေရယ်နဲ့ ပါးစပ် ငါးပေါက်စာအတွက်သာ လုပ်နေရတာပါ။ တကယ်တမ်းကျတော့ စိတ်ကုန်နေတာကြာပါပြီ"

အပျိုကြီးမအေးအေးဝင်းကလည်း တစ်ကိုယ်ရေသမားဆိုသော်ငြား သူ့အပူအပင်နှင့်သူ။

"လမ်းကြုံတိုင်းလဲ သူ ဒီလိုဘဝရောက်အောင် ဘယ်လိုဘယ်ပုံ ကြိုးစားခဲ့ရတယ်နဲ့။ အတ္ထုပ္ပတ္တိတွေ နားထောင်ရတာ လုပ်သက်ကာလတစ်လျှောက်ပဲ။ ဒီကနေ ရုန်းမထွက်နိုင်သေးသမျှတော့ ရုံးချိန်မှန်မှန် တက်ကြဟေ့"

မအေးအေးဝင်းက ဖိုင်တစ်ခုကိုကွယ်ကာ လေသံခပ်အုပ်အုပ်ဖြင့် ဆိုလေ၏။

"ကျွန်တော်တို့က ကွန်ပျူတာစာရေးမဟုတ်ဘူးဗျာ၊ ကိုယ့်ပုံမှန်အလုပ်နဲ့တောင် ရှုပ်နေတာ အစ်မလဲအသိပဲ၊ လိုအပ်လို့ဝင်လုပ်ပေးရသေး၊ အပြောအဆိုလဲခံရသေး၊ နေရာတကာ ဖင်ပေ့ါပြီး လိုက်လုပ်ပေးတတ်တာကို အခွင့်ကောင်းယူတယ်။ မဆိုစလောက်လေးလွဲပြန်တော့လဲ မကြိုက်ဘူး။ သူတို့အိမ်က သားသမီးတွေ ကိုယ်တွေလောက်တောင် အသုံးကျရဲ့လားလို့ မေးလိုက်ချင်တယ်ဗျာ"

"အမယ်လေး တိုးတိုးပြောပါ နေသစ်ရယ်"

နွေးထွေးခင်ကတော့ သူတို့တွေကြား ဘာဆိုဘာမှ မှတ်ချက်ဝင်မပေးမိ။ သူတို့က ကိုယ့်ထက်များစွာ လုပ်သက်ရင့်နေသူတွေမို့ ပြောရဲဆိုရဲကြသည်မဟုတ်ပါလား။

"ဟုတ်တယ်လေအစ်မရာ၊ သူတို့ စိတ်တိုင်းမကျတိုင်း ကိုယ်တွေကို အသုံးမကျဘူး ဘာဖြစ်တယ်ညာဖြစ်တယ်နဲ့ ဆူလိုက်တာ၊ ကျွန်တော်တို့တွေက ကိုယ့်ခြေထောက်ပေါ်ကိုယ်ရပ်ပြီး ဘဝကို ကျောင်းနေတာ။ မိဘကို ဒုက္ခပေးနေတဲ့ သားသမီးတွေလဲ မဟုတ်ဘူး။ တက္ကသိုလ်ကနေ ဘွဲ့ရတယ်။ အလုပ်ဝင်တယ်၊ ကိုယ့်လစာကိုယ်ရှာတယ်။ ရာထူးငယ်တာကြီးတာကတော့ လုပ်သက်နဲ့သွားမှာပေ့ါ"

သူဌေးအခန်းတံခါးပွင့်လာသဖြင့် သူတို့လည်း လူစုကွဲသွားပြီး စကားဝိုင်းလည်း ဆိုင်းငံ့သွားလေတော့သည်။

ဆောက်လုပ်ရေးကုမ္ပဏီသူဌေးကြီး ဦးမြတ်သာသည်ကား မည်သည့်ဘဝက ကုသိုလ်ကောင်းမှုများကြောင့် မသိ၊ သာမန်လက်လုပ်လက်စား မိသားစုဘဝမှ သူဌေးကြီးဘဝရောက်ခဲ့ရသည်။

တကယ်တော့ ခရီးသွားလုပ်ငန်းပိုင်ရှင် ဇနီးမောင်နှံ၏ တစ်ဦးတည်းသောသမီးနှင့် အကြောင်းပါခဲ့ခြင်းသည် ဦးမြတ်သာ၏ဘဝကို တစ်ဆစ်ချိုးမက လေးငါးဆစ်ချိုးထိ ပြောင်းလဲရန် အစပျိုးခဲ့ခြင်းဟု ဆိုရပေမည်။

အတတ်ပညာပိုင်းဆိုင်ရာ တစ်ခုမျှ ထူးချွန်မှုမရှိဘဲ သာမန်ရိုးရိုးဘွဲ့တစ်ခုသာရခဲ့သည့်တိုင် သူ၏ လူမှုပေါင်းသင်းဆက်ဆံရေး ညက်ညောမှုများက သူ့ဘဝကို အကြီးအကျယ်ပြောင်းလဲစေခဲ့ခြင်းပင်ဖြစ်သည်။ ယခုတော့ ဇနီးသည်၏ မိဘများလည်း မရှိတော့လေပြီ။ အကျိုးဆက်အားဖြင့် ကျန်ရစ်သမျှ အရာအားလုံးက သူ့လက်သူ့ခြေအတိုင်းဖြစ်ခွင့်ရစေခဲ့၏။

"ဒယ်ဒီပြန်လာပြီ"

ဖခင်ဖြစ်သူ၏ ရုံးအပြန်ကားဟွန်းသံကြောင့် အိမ်ထဲမှ မိန်းကလေးတစ်ဦး ပြေးထွက်လာသည်။ သူကား ဦးမြတ်သာ၏ အချစ်ဆုံးသမီးထွေး၊ ရှစ်တန်းကျောင်းသူ ယုယမြတ်သာပင်တည်း။

"ဒယ်ဒီကိုတိုင်စရာရှိတယ်။ ကိုလတ် သမီးအကောင့်ထဲက ပိုက်ဆံခိုးပြီး ဂိမ်းဆော့ဝဲဝယ်တယ်။ သမီးအကောင့် ပက်စ်ဝက်ကို သူဘယ်လိုသိလဲ မသိဘူး၊ ပြန်တောင်းပေး ဒယ်ဒီ"

"ဒယ်ဒီကိုလဲ သားတိုင်စရာရှိတယ်။ ယုယ ကျူရှင်မသွားဘူး ဒယ်ဒီ"

"ဒီနေ့ ကားဆရာ ဦးသောင်း သွေးတွေတိုးနေလို့ ကားမမောင်းနိုင်ဘူးလေ၊ နောက်ပြီး မိုးရွာနေတာလဲ သိသားနဲ့။ ကားမောင်းတတ်တဲ့ အစ်ကိုတွေက ကိုယ့်ညီမလေးကို လိုက်ပို့ပေးမယ်တော့မရှိဘူး။ သူတို့ဘာသာအချိန်ကုန်နေကြတယ်"

အိမ်ပြန်ရောက်တိုင်း မရိုးနိုင်သော မောင်နှမလေးယောက်၏ အပြန်အလှန်တိုင်ချက်မျိုးစုံက ဆီးကြိုလေ့ရှိ၏။

ယနေ့မှာတော့ အငယ်ဆုံးသားနှင့် သမီးထွေးတို့ပြဿနာက စောင့်ကြိုလေသည်။ အိမ်ထဲဝင်ညေ့ခန်းမှာထိုင်စဉ် ဇနီးဖြစ်သူက စာတစ်စောင် ကမ်းပေးလာ၏။ ဇနီးသည်ကိုယ်တိုင် ပေးသည့်စာဖြစ်၍ မိသားစုအရေးထူးခြားမှုကိစ္စဖြစ်ကြောင်း ဦးမြတ်သာ သိလိုက်ပါပြီ။

စာကို ဖတ်ကြည့်လိုက်သော် ထင်သည့်အတိုင်းပါပင်။ တက္ကသိုလ်တံဆိပ်တုံးကြီး ထုနှိပ်လျက် သားကြီးတိုးမြတ်သာအတွက် ပေးပို့လာသည့် ကျောင်းခေါ်ချိန် ပျက်ကွက်တိုင်စာဖြစ်နေ၏။ သက်ပြင်းမော တစ်ချက်ချမိ၏။ တက္ကသိုလ်နောက်ဆုံးနှစ်ရောက်မှ အတိုးချပျော်ပါးနေသော သားတော်မောင်ကို ဦးမြတ်သာ ထိန်းသိမ်းရခက်နေသည်။

"နောက်နှစ်တွေဆို အခုလိုအခွင့်အရေးမရတော့ဘူး ဒယ်ဒီရ၊ ဒါကြောင့် လူငယ်ကျောင်းသားဘဝလေးကို ပျော်ခွင့်ပေးပါ ဒယ်ဒီရာ"

ထိုသို့ပြောရင်းနှင့်ပင် တစ်တန်းကို နှစ်နှစ်နေခဲ့သည်။ သူနှင့်အတူ တက္ကသိုလ်တက်ခဲ့ကြသူများ ကျောင်းပြီးသွားကြလေပြီ။

"အူဝဲ အူဝဲ"

"ဟေ မြေးလေးရောက်နေတာလားကွ"

သားသမီး သုံးယောက်၏ ပြဿနာများကို မရှင်းရသေးခင်မှာပဲ အိမ်တွင်းခန်းဘက်ဆီမှ ကလေးငိုသံကိုကြားလိုက်ရသည်။ ထိုအခါမှ ဦးမြတ်သာ ပြုံးနိုင်သည်။

"အကြီးမ လာပို့သွားတာလေ၊ သူ့ယောကျ်ားနယ်ထွက်ဖို့ရှိလို့ လိုက်သွားရမယ်ဆိုတာနဲ့ မေမေရေ သုံးရက်လောက် ကြည့်ထားပေးပါအုံးတဲ့"

"အေး ကောင်းသကွာ"

မြေးထားခဲ့သည်ကိုသာ ခင်ပွန်းသည်ကို ပြောလိုက်ပြီး အမေဖြစ်သူဆီက နယ်သွားမည့်ယောကျ်ားအတွက် ငွေ ငါးသိန်း ချေးသွားသည်ကိုတော့ ဒေါ်ချယ်ရီမပြောလိုက်တော့ပေ။

တစ်နေကုန် ရုံးမှာ ဝန်ထမ်းများအပေါ် အလိုမကျခဲ့သမျှ ဦးမြတ်သာတစ်ယောက် အိမ်ရောက်မှ အပြုံးပန်းများပွင့်နိုင်ရှာတော့သည်။

သူ့ခေါင်းထဲမှာ အလတ်ကောင်ခိုးယူသွားသော သမီးထွေးလေးအကောင့်ထဲမှ ငွေသားသုံးသိန်း ပြန်ထည့်ပေးရန်၊ ကျောင်းပြေးတိုင်စာရောက်လာသော သားကြီးအတွက် မရိုးနိုင်သောအကြောင်း ပြန်စာ ကျောင်းကိုပို့ရန်၊ တက္ကသိုလ်နောက်ဆုံးနှစ်မှာ အိမ်ထောင်ပြုသွားခဲ့သော သမီးအကြီးဆုံး၏ ရင်နှစ်သည်းချာ မြေးမလေးကို ထိန်းကျောင်းပေးရန် ဟူသော အတွေးများမှတစ်ပါး တခြားဆီအာရုံများ မရောက်နိုင်တော့ပေ။

# သိဖွယ်မှတ်ဖွယ် တရားမဥပဒေ

စိန်လှိုင်ဖိုလ်




လူတစ်ခု ပူမှုရယ်တဲ့ဆယ်ကုဋေဟူသော စကားလုံးသည် မြန်မာမှုနယ်ပယ်တွင် တွင်ကျယ်နေသော အသုံးများသည့်စကားလုံးဖြစ်ပါသည်။ အများသိ စကားလုံးဖြစ်ပါသည်။ အကြောင်းကိစ္စတစ်ရပ်ရပ်ကြောင့် တစ်ဦးနှင့်တစ်ဦး အမြင်မတူကြ၊ သဘောထားကွဲလွဲကြသည်။ ဦးစွာပထမ အချင်းချင်းညှိနှိုင်းကြသည်။ အဆင်မပြေကြသောအခါ လူကြီးမိဘ ဆွေမျိုးညာတကာတို့က ဝိုင်းဝန်းအဖြေရှာညှိနှိုင်းပေးကြသည်။ အကြောင်းအကျိုးမထူးကြ၊ အဆင်မပြေကြသော် ရဲစခန်းရောက်ကြ၊ တရားရုံးသို့ရောက်ကြတော့သည်။ စရိတ်ကုန်၊ အချိန်ကုန်၊ လူပင်ပန်း၊ စိတ်ပင်ပန်းကြရတော့သည်။ ထို့ကြောင့်လည်း တရားရုံးသည် မစည်ကားအပ်သောအရပ်ဟု ဆိုကြခြင်းဖြစ်သည်။ မည်သို့ဆိုစေ မလွှဲမရှောင်သာသော ကိစ္စရပ်အထွေထွေကြောင့် တရားရုံးများသို့ မရောက်ချင်ပါဘဲလျက် ရောက်ကြရသည်။

ထိုအခါတွင် အကြောင်းခြင်းရာပြဿနာများ ဥပဒေပြဿနာများနှင့် မလွှဲမသွေရင်ဆိုင်ကြုံတွေ့ကြရပါတော့သည်။ ရှေ့နေငှားတာကတော့ လိုအပ်သလိုဖြစ်သည်။ သို့ရာတွင် ကာယကံရှင်များအနေနှင့်လည်း အထိုက်အလျောက်သိသင့်သည့်ကိစ္စများကို ကြိုကြိုတင်တင်သိထားလျှင် ပိုမကောင်းပေဘူးလားဟု တွေးဆဆင်ခြင်မိသည်။ ကြိုတင်သိရှိထားပါလျှင် တရားရုံးမရောက်ဘဲ၊ အချိန်မကုန်ဘဲ၊ ငွေမကုန်ဘဲ၊ စိတ်မပန်းလူမပန်းဘဲ ပြီးမြောက်သွားသောအမှုများ ရှိခဲ့ဖူးပါသည်။

ဥပမာအားဖြင့် အိမ်နှင့်မြေကို တစ်ဦးတစ်ယောက်သောသူက အခြားသူတစ်ဦးကို ခွင့်ပြုချက်ဖြင့် အခမဲ့နေထိုင်ခွင့်ပြုထားသည်။ ထိုသို့နေထိုင်စဉ်ကာလအတွင်း နေထိုင်ခွင့်ပြုသူ ကွယ်လွန်သွားခဲ့သည်။ ထိုအခါတွင် ထိုအိမ်တွင် အတူနေထိုင်သူတစ်စုံတစ်ဦးက ခွင့်ပြုချက်ဖြင့်အခမဲ့နေထိုင်သူကို ဖယ်ရှားထွက်ခွာပေးရန် တရားစွဲဆိုသည့် ဒေါ်သိန်းနှင့် အားမား (ခ) ကိုအောင်သိန်းပါ နှစ်ဦး ၁၉၇၅ ခုနှစ် တရားမဒုတိယအယူခံမှုအမှတ် (၃၂)ကို ရည်ညွှန်းကိုးကားရေးသားတင်ပြပါဦးမည်။

ဒေါ်လှစိန်သည် ပဲခူးမြို့နေ ဦးရှားမား (ခ) ရှာလျှောင်ကျန်၏ **ပထမမယား ဒေါ်ကြီးရာ၏ သားဖြစ်သည်။** မရှုတင်သည် အာမား (ခ) ကိုအောင်သိန်း၏ ဇနီးဖြစ်သည်။ ကိုအောင်သိန်း နှင့် မရှုတင်တို့သည် ဖခင် ဦးရှားမားလက်ထက်ကပင် အချင်းဖြစ်သည့် ပဲခူးမြို့ လမ်း(၂၀) ဈေးပိုင်း အိမ်အမှတ် (၇၃)၌ အတူတူနေခဲ့ကြသည်။ ဦးရှားမားမသေခင် ၁၉၇၀ ပြည့်နှစ် မတ် ၂ ရက်က ဦးရှားမားသည် ကိုအောင်သိန်းကို ငွေကျပ် ၅၀၀၀၀ အမွေခွဲဝေပေးခဲ့သည်။ ထိုသို့ ခွဲဝေပေးပြီး ဦးရှားမားက ကိုအောင်သိန်းတို့ကို အချင်းဖြစ်အိမ်မှ ဖယ်ရှားသွားပြီး အခြားမှာနေရန် ပြောဆိုခဲ့သည်။ သို့သော် ကိုအောင်သိန်းတို့က အိမ်ရှာနေသည်ဟုပြောဆိုပြီး ဆက်နေခဲ့သည်။ ဦးရှားမားသေဆုံးပြီးနောက် ဦးရှားမား၏ဇနီး ဒေါ်လှစိန်က ကိုအောင်သိန်းတို့ကို အချင်းဖြစ်အိမ်မှ ဖယ်ရှားပေးရန်ပြောဆိုခဲ့သော်လည်း မဖယ်ရှားပေးသည့်အတွက် အိမ်မှထွက်ခွာဖယ်ရှားသွားရန် ကိုအောင်သိန်းတို့ကို ပဲခူးမြို့နယ်တရားရုံး၌ တရားစွဲဆိုခဲ့သည်။ တရားရုံးက ဒေါ်လှစိန်ကို အနိုင်ဒီကရီပေးခဲ့သည်။ ကိုအားမားတို့က ပဲခူးတိုင်းတရားရုံးတွင် အယူခံဝင်ရာ မူလမြို့နယ်တရားရုံး၏ ဒီကရီကို ပယ်ဖျက်လိုက်သည်။ ဒေါ်လှစိန်က ဗဟိုတရားရုံးသို့ တရားမဒုတိယအယူခံမှုတင်သွင်းခဲ့ပါသည်။

**ဗဟိုတရားစီရင်ရေးအဖွဲ့၏ စိစစ်သုံးသပ်ဆုံးဖြတ်ချက်**

**ဤအယူခံမှုတွင် ဆုံးဖြတ်ရန်အဓိကအချက်မှာ အယူခံတရားပြိုင် ကိုအောင်သိန်းတို့သည် အယူခံတရားလို ဒေါ်လှစိန်၏ခွင့်ပြုချက်ဖြင့်နေထိုင်ခဲ့ခြင်း ဟုတ်၊ မဟုတ်ဟူသောအချက်ဖြစ်ကြောင်း** အယူခံရုံးတော်က စိစစ်ခဲ့ပါသည်။ ဦးရှားမား မသေမီက အယူခံတရားပြိုင် ကိုအောင်သိန်းကို ငွေကျပ် ၅၀၀၀၀ အမွေခွဲဝေပေးခဲ့ခြင်းမှာ မှန်၊ မမှန်ဟူသော အချက်နှင့်ပတ်သက်ပြီး မူလရုံးတွင် နှစ်ဖက်အမှုသည်များက သက်သေအတော်များများ တင်ပြခဲ့ကြောင်းတွေ့ရသည်။ **ဤအမှုမှာ အမွေမှုမဟုတ်ပေ။ ဦးရှားမားက ကိုအောင်သိန်းကို ငွေကျပ် ၅၀၀၀၀ အမွေအဖြစ် ပေးခဲ့ပြီးဖြစ်သည်ဟူသောအချက်မှာ မှန်၊ မမှန် ဤအမှုတွင် ဆုံးဖြတ်ရန်မသင့်ပေ။ ဤအမှုမှာ ခွင့်ပြုချက်ဖြင့်ထားခဲ့သူ အယူခံတရားပြိုင်တို့ကို ထိုခွင့်ပြုချက်ကို ရုပ်သိမ်းပြီးနောက် အိမ်မှဖယ်ရှားပေးရန် စွဲဆိုသည့်အမှုဖြစ်သည်။** အယူခံတရားပြိုင်တို့က မိမိတို့သည် အယူခံတရားလို၏ ခွင့်ပြုချက်ဖြင့် နေထိုင်ခဲ့သူမဟုတ်ဟု ငြင်းဆိုခဲ့သည်။ **ဖခင်အိမ်တွင် တစ်ဦးတည်းသောသားဖြစ်၍ မိဘများနှင့် တစ်သက်လုံး အတူတကွနေထိုင်ခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။**

**အမှုတွဲရှိသက်သေခံချက်များကို လေ့လာသည့်အခါ ကိုအောင်သိန်းတို့သည် ဒေါ်လှစိန်၏ခွင့်ပြုချက်ဖြင့်နေထိုင်ခဲ့သည်ဟု သက်သေအထောက်အထားလုံးဝမတွေ့ရပေ။ မိဘနှင့်အတူနေလာသည့် သားသမီးဖြစ်သည့်အတွက် ဖခင်သေဆုံးပြီးနောက်လည်း ဆက်လက်နေထိုင်သူများသာဖြစ်ကြောင်း ပေါ်လွင်သည်ဟု ဗဟိုတရားစီရင်ရေးအဖွဲ့က စိစစ်ဝေဖန်သုံးသပ်ခဲ့သည်။** သို့ဖြစ်၍ အယူခံမှုကိုပလပ်ပြီး ပဲခူးတိုင်းတရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို အတည်ပြုလိုက်ပါသည်။ အခွင့်အမိန့်ဖြင့် နေထိုင်ကြသူများ အပေါ် ဖယ်ရှားပေးစေလိုမှုစွဲဆိုကြသည့်အမှုများတွင် သိရှိနိုင်ကြစေရန်ဖြစ်ပါသည်။

မြန်မာ့ဓလေ့ထုံးတမ်းဥပဒေတွင် ဖြစ်လေ့ဖြစ်ထအဖြစ်များသောအမှုများတွင် သားသမီးအုပ်ထိန်းခွင့်ကိစ္စလည်း တစ်ခုအပါအဝင်ဖြစ်ပါသည်။ လင်နှင့်မယား အဆင်မပြေ၍ ကွဲကွာသွားသောအခါတွင် မိမိတို့မွေးထားသည့်သားသမီးကို အုပ်ထိန်းခွင့်များ ရှိတတ်ပါသည်။ သို့ရာတွင် မတူကွဲပြားသော အငြင်းပွားမှုမျိုးလည်း တစ်ခါတစ်ရံ ကြုံတွေ့ရတတ်ပါသည်။ မိန်းကလေး၏ မိဘများဘက်မှ သဘောမတူသဖြင့် မောင်ခေါ်ရာလိုက်၍ ယောက္ခမများအိမ်တွင် သွားရောက်နေထိုင် ပေါင်းသင်းကြသည်။ သို့ဖြင့် သားတစ်ယောက်မွေးဖွားဖြစ်ထွန်းခဲ့သည်။ သားတစ်ယောက် မွေးဖွားပြီးနောက် ယောက္ခမနှင့်ချွေးမ အဆင်မပြေဖြစ်ကြသည်။ ချွေးမလုပ်သူက ယောက္ခမနေအိမ်မှ သားနှင့်အတူဆင်းလာသည်။ ဆွေမျိုးတော်စပ်သူတစ်ဦး၏နေအိမ်တွင် သွားရောက်နေထိုင်သည်။

သမီးဖြစ်သူက မိခင်၏အိမ်သို့ ပြန်လာနေရန် ခွင့်တောင်းသည့်အခါ မိခင်နှင့် အစ်မဖြစ်သူက သူတစ်ဦးတည်းကိုသာ ပြန်လာနေရန်ခွင့်ပြုသော်လည်း ၎င်းတို့သဘောမတူသူနှင့်ရသော ကလေးကိုပါ ပြန်ခေါ်လာရန်ခွင့်မပြုပေ။ သို့ဖြစ်၍ ဆွေမျိုးတော်သူ၏နေအိမ်တွင် ကလေးကို ခေတ္တအပ်နှံပြီး မိဘအိမ်တွင် ပြန်လည်လာရောက်နေထိုင်ခဲ့သည်။

ထို့နောက် မိခင်နှင့်အစ်မတို့က စိတ်ပြေသွားကြပြီး ကလေးကို ပြန်ခေါ်ရန်ခွင့်ပြုသည်။ ထို့ကြောင့် ကလေးမိခင်က ခေတ္တအပ်နှံထားသူထံသွား၍ ကလေးကိုပြန်ထည့်ပေးပါရန်တောင်းဆိုရာ ပြန်မပေးသည့်အတွက် အုပ်ထိန်းခွင့်အမှုအခင်းဖြစ်ပွားရာမှ မည်သူက အုပ်ထိန်းခွင့်ရထိုက်ကြောင်း အဆုံးအဖြတ်ပေးသည့် **ဒေါ်သန်းနှင့် မတင်တင်ဌေး (ခ) မခင်ဌေးလွင် စီရင်ထုံး ၁၉၇၅ ခုနှစ် တရားမအထွေထွေအယူခံမှုအမှတ် (၄၉)** အမှုကို ရည်ညွှန်းကိုးကားရေးသားတင်ပြပါဦးမည်။

မတင်တင်ဌေး(ခ)မခင်ဌေးလွင်သည် ကျောင်းသူဘဝမှ မောင်အေးကျော်ဆိုသူနှင့် ခိုးရာလိုက်ပြေးခဲ့သည်။ မတင်တင်ဌေး၏ အမေနှင့် အစ်မတို့က သဘောမတူသဖြင့်ယောက္ခမနှင့်သွားရောက်နေထိုင်ခဲ့သည်။ မောင်ခင်ဇော်ဦးဆိုသူ သားလေးကိုမွေးပြီး မကြာမီ ယောက္ခမများနှင့်အဆင်မပြေသဖြင့် မတင်တင်ဌေးသည် အိမ်ပေါ်မှဆင်းလာပြီး ၎င်း၏ကွယ်လွန်သူဦးလေး ဦးဘသောင်းဆိုသူ၏ ဇနီးဖြစ်သူ ဒေါ်သန်းထံ သွားရောက်နေထိုင်ခဲ့သည်။ မိခင်အိမ်သို့ ပြန်တက်ရန်ကြိုးစားသည့်အခါ မိခင်နှင့် အစ်မက မတင်တင်ဌေး တစ်ဦးတည်းကိုသာလက်ခံပြီး ကလေး မောင်ခင်ဇော်ဦးပါလာလျှင် လက်မခံဟုပြောသဖြင့် မောင်ခင်ဇော်ဦးကို ဒေါ်သန်းထံ ခေတ္တအပ်ထားခဲ့ပြီး မိခင်ထံသို့ ပြန်လည်သွားရောက်ခဲ့သည်။

ထို့နောက် မိခင်နှင့် အစ်မတို့က စိတ်ပြေသွားပြီး သားလေး မောင်ခင်ဇော်ဦးကိုပါ ခေါ်နိုင်သည်ဟု ခွင့်ပြုလိုက်သဖြင့် မတင်တင်ဌေးက ဒေါ်သန်းထံမှ မောင်ခင်ဇော်ဦးကို သွားရောက်ခေါ်ခဲ့သည်။ သို့သော် ဒေါ်သန်းက ပြန်ထည့်ပေးရန်ငြင်းဆိုသဖြင့် အုပ်ထိန်းသူနှင့် အုပ်ထိန်းခြင်းခံရသူ ဥပဒေပုဒ်မ (၂၅)အရ ရန်ကုန်တိုင်းတရားရုံးတွင် မတင်တင်ဌေးက တရားစွဲဆိုခဲ့သည်။ အမှုကိုစစ်ဆေးပြီး မတင်တင်ဌေး၏ လျှောက်လွှာကို ခွင့်ပြုလိုက်သည့်အတွက် ဒေါ်သန်းက ဗဟိုတရားရုံးသို့ တရားမအထွေထွေအယူခံမှု တင်သွင်းခဲ့ပါသည်။

**ဗဟိုတရားရုံး၏ စိစစ်သုံးသပ်ဆုံးဖြတ်ချက်**

မတင်တင်ဌေးသည် မောင်ခင်ဇော်ဦး၏ မိခင်အရင်းဖြစ်သည်။ ဒေါ်သန်းသည် မောင်ခင်ဇော်ဦးနှင့် သွေးစပ်သူမဟုတ်ပေ။ ထို့ကြောင့် **မိခင်အရင်းဖြစ်သူသည် အရွယ်မရောက်သေးသူကို အုပ်ထိန်းရန်မသင့်ဟု လုံလောက်သည့်အကြောင်းရှိသည်ဟု သက်သေအထောက်အထားမရှိလျှင်** သူစိမ်းနှင့်ပြိုင်၍ လျှောက်သည့်အခါ မိခင်အရင်းကသာ အုပ်ထိန်းခွင့်ရှိပေသည်။ ယခုအမှုတွင် မတင်တင်ဌေးသည် ၎င်း၏သားအရင်းကို အုပ်ထိန်းသင့်သူမဟုတ်ဟု တစ်ဖက်က သက်သေအထောက်အထား တင်ပြနိုင်ခြင်းလုံးဝမရှိကြောင်း ဗဟိုတရားရုံးက စိစစ်ဝေဖန်သုံးသပ်ခဲ့ပါသည်။

ထို့ပြင် **အရွယ်မရောက်သေးသော ကလေးများကို အုပ်ထိန်းခြင်းကိစ္စနှင့်ပတ်သက်၍ အဓိကထားပြီး ထင်မြင်သုံးသပ်သင့်သည့်အချက်မှာ ကလေးငယ်၏ ဘဝသာယာရေးနှင့် တိုးတက်ဖွံ့ဖြိုးရေးပင်ဖြစ်ပေသည်။ ဤအမှုတွင် ကလေး၏ ကောင်းစားရေးနှင့် ပတ်သက်၍စဉ်းစားရာတွင် လူမှုရေးအရလည်းကောင်း၊ စီးပွားရေးအရလည်းကောင်း၊ ပညာရေးအရလည်းကောင်း မိခင်အရင်းဖြစ်သူ မတင်တင်ဌေးထံတွင်သာ ကလေးကိုထားရှိခြင်းက ဒေါ်သန်းထံတွင်ထားရှိခြင်းထက် ပိုမို၍ကောင်းမွန်သင့်မြတ်မည်ဖြစ်ကြောင်း ထင်ရှားပေါ်လွင်နေသည်ဟု ဆင်ခြင်သုံးသပ်၍ အယူခံမှုကို ပလပ်လိုက်ပါသည်။**

သားသမီးအုပ်ထိန်းခြင်းဆိုင်ရာအမှုများတွင် ကလေး၏ကောင်းစားရေးကို အဓိကထားဆုံးဖြတ်ခဲ့ကြောင်း သိမှတ်ဖွယ်ရာ စီရင်ထုံးတစ်ခုဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

**❖ မိခင်အိမ်သို့ ပြန်တက်ရန်ကြိုးစားသည့်အခါ မိခင်နှင့် အစ်မက မတင်တင်ဌေးတစ်ဦးတည်းကိုသာလက်ခံပြီး ကလေး မောင်ခင်ဇော်ဦးပါလာလျှင်လက်မခံဟုပြောသဖြင့် မောင်ခင်ဇော်ဦးကို ဒေါ်သန်းထံ ခေတ္တအပ်ထားခဲ့ပြီး မိခင်ထံသို့ ပြန်လည်သွားရောက်ခဲ့သည်။ ထို့နောက် မိခင်နှင့်အစ်မတို့က စိတ်ပြေသွားပြီး သားလေး မောင်ခင်ဇော်ဦးကိုပါ ခေါ်နိုင်သည်ဟု ခွင့်ပြုလိုက်သဖြင့် မတင်တင်ဌေးက ဒေါ်သန်းထံမှ မောင်ခင်ဇော်ဦးကို သွားရောက်ခေါ်ခဲ့သည်။ သို့သော် ဒေါ်သန်းက ပြန်ထည့်ပေးရန်ငြင်းဆိုသဖြင့် အုပ်ထိန်းသူနှင့်အုပ်ထိန်းခြင်းခံရသူ ဥပဒေပုဒ်မ(၂၅)အရ ရန်ကုန်တိုင်းတရားရုံးတွင် မတင်တင်ဌေးက တရားစွဲဆိုခဲ့သည်။ ❖**

## ဘုတလင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာဧက ၁၈၁၂၀ စိုက်ပျိုးမည်


ယခင်နှစ်က နေကြာစိုက်ခင်းကို တွေ့ရစဉ်။

ဘုတလင် ဩဂုတ် ၂၅

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာဧက ၁၈၁၂၀ စိုက်ပျိုးမည်ဖြစ်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဘုတလင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုး ရာသီ၌ နေကြာဧက ၁၈၁၂၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်၍ ဒီဇင်ဘာလထိ စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဘုတလင်မြို့နယ် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ နေကြာ ဧက ၁၈၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားမယ်။ ပြည်ပမှ တင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံဖြစ်တဲ့ နေကြာကို တိုးချဲ့စိုက်ပျိုးဖို့ ဆောင်ရွက်ပေးသွားမယ်။ ဆီထွက်သီးနှံဖြစ်တဲ့နေကြာရဲ့ တစ်ဧကဆီထွက်ရှိမှုက ကျန်တဲ့ မြေပဲ၊ နှမ်းတွေထက်များပါတယ်"ဟု ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြသည်။

ဘုတလင်မြို့နယ်တွင် နေကြာတိုးချဲ့ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ပညာပေးသင်တန်းများ အရှိန်မြှင့်တင်ဆောင်ရွက်ခြင်း၊ နေကြာစိုက်မည့်တောင်သူများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် ပညာပေးသင်တန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြ၍ သိရသည်။

(၂၀၆)

## စလင်းမြို့နယ် အင်းပုတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

စလင်း ဩဂုတ် ၂၅

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မကျီးပင်ပုကျေးရွာအုပ်စု အင်းပုတ်ကျေးရွာ၌ ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးပွားလာစေရန်၊ အလုပ်အကိုင်အခွင့်အလမ်းများပေါများလာစေရန်၊ မြို့ပြနှင့်ကျေးလက် ကွာဟမှုကို လျှော့ချနိုင်စေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများအား ဩဂုတ် ၂၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့်ဝန်ထမ်းများသည် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ အင်းပုတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများ၊ လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းဇယားများ ဖြည့်သွင်းထားခြင်း ရှိ၊ မရှိနှင့် စီမံကိန်းဆိုင်ရာ ညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများအပေါ် လိုက်နာဆောင်ရွက်မှု အခြေအနေများကို စစ်ဆေးခဲ့ပြီး မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က လိုအပ်သည်များ မှာကြားခဲ့သည်။

အဆိုပါ အင်းပုတ်ကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၄၃ ဦးကို စီမံကိန်းရန်ပုံ ငွေကျပ် ၄၅ ဒသမ ၁၃ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း စလင်းမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်ထံမှ သိရသည်။

သန်းသန်းစိုး

## လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း သွေးခုံးပိဿာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

လပွတ္တာ ဩဂုတ် ၂၅

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း သွေးခုံး ပိဿာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်နွယ်က ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လက သွေးခုံး ပိဿာချိန် ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း သွေးခုံးပိဿာချိန် ၄၉၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"လပွတ္တာမြို့နယ်ကနေ သွေးခုံးတွေ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေတာ ဖြစ်ပါတယ်။ ဇူလိုင်လအတွင်းမှာ ပန်းခရ ပိဿာချိန် ၄၉၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိလဲ ရန်ကုန်ဈေးကွက်က ဒီဘက်က သွေးခုံးတွေကို အဝယ်လိုက်နေပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ သွေးခုံးတွေက လတ်ဆတ်မှုနဲ့ သန့်ရှင်းမှုအပေါ်မူတည်ပြီး ဈေးအပြောင်းအလဲရှိပါတယ်။ သွေးခုံးတွေကို လတ်တလော ပင်လယ်စာအရောင်းဆိုင်တွေက အဝယ်လိုက်နေတာကြောင့် အခုလိုတင်ပို့အားလဲ တက်လာတာပါ။ တင်ပို့အားတက်တော့ ပွဲရုံပိုင်ရှင်တွေနဲ့ ရေလုပ်သားတွေ အဆင်ပြေနေပါတယ်"ဟု လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်နွယ်က ပြောပြသည်။



လပွတ္တာမြို့နယ်မှ တင်ပို့ရောင်းချခဲ့သည့် သွေးခုံး ၁၀ ပိဿာလျှင် ငွေကျပ် ၂၀၀၀၀ မှ ၂၇၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဒေသမှ သွေးခုံးများအပြင် အခြားရေထွက်ကုန်များ တင်ပို့အားကောင်းလာသည့်အတွက် ရေလုပ်သားများနှင့် ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ အလုပ်အကိုင် အခွင့်အလမ်း အဆင်ပြေနေကြောင်း သိရသည်။

ကျော်ကျော်လင်း

## ငဖဲမြို့နယ် ပေါက်ရင်းကုန်းကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

ငဖဲ ဩဂုတ် ၂၅

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း (VRFP) ရန်ပုံငွေထုတ်ချေးခြင်းကို ဩဂုတ် ၂၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ငဖဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငုဝါရွှေက ကျေးရွာမတည် ရန်ပုံငွေစီမံကိန်းဖြင့် ပေါက်ရင်းကုန်းကျေးရွာရှိ တောင်သူများ၊ စိုက်ပျိုးမွေးမြူထုတ်လုပ်သူများနှင့် အသေးစားစီးပွားရေးလုပ်ငန်း လုပ်ကိုင်လိုသူများ လိုအပ်သည့် ငွေကြေးအရင်းအနှီး ရရှိစေရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်းရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးလက်ဥပဒေ၊ နည်းဥဒေပါ အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးခဲ့ပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံရန်ပုံငွေကျပ် ၁၈၆ သိန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ပေါက်ရင်းကုန်းကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၃၀ ထံကို ရန်ပုံငွေကျပ် ၁၆၃ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ လေးဦးထံကို ရန်ပုံငွေကျပ် ၁၈ သိန်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်သူ တစ်ဦးထံကိုငွေကျပ် ငါးသိန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၃၅ ဦးထံ ရန်ပုံငွေကျပ် ၁၈၆ သိန်းကို ထုတ်ချေးပေးထားကြောင်း သိရသည်။

ဇင်မာ

## ကဝမြို့နယ် ကျားတက်ကျေးရွာ၌ RBF စီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

ကဝ ဩဂုတ် ၂၅

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကဝမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျားတက်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေ ထူထောင်ခြင်း စီမံကိန်း(RBF) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဩဂုတ် ၂၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပဲခူးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆန်းမင်းက ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်း စီမံကိန်း ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများကို မိတ်ဆက်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကဝမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ရွှေဇင်က ကော်မတီဝင်များ ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ ကော်မတီဝင်များ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ စီမံကိန်းလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ကဏ္ဍတစ်ခုချင်းစီအလိုက် ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက အစည်းအဝေးသို့ တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများ၏ သဘောဆန္ဒနှင့်အညီ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေ ထူထောင်ခြင်းစီမံကိန်း ကော်မတီဝင် ကိုးဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

အဆိုပါ ကျားတက်ကျေးရွာ၌ ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာနှစ်တွင် အစုအဖွဲ့စနစ်ဖြင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စီမံကိန်းရန်ပုံငွေကျပ် သန်း ၃၀ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း ကဝမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

သုတ

ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်

လေဝင်လေထွက်ကောင်းမွန်စေရန် လေကောင်းလေသန့်နှင့် နေရောင်ခြည်အလင်းရောင် ရရှိစေရေးတို့အတွက် အိမ်မှ ပြတင်းပေါက်များကိုဖွင့်ထားပါ။



# သာမောဖွယ်ရာစခန်း ဂုတ်တွင်းလမ်း

**သက်နိုင်(ပြင်ဦးလွင်)**

ဒီတစ်ခေါက်သွားခဲ့တဲ့ခရီးစဉ်က ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့ ခရီးစဉ်ဖြစ်ပါတယ်။ သီပေါမြို့ကို မရောက်တာကြာပြီဖြစ်တာကြောင့် ဒေသတွင်းမှာရှိတဲ့ ဘုရားတွေကို ဖူးမြော်ရင်း မတွေ့ရတာကြာပြီဖြစ်တဲ့ နယ်ခံမိတ်ဆွေတွေနဲ့ တွေ့ဆုံကြရအောင် သွားခဲ့တာဖြစ်ပါတယ်။ ခရီးစဉ်အခြေအနေအရ မနက်စောစောသွား၊ ညနေပြန်တစ်နေ့တာ ခရီးဖြစ်လို့ ကျောင်းပိတ်ရက်တစ်ရက်မှာ မနက်စောစော ၅ နာရီကတည်းက ပြင်ဦးလွင်မြို့ကနေ စတင်ထွက်ခွာလာခဲ့တယ်။ ခရီးဖော်အဖြစ် ကျောင်းသားမိဘတစ်ယောက်နဲ့ ကားတစ်စီးလုံး နှစ်ယောက်တည်းဖြစ်နေသလို ခရီးစဉ်အတွက် လိုအပ်တဲ့ကားဆီကိုလဲ အရင်ရက်တွေကတည်းက ကြိုတင်ဖြည့်ဆည်းထားရတယ်။

သတ်မှတ်ထားတဲ့ရက်ဖြစ်တဲ့ မနက် ၅ နာရီမှာ ပြင်ဦးလွင်မြို့ကနေ စတင်ထွက်ခွာလာတဲ့အခါ မိုးမလင်းသေးဘဲ အမှောင်ထုက ကြီးစိုးနေဆဲပါ။ ဒါပေမဲ့ လမ်းတွေပေါ်မှာ သွားလာလှုပ်ရှားမှုတွေရှိနေကြပြီး အများစုက ဆိုင်ကယ်၊ သုံးဘီးနဲ့ ကားဈေးသည်တွေ ဖြစ်နေကြတယ်။ ဒီဈေးသည်တွေက မနက် ၂ နာရီကတည်းက စတင်သွားလာလှုပ်ရှားနေကြပါပြီ။ မိမိရဲ့မြို့၊ မိမိရဲ့နေအိမ်အနီးမှာ မိုးမလင်းဈေး၊ မနက် ၂ နာရီဈေးနဲ့ ညဈေးဆိုတာတွေရှိနေကြတယ်။ ဒီဈေးသည်တွေကို တစ်လမ်းလုံးမှာ အဆက်မပြတ်တွေ့မြင်လာရတယ်။

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်နဲ့ ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် နယ်နိမိတ်အစပ် ဝက်ဝံရွာကိုရောက်တော့ မိုးလင်းစပြုနေပါပြီ။ မိမိရဲ့အလိုအရဆိုရင် ဝက်ဝံရွာကိုရောက်တာနဲ့ နာမည်ကြီး ချပါတီဆိုင်တစ်ဆိုင်မှာ မနက်စာစားရင်း လက်ဖက်ရည်တစ်ခွက်လောက် သောက်ဖြစ်အုံးမှာပါ။ ဒါပေမဲ့ ခရီးဖော်ကျောင်းသားမိဘက လက်ဖက်ရည်မသောက်တဲ့သူ ဖြစ်နေတာက တစ်ကြောင်း၊ ကျောက်မဲမြို့ကိုရောက်မှ ထမင်းစားကြရအောင်ဆိုပြီး ကြိုတင်ပြောကြားထားတာက တစ်ကြောင်းတို့ကြောင့် ဝက်ဝံရွာကနေ ရှေ့ဆက်ခရီးနှင်လာခဲ့ရတယ်။ ကားမောင်းချိန်တစ်မိနစ် မပြည့်ခင်မှာ ရှမ်းပြည်နယ်(မြောက်ပိုင်း)ကို စတင်ဝင်ရောက်ကြပါပြီ။ နေရာက နောင်ချိုမြို့နယ်ရဲ့အစ ခြေမြစ်ပင်ရွာပါ။ နယ်စပ်ဒေသကုန်တင်ကုန်ချ လုပ်တဲ့နေရာတစ်ခုအဖြစ် လူသိများကြတယ်။

အကွေ့အကောက်တွေရှိတဲ့ ခြေမြစ်ပင်ရွာလမ်းကို ဖြတ်ကျော်လာပြီးတဲ့အခါမှာ ထင်းရှူးတောကြီးတွေ အုပ်အုပ်ဆိုင်းဆိုင်းရှိတဲ့နေရာကို ရောက်လာခဲ့တယ်။ ဒီနေရာမှာ ထင်းရှူးတောကြီးအပြင် သရက်ခြံ၊ ထောပတ်သီးခြံ၊ ချောကလက်ခြံကြီးတွေရှိနေသလို လမ်းမကြီးနဲ့ လမ်းဘေးဝဲယာတစ်လျှောက်မှာလဲ အလွန်ကျယ်ဝန်းနေတာဖြစ်လို့ ခရီးသွားကားတွေ ခဏခဏ ရပ်နားစားသောက်ကြတဲ့ နေရာတစ်ခုဖြစ်နေတယ်။ ခြေမြစ်ပင်ရွာကို ကျော်လွန်လာပြီး မကြာခင်မှာ ဘန့်ဘွေးရွာကို ရောက်လာခဲ့တယ်။ ဘန့်ဘွေးရွာက ရှမ်းတိုင်းရင်းသားတွေအများစု နေထိုင်တဲ့ရွာကြီးတစ်ရွာပါ။ ဒေသတွင်း ငါးရက်တစ်ဈေး ရောင်းချနေတဲ့ရွာဖြစ်တယ်။ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာတော့ အခုရောက်ရှိလာတဲ့ ဘန့်ဘွေးရွာအပြင် နောက်ထပ်ငါးရက်တစ်ဈေးတွေရှိနေကြသေးတယ်။ နောင်ချိုမြို့ဈေးကလဲ ငါးရက်တစ်ဈေးတွေထဲမှာ ပါဝင်နေတယ်။ မိမိတို့ရောက်ရှိတဲ့ရက်က ဘန့်ဘွေးရွာမှာ ဈေးနေ့မဟုတ်သေးလို့ စည်စည်ကားကားမရှိဘဲ ခြောက်ခြောက်ကပ်ကပ်နဲ့ ဖြတ်သန်းလာခဲ့ရတယ်။

ဘန့်ဘွေးရွာကနေ ရှမ်းရွာငယ်လေးတွေကို ဖြတ်သန်းခဲ့ပြီး လမ်းခွဲဆိုတဲ့နေရာကို ရောက်လာခဲ့ကြတယ်။ လမ်းခွဲနေရာက အရင်တုန်းက ရတနာသင်္ဂီသတ္တုတွင်းရှိရာကို သွားတဲ့လမ်းပါ။ အခုအချိန်မှာ လမ်းတစ်လျှောက် ရွာကြီးရွာငယ်တွေနဲ့ ဖြစ်နေပြီဖြစ်သလို မိုးကုတ်မြို့ထိ သွားရောက်နိုင်တဲ့ လမ်းခွဲတစ်ခုဖြစ်နေပါပြီ။ နောက်တစ်ခုက လမ်းခွဲနေရာမှာ ငါးခူမျှစ်ချဉ်ဟင်းက အလွန်ကောင်းပြီး



ရှမ်းပြည်နယ်(မြောက်ပိုင်း)ဂုတ်တွင်းလမ်းကို တွေ့ရစဉ်။

နာမည်ကြီးပါတယ်။ ငါးခူမျှစ်ချဉ်ဟင်းကြောင့်လဲ လမ်းခွဲမှာစားသောက်ဆိုင်တွေ၊ လာရောက်စားသောက်ကြသူတွေနဲ့ အမြဲစည်ကားလို့နေတယ်။ အခြေအနေ အကြောင်းကြောင်းတွေကြောင့် လွန်ခဲ့တဲ့ နှစ်အနည်းငယ်က ဆိုင်တွေပိတ်ထားခဲ့ကြရပေမဲ့ အခုအချိန်မှာ အားလုံးနီးပါးက ပုံမှန်အတိုင်းပြန်ဖြစ်နေပါပြီ။ ဒီနေရာကို လမ်းခွဲဆိုပြီး သိရှိခေါ်ဆိုနေကြသလို အုမ္မသီး၊ အုမ္မခါးဆိုပြီးတော့လဲ ရွာအမည်တွေနဲ့ ထင်ရှားပါတယ်။

လမ်းခွဲဒါမှမဟုတ် အုမ္မသီး၊ အုမ္မခါးကိုကျော်လွန်လာပြီးတာနဲ့ နောင်ချိုမြို့နဲ့ နီးကပ်လို့လာပါပြီ။ ပြင်ဦးလွင်မြို့ကနေ နောင်ချိုမြို့ကို ၃၆ မိုင်ဝေးကွာနေပြီး ပြင်ဦးလွင်နဲ့ လမ်းခွဲက ၂၄ မိုင်ကွာဝေးနေတာကြောင့် နောင်ချိုမြို့ကိုရောက်ဖို့ နောက်ထပ် ၁၂ မိုင်သာကျန်နေပါတော့တယ်။ ဒီ ၁၂ မိုင်အတွင်းမှာလဲ ကျောက်ကြမ်းဆိုတဲ့ ရွာကြီးတစ်ရွာနဲ့အခြားရွာငယ်လေးတွေသာရှိနေပါတယ်။ ကျောက်ကြမ်းရွာကို ကျော်လွန်လာပြီးတာနဲ့ နောင်ချိုမြို့အဝင်ဆိုင်းဘုတ်ရှိတဲ့ နေရာကိုရောက်ရှိလာပါပြီ။ နောင်ချိုမြို့ရဲ့ထူးခြားချက်တစ်ခုက မြို့အဝင်ဆိုင်းဘုတ်ကြီးကို ကျော်လွန်လာတာနဲ့ မြို့ပေါ်လူနေရပ်ကွက်တွေကို မတွေ့မမြင်ရသေးဘဲ ကျေးရွာလေးတွေကို ရွာအဝင်ဆိုင်းဘုတ်တွေနဲ့အတူ ထပ်မံမြင်တွေ့နေရတာပါ။ ဒီရွာလေးတွေကို ဖြတ်ကျော်လာပြီးမှ မြို့တွင်းလူနေရပ်ကွက်တွေရှိရာကို ရောက်လာခဲ့ရတယ်။ ဒါပေမဲ့ နောင်ချိုမြို့မှာ မြို့မစည်ပင်သာယာဈေးကြီးအနီးဝန်းကျင်မှာသာ စည်စည်ကားကားဖြစ်နေပြီး ကျန်တဲ့ရပ်ကွက်တွေအားလုံးက အမြဲလိုလိုတိတ်ဆိတ်နေပါတယ်။ အရင်တုန်းကလဲ ဒီအတိုင်း၊ အခုလဲဒီအတိုင်း ပြောင်းလဲခြင်းမရှိသေးပါဘူး။ နောင်ပိုင်းကာလတွေမှာ ဒေသအခေါ် ကံကြီးလမ်း ဒါမှမဟုတ် ရပ်စောက်၊ တောင်ကြီးလမ်းမှာ အနည်းငယ်စည်ကားလာတာကို တွေ့မြင်နေရတယ်။

မိမိတို့က နောင်ချိုမြို့ကို မဝင်ကြတော့ဘဲ ဆက်လက်မောင်းနှင်လာခဲ့တယ်။ မကြာခင်မှာ နာမည်ကျော် ဂုတ်တွင်းကားလမ်းကို ရောက်ရှိကြတော့မှာပါ။ နောင်ချိုမြို့နဲ့ ဂုတ်တွင်းက ခြောက်မိုင်ကျော်သာဝေးကွာနေပါတယ်။ ဒ့ါပြင် နောင်ချိုမြို့ကို ကျော်လွန်လာတာနဲ့ အဆင်းလမ်းတွေသာဖြစ်နေတော့တယ်။ ဒီအဆင်းလမ်းတွေက ဂုတ်တွင်းလမ်းရဲ့ အောက်ဆုံးအပိုင်း ချောင်းဖြတ်တံတားထိ ရောက်ရှိသွားကြမှာပါ။ ချောင်းနဲ့ ချောင်းဖြတ်တံတားလေးရဲ့ ဒီဘက်အပိုင်းက နောင်ချိုမြို့နယ်ဖြစ်ပြီး ဟိုဘက်အပိုင်းက ကျောက်မဲမြို့နယ်ဖြစ်သွားပါပြီ။

ဂုတ်တွင်းလမ်းက အတက်အဆင်း အလွန်ကြမ်းတမ်းကြောင်း၊ အန္တရာယ်ကြီးကြောင်း၊ အလွန်သာယာလှပကြောင်းတွေအပြင် ကျွမ်းကျင်မှုမရှိတဲ့ ယာဉ်မောင်းတွေ မမောင်းနိုင်ကြကြောင်း၊ ဂုတ်တွင်းလမ်းကို ချောချောမွေ့မွေ့မောင်းပြီးသူတိုင်း အလွန်ကျွမ်းကျင်တဲ့ ယာဉ်မောင်းတွေဖြစ်သွားကြပြီဖြစ်ကြောင်း လူတွေပြောဆိုမှုတွေရှိပါတယ်။ ပြောဆိုမှုတွေအတိုင်း ဂုတ်တွင်းလမ်းက အလွန်အန္တရာယ်များပြီး လှပနေပါတယ်။ အတက်အဆင်း အကွေ့အကောက်တွေ အလွန်ကြမ်းတမ်းနေသလို အချိုးအကွေ့တိုင်းမှာ သတ်မှတ်စည်းကမ်းတွေရှိတယ်။ အတက်ကားကို ဦးစားပေးပါဆိုတဲ့ စည်းကမ်းချက်မျိုးတွေအပြင် အခြားစည်းကမ်းချက်တွေလဲ ရှိနေကြသေးတယ်။

ဒီလမ်းမှာ ယာဉ်မတော်တဆမှုတွေ မကြာခဏဖြစ်ပေါ်လေ့ရှိနေတယ်။ တစ်ခါတလေ ၂၂ ဘီးတွဲကားကြီးတွေ ယာဉ်မတော်တဆတိုက်မှု၊ တိမ်းမှောက်မှုဖြစ်ရင် လမ်းပိတ်ဆို့မှုတွေပါ တစ်ဆက်တည်းဖြစ်ပေါ်သွားပြီး နာရီပေါင်းများစွာ ဒါမှမဟုတ် တစ်ရက်၊ နှစ်ရက်ထိ ကြာမြင့်တတ်တယ်။ ဂုတ်တွင်းလမ်းက မန္တလေး- လားရှိုး - မူဆယ် ပြည်ထောင်စုလမ်းမကြီးဖြစ်နေတဲ့အပြင် ရန်ကုန်-မန္တလေးလမ်းပြီးရင် ဒုတိယမြောက် ယာဉ်အသွားအလာ အများဆုံးလမ်းဆိုပြီး သိရှိထားရတယ်။ ဂုတ်တွင်းလမ်းတစ်လျှောက်လုံးမှာ လူနေအိမ်ခြေတွေ၊ ဈေးဆိုင်တွေနဲ့အတူ အခြားဘာအဆောက်အအုံတွေမှ ရှိမနေဘဲ လမ်းဘေးဝဲယာ နှစ်ဖက်လုံးမှာ နက်ရှိုင်းလွန်းလှတဲ့ ချောက်ကမ်းပါးကြီးတွေ၊ လျှိုမြောင်ကြီးတွေ၊ မြင့်မားလှတဲ့တောင်ကြီးတွေ၊ သစ်တောကြီးတွေသာရှိနေကြတယ်။

အဆင်းလမ်းအတိုင်း တစ်ကွေ့နှစ်ကွေ့ကနေ လေးငါးခြောက်ကွေ့ကျော်ထိ သတိထားမောင်းနှင်လာရင်း အောက်ဆုံးနေရာဖြစ်တဲ့ ချောင်းကလေးနဲ့ တံတားလေးရှိရာကို ရောက်လာခဲ့ကြတယ်။ ဒီနေရာက အဆင်းလမ်းရဲ့ နောက်ဆုံးနေရာဖြစ်နေသလို နောင်ချိုမြို့နယ်ရဲ့ နယ်နိမိတ်အကုန်လဲဖြစ်ပါတယ်။ တံတားလေးကို ကျော်ဖြတ်ပြီးတာနဲ့ အတက်လမ်းသက်သက်ဖြစ်သွားပြီး ကျောက်မဲမြို့နယ်အတွင်းကို ရောက်မှာဖြစ်ပါတယ်။ ဂုတ်တွင်းလမ်းမှာ အဆင်းလမ်းက အန္တရာယ်ပိုများတယ်လို့ ထင်မှတ်ထားကြပေမဲ့ အတက်လမ်းကလဲ အန္တရာယ်ရှိနေပြန်ပါတယ်။ တစ်ကွေ့ပြီးတစ်ကွေ့ အင်နဲ့အားနဲ့၊ အရှိန်နဲ့ တက်ရောက်မောင်းနှင်နေရတယ်။ ဂုတ်တွင်းလမ်းက အဆင်းရှည်လျားနေသလို အတက်လမ်းကလဲ ရှည်လျားနေပါတယ်။ အတက်အဆင်းလမ်းနေရာတွေမှာ မိနစ်ပေါင်းများစွာ မောင်းနှင်လာပြီးမှ ရှုခင်းသာနေရာကို ရောက်လာခဲ့ကြတယ်။

ရှုခင်းသာနေရာက နောင်ချိုမြို့နယ်အတွင်းမှာ တစ်ခုနဲ့ ကျောက်မဲမြို့နယ်အတွင်းမှာ နှစ်ခုရှိနေတယ်။ နောင်ချိုမြို့နယ်ဘက်ခြမ်းနေရာကနေ ရှုခင်းတွေကိုကြည့်မယ်ဆိုရင် ကားကို ကျယ်ဝန်းတဲ့ လမ်းဘေးတစ်နေရာမှာရပ်ပြီး ကြည့်လို့ရနေတယ်။ သီးခြားပြုလုပ်ထားတဲ့ ရပ်ကြည့်မျှော်စင်လိုနေရာ မရှိပါဘူး။ ရှုခင်းသာနေရာကနေ ကမ္ဘာကျော်ဂုတ်ထိပ်တံတားကြီးကို လှမ်းမျှော်မြင်တွေ့နေရတယ်။ မိမိတို့ နောင်ချိုဘက်အခြမ်းမှာရှိနေခဲ့စဉ်တုန်းက ရှုခင်းတွေကို ကားရပ်ပြီး မကြည့်ခဲ့ကြဘဲ ကားပေါ်ကသာ ကြည့်ရှုခဲ့ကြပြီး ဆက်လက်မောင်းနှင်လာခဲ့ကြတယ်။ ရည်ရွယ်ချက်က ကျောက်မဲမြို့ဘက်အခြမ်းကို ရောက်မှကြည့်ရှုကြဖို့ပါ။ ဂုတ်တွင်းလမ်းရဲ့ သဘာဝရှုခင်းတွေကို ကြည့်ရှုရတာက နောင်ချိုမြို့ဘက်အခြမ်းထက် ကျောက်မဲမြို့ဘက်အခြမ်းက ပိုမိုကြည့်ကောင်းပြီး ပိုလှလို့နေတယ်။ ကျောက်မဲမြို့နယ်ဘက်အပေါ်စီးကနေ အကွေ့အကောက်၊ အတက်အဆင်းလမ်းတွေအားလုံးကို အနီး၊ အဝေးလှမ်းမျှော်မြင်တွေ့ခွင့်ရနေတယ်။

မိမိတို့ စတင်ရောက်ရှိလာတဲ့ ရှုခင်းသာနေရာက ပထမရှုခင်းသာနေရာပါ။ ဒီနေရာလေးမှာ ရပ်ကြည့်မျှော်စင်တစ်ခုရှိနေသလို လမ်းရဲ့တစ်ဖက်မှာလဲ အရင်တုန်းက စားသောက်ဆိုင်ရှိနေခဲ့တယ်။ ဒါပေမဲ့ ဒီနေရာမှာ မှတ်တမ်းရှုခင်းဓာတ်ပုံတွေ ရိုက်လို့မကောင်းသေးပါဘူး။ ဒါကြောင့် အလှမ်းမဝေးတော့တဲ့ ဒုတိယနေရာကို ဆက်လက်မောင်းနှင်လာခဲ့လိုက်တယ်။ ဒီလမ်းဒီနေရာလေးက ဂုတ်တွင်းလမ်းပိုင်းမှာ ရှုခင်းတွေကြည့်လို့အကောင်းဆုံး သာမောဖွယ်ရာစခန်းနေရာလေးဖြစ်နေတယ်။ မရောက်တာကြာ၊ မတွေ့ရတာကြာပြီဖြစ်တဲ့ ရှုခင်းအလှတွေကို ကြည့်ရှုခံစားလိုက်ပါအုံးမယ်။

## မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်မမှန်စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

# သွေးလွန်တုပ်ကွေးရောဂါအန္တရာယ် ကြိုတင်ကာကွယ်စေလို

မောင်သောင်းဝင်း(တမန်ဟောင်း)

မိုးရာသီတွင် ခြင်မှတစ်ဆင့် ကူးစက်တတ်သော ရောဂါများအနက် ကလေးငယ်များအတွက် အသက်အန္တရာယ်အရှိဆုံးရောဂါသည် "သွေးလွန်တုပ်ကွေးရောဂါ" ဖြစ်သည်။ ပြည်သူများအနေဖြင့် ရောဂါဖြစ်ပွားမှုနှင့် ကာကွယ်ရေးနည်းလမ်းများကို သိရှိနားလည်ပြီး လက်တွေ့လိုက်နာခြင်းဖြင့် မိမိတို့၏ သားသမီးငယ်များကို အချိန်မီကာကွယ်နိုင်မည်ဖြစ်သည်။ မိုးသည်းထန်စွာရွာသွန်းပြီး ရေဝပ်ကျန်ခဲ့သည့်နေရာများတွင် ရောဂါပိုးသယ်ဆောင်သော ခြင်ကျားများ အလွယ်တကူပေါက်ပွားနိုင်သဖြင့် မိသားစုဝင်များ၊ အထူးသဖြင့် ကလေးငယ်များ၏ ကျန်းမာရေးအတွက် သတိပြုကာကွယ်သွားရန် လိုအပ်သည်။

**သွေးလွန်တုပ်ကွေးရောဂါ**

သွေးလွန်တုပ်ကွေးရောဂါ(Dengue Fever)သည် အေးဒီးစ်(Aedes) ခြင်ကျားများက သယ်ဆောင်လာသည့် ဒန်ဂီဗိုင်းရပ်ပိုး (Dengue Virus)ကြောင့် ဖြစ်ပွားရခြင်းဖြစ်သည်။ အထူးသဖြင့် မိုးရာသီတွင် ကလေးငယ်များနှင့် လူကြီးများအတွက် အသက်အန္တရာယ်ကြီးမားသည့် ပြင်းထန်ရောဂါတစ်မျိုးဖြစ်သည်။ သွေးလွန်တုပ်ကွေးရောဂါသည် ဒန်ဂီဗိုင်းရပ်ပိုးသယ်ဆောင်ထားသော အေးဒီးစ်ခြင်ကျားကိုက်ခြင်းကြောင့် လူတစ်ဦးမှတစ်ဦးသို့ ကူးစက်ပြန့်ပွားရခြင်းဖြစ်သည်။ ထိုခြင်ကျားများသည် များသောအားဖြင့် စိုစွတ်ပြီး မှောင်ရိပ်ကျသော နေရာများ၌ ခိုအောင်းနေပြီး နံနက်စောစောနှင့် ညနေစောင်းအချိန်များတွင် ကိုက်လေ့ရှိသည်။

မြန်မာနိုင်ငံတွင် သွေးလွန်တုပ်ကွေးရောဂါကူးစက်မှုသည် တစ်နှစ်ခြား၊ နှစ်နှစ်ခြားတစ်ခါ မြင့်မားကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အသိပေးထားသည်။ ဖြစ်ပွားမှုစုစုပေါင်း၏ ၅၃ ရာခိုင်နှုန်းသည် မြို့ပေါ်ဒေသများတွင်ဖြစ်ပြီး ၄၇ ရာခိုင်နှုန်းသည် ကျေးလက်ဒေသများတွင်ဖြစ်ရာ လူနေထူထပ်ခြင်းနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုအခြေအနေတို့ကြောင့် မြို့ပြဒေသများတွင် သွေးလွန်တုပ်ကွေးဖြစ်ပွားမှုနှုန်း ပိုမိုများပြားခြင်းဖြစ်ဖွယ်ရှိသည်။

သွေးလွန်တုပ်ကွေးရောဂါသည် ရာသီတုပ်ကွေးနှင့် ရောဂါလက္ခဏာဆင်တူပြီး တစ်ခါတစ်ရံပြင်းထန်နိုင်သည်။ အသက် ၁၅ နှစ်အောက်ကလေးများတွင် အများဆုံးဖြစ်ပွားပြီး လူကြီးများတွင်လည်း ဖြစ်ပွားနိုင်သည်။ မြန်မာနိုင်ငံတစ်ဝန်း မြို့ပေါ် ကျေးလက်အားလုံးတွင် သွေးလွန်တုပ်ကွေးဖြစ်ပွားသည်ကို တွေ့ရသည်။ ပြင်းထန်သော သွေးလွန်တုပ်ကွေးရောဂါ (Severe Dengue) သည် ကလေးများတွင် ရောဂါပြင်းထန်စေပြီး အသက်အန္တရာယ်အထိ ဖြစ်စေနိုင်သည်။ သွေးလွန်တုပ်ကွေးရောဂါသည် ဆောလျင်စွာ အတည်ပြုနိုင်ပြီး ထိရောက်စွာကုသပါက သေဆုံးနှုန်းသိသာစွာ လျှော့ချနိုင်မည်ဖြစ်သည်။

**ရောဂါလက္ခဏာများ**

ဗိုင်းရပ်ပိုးရှိသော ခြင်ကိုက်ခံရပြီးနောက် လေးရက်မှ ခုနစ်ရက်အတွင်း ရုတ်တရက်အပြင်းဖျားခြင်း၊ ကိုယ်အပူချိန်သည် ၁၀၄ ဒီဂရီဖာရင်ဟိုက်ထိ မြင့်တက်ခြင်း၊ ပြင်းထန်စွာ ဝေဒနာခံစားရခြင်း၊ ရှေ့မျက်လုံးအိမ်နောက်ဘက်မှ ကိုက်ခဲခြင်း၊ ခေါင်းအလွန်ကိုက်ခြင်း၊ ကြွက်သားများနှင့် အရိုးအဆစ်အမြစ်များ ပြင်းထန်စွာနာကျင်ခြင်း၊ မအီမသာဖြစ်ခြင်း၊ အော့အန်ခြင်း၊ အရေပြား၌ အနီရောင်အဖုအပိမ့်များ ထွက်လာခြင်း၊ ဗိုက်အောင့်ခြင်း၊ သွားဖုံးနှင့် နှာခေါင်းက သွေးထွက်ခြင်း၊ ဆီး၊ ဝမ်းသွားလျှင် သွေးပါခြင်း၊ အန်သည့်အချိန်၌ သွေးစပါလာခြင်း၊ အသက်ရှူရန်ခက်ခဲခြင်း၊ ခန္ဓာကိုယ်အေးစက်နေခြင်း၊ ခြေကုန်လက်ပန်းကျခြင်း၊ အစားအသောက်လုံးဝပျက်ခြင်း စသည့်ရောဂါလက္ခဏာများ ပေါ်လာတတ်သည်။

သွေးလွန်တုပ်ကွေးရောဂါသည် သာမန်ဖျားနာခြင်းထက် သွေးကြောများပေါက်ထွက်ခြင်း၊ သွေးဥမွှားအရေအတွက် အလွန်အမင်းကျဆင်းခြင်းနှင့် ကိုယ်တွင်းအင်္ဂါများ သွေးယိုစိမ့်ခြင်းတို့ ဖြစ်ပွားနိုင်

**❖ "အသက်ကိုဉာဏ်စောင့် ဥစ္စာကိုကံစောင့်" ဆိုသလို သွေးလွန်တုပ်ကွေးရောဂါသည် ခြင်မှတစ်ဆင့် ကူးစက်သောဗိုင်းရပ်ရောဂါတစ်မျိုးဖြစ်ပြီး လွယ်ကူရိုးရှင်းသည့်ကာကွယ်ရေးနည်းလမ်းများဖြင့် ကာကွယ်နိုင်ပေသည်။ ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနက ညွှန်ကြားထားသည့်အတိုင်း လိုက်နာကျင့်သုံးခြင်းဖြင့် ရောဂါမကူးစက်မီ ကြိုတင်ကာကွယ်သွားနိုင်မည်ဖြစ်သည်။ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားပါက ဆောလျင်စွာသိရှိခြင်းနှင့် အချိန်မီပြုစုကုသနိုင်ခြင်းတို့သည် အသက်အန္တရာယ်ကာကွယ်နိုင်ရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်သောကြောင့် အလေးထားဆောင်ရွက်သင့်ပေသည်။ ❖**

သဖြင့် အလွန်အန္တရာယ်ကြီးသည်။ ဖျားရာမှ အဖျားပြန်ကျချိန် သုံးရက်မှ ခုနစ်ရက်အတွင်း ဗိုက်အလွန်အမင်းအောင့်ခြင်း၊ နာကျင်ခြင်း၊ မကြာခဏအန်ခြင်း သို့မဟုတ် သွေးအန်ခြင်း၊ သွားဖုံးမှသွေးယိုခြင်း၊ နှာခေါင်းသွေးလျှံခြင်း၊ မောဟိုက်ခြင်း၊ ခြေဖျားလက်ဖျားများ အေးစက်ကာ ပြာနှမ်းလာခြင်း စသည့်လက္ခဏာများပြသလာပါက နီးစပ်ရာ ဆေးရုံ၊ ဆေးခန်းသို့ ချက်ချင်းပို့ဆောင်သွားရန် လိုအပ်သည်။

**ကုသရေးနည်းလမ်းများ**

သွေးလွန်တုပ်ကွေးရောဂါကုသမှုသည် ရောဂါလက္ခဏာများနှင့် ပြင်းထန်မှုအပေါ် အခြေခံသည်။ မြန်မြန်သတိထားမိလျှင် မြန်မြန်သိ၊ မြန်မြန်ဂရုစိုက်နိုင်မည်ဖြစ်ပြီး အချိန်တိုအတွင်း ပြန်လည်ကောင်းမွန်လာစေရန် အထောက်အကူဖြစ်သည့်အတွက် အသက်အန္တရာယ်ကို ကာကွယ်နိုင်သည်။ အဖျားကျအောင် ပုံမှန်အပူချိန်ရေဖြင့်စွတ်ထားသော အဝတ်ကို အသုံးပြု၍ မျက်နှာ၊ လည်ပင်း၊ ချိုင်းကြားနှင့် ပေါင်ခြံများကို ပွတ်ပေးခြင်း၊ အဖျားကြီးမှသာလျှင် ပါရာစီတမော (Paracetamol) သောက်ခြင်း၊ ရေများများသောက်ခြင်းနှင့် ဖြစ်နိုင်လျှင် ဆေးရုံသို့အမြန်ဆုံး ပို့ဆောင်သွားသင့်သည်။

**ကြိုတင်ကာကွယ်ခြင်း**

ကာကွယ်ခြင်းသည် ကုသခြင်းထက် ပိုမိုထိရောက်သည်။ သွေးလွန်တုပ်ကွေးရောဂါမဖြစ်ပွားရေးအတွက် ကြိုတင်ကာကွယ်ခြင်းသည် အကောင်းဆုံးသော နည်းလမ်းဖြစ်သည်။ ခြင်ကိုက်မခံရအောင် ကာကွယ်မှုသည် အထိရောက်ဆုံးသော ရောဂါကာကွယ်နည်းဖြစ်သည်။ နေဝင်ချိန်နှင့် ညဘက်၌ ပြတင်းတံခါးများပိတ်ထားပြီး ခြင်မဝင်နိုင်အောင် သေချာစွာစီမံထားသည့်နေရာ၌ နေထိုင်သွားရန် လိုအပ်သည်။ နေအိမ်၌ ခြင်လုံဆန်ခါတပ်ဆင်ပြီး ခြင်မဝင်ရောက်နိုင်အောင် အလေးထားလုပ်ဆောင်ကာ နေအိမ်ကို ခြင်ကင်းစင်ဇုန်အဖြစ် ဖန်တီးထားရန်လိုအပ်သည်။

နေအိမ်ပတ်ဝန်းကျင်၌ ခြင်ခိုအောင်းနိုင်သည့် နေရာများ၊ အမှိုက်များနှင့် ချုံပုတ်များကို ခုတ်ထွင်ရှင်းလင်းထားရန် လိုအပ်သည်။ သွေးလွန်တုပ်ကွေးရောဂါပိုးသယ်ဆောင်ထားသည့် ခြင်များသည် အိမ်အတွင်းပိုင်းနှင့် အိမ်အနီးတစ်ဝိုက်ရှိနေရာများ၌ ခိုအောင်းနေထိုင်လေ့ရှိသည်။ အထူးသဖြင့် ကားတာယာအဟောင်းကဲ့သို့သော မိုးရေများဝပ်နေနိုင်သည့် နေရာများ၌ ပေါက်ဖွားနိုင်သောကြောင့် နေအိမ်ပတ်ဝန်းကျင်ရှိ ခြင်ခိုအောင်းနိုင်သည့်နေရာများကို ရှင်းလင်းထားရန်လိုအပ်သည်။

ပြည်သူများအနေဖြင့် မိမိတို့၏ နေအိမ်နှင့် ပတ်ဝန်းကျင်တွင် "ဖုံး၊ သွန်၊ လဲ၊ စစ်" စနစ်ကို အပတ်စဉ်လုပ်ဆောင်သွားရန်လိုအပ်သည်။ ရေစည်၊ ရေအိုး၊ ရေသိုလှောင်ကန်များကို ခြင်ကျားများ ဥမချနိုင်ရန် အဖုံးများဖြင့် လုံခြုံစွာ ဖုံးအုပ်ထားရန်လိုအပ်သည်။ စွန့်ပစ်ထားသော ခွက်ဟောင်းများ၊ ဘူးခွံများ၊ ပုလင်းခွံများအတွင်းရှိ ရေများကို သွန်ပစ်ရန်လိုအပ်သည်။ ဘုရားပန်းအိုးများ၊ အိမ်မွေးတိရစ္ဆာန်သောက်ရေခွက်များနှင့် ပန်းကန်ဆေးစင်အောက်ခံခွက်များရှိရေများကို အနည်းဆုံးတစ်ပတ်လျှင် နှစ်ကြိမ်လဲလှယ်ပေးရန်လိုအပ်သည်။ ရေကန်များကို ပုံမှန်စစ်ဆေးပြီး ရေစီးဆင်းမှု ကောင်းမွန်အောင်ပြုလုပ်သွားရန် လိုအပ်သည်။

သောက်သုံးရေကန်များနှင့် ရေလှောင်ကန်များအတွင်း ပိုးလောက်လန်းများသေစေရန်အတွက် သတ်မှတ်ထားသော ပမာဏအတိုင်း ဆေးခတ်ခြင်းကို သက်ဆိုင်ရာကျန်းမာရေးဌာနများနှင့် ပူးပေါင်းလုပ်ဆောင်သွားရန်လိုအပ်သည်။ အထူးသဖြင့် ခြင်ကိုက်မခံရအောင်နေထိုင်ရန် လိုအပ်သည်။ နေ့ခင်းဘက်တွင် အိပ်စက်လျှင်ပင် ခြင်ထောင်ဖြင့်သာ အိပ်စက်သွားရန် လိုအပ်သည်။ ကလေးငယ်များကို အင်္ကျီလက်ရှည်၊ ဘောင်းဘီရှည်များ ဝတ်ဆင်ပေးပြီး ခြင်ပြေးဆေး (Mosquito Repellent) များ လိမ်းပေးရန် လိုအပ်သည်။

ထို့ပြင် အိပ်စက်ချိန်၌ ခြင်ထောင်ဖြင့် အိပ်စက်အနားယူခြင်း၊ နေအိမ်တွင်းကို ခြင်မဝင်နိုင်အောင် လုပ်ဆောင်ထားခြင်း၊ လုံခြုံစွာဝတ်ဆင်ထားခြင်း၊ ခြင်နိုင်ဆေးသုံးခြင်း၊ နေအိမ်ဝန်းကျင်ကို သန့်ရှင်းအောင်ထားခြင်း၊ ခြင်မကိုက်သည့်လူးဆေးလူးပေးခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းရေး ဂရုစိုက်ခြင်းတို့သည် သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်သည်။

အမှန်တော့ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးသည် အိမ်တစ်အိမ်၊ လူတစ်ဦးတည်းဖြင့် မအောင်မြင်နိုင်ဘဲ ရပ်ကွက်၊ ကျေးရွာအလိုက် စုပေါင်းလုပ်ဆောင်သွားမှသာလျှင် ခြင်ကျားအန္တရာယ်မှ ကင်းဝေးနိုင်မည်ဖြစ်သည်။ မိဘအုပ်ထိန်းသူများအနေဖြင့်လည်း မိမိတို့၏ သားသမီးငယ်များ ရုတ်တရက်အပြင်းဖျားလာပါက သာမန်အဖျားဟု သတ်မှတ်ကာ ပေါ့ဆမနေဘဲ ကျွမ်းကျင်သော ဆရာဝန်၊ ဆေးရုံ၊ ဆေးခန်းများသို့ အချိန်မီပြသသွားရန် လိုအပ်သည်။

**သွေးလွန်တုပ်ကွေးရောဂါအန္တရာယ် ကြိုတင်ကာကွယ်စေလို**

မြန်မာနိုင်ငံ၌ မိုးရွာသွန်းမှုများပြားသည့် ဇူလိုင်လနှင့် ဩဂုတ်လတို့သည် သွေးလွန်တုပ်ကွေးရောဂါကူးစက်မှု အများဆုံးသောလများဖြစ်သည်။ တချို့သောတိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တစ်နှစ်ပတ်လုံးဖြစ်ပွားသည်ကိုတွေ့ရသည်ဟုလည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဖော်ပြထားသည်။ သွေးလွန်တုပ်ကွေးသည် ကလေးများတွင် ရောဂါပြင်းထန်ပါက အသက်သေဆုံးနိုင်သည်ထိ အန္တရာယ်ရှိခြင်းကြောင့် အရေးကြီးသည့်ရောဂါမျိုးဖြစ်ရာ ကူးစက်မှုများသည့်ကာလတွင်အထူးဂရုပြုသွားရန်လိုအပ်သည်။

ဆိုရလျှင် "အသက်ကိုဉာဏ်စောင့် ဥစ္စာကိုကံစောင့်" ဆိုသလို သွေးလွန်တုပ်ကွေးရောဂါသည် ခြင်မှတစ်ဆင့် ကူးစက်သောဗိုင်းရပ်ရောဂါတစ်မျိုးဖြစ်ပြီး လွယ်ကူရိုးရှင်းသည့်ကာကွယ်ရေးနည်းလမ်းများဖြင့် ကာကွယ်နိုင်ပေသည်။ ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနက ညွှန်ကြားထားသည့်အတိုင်း လိုက်နာကျင့်သုံးခြင်းဖြင့် ရောဂါမကူးစက်မီ ကြိုတင်ကာကွယ်သွားနိုင်မည်ဖြစ်သည်။ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားပါက ဆောလျင်စွာသိရှိခြင်းနှင့် အချိန်မီပြုစုကုသနိုင်ခြင်းတို့သည် အသက်အန္တရာယ် ကာကွယ်နိုင်ရေးအတွက် များစွာအထောက်အကူပြုမည် ဖြစ်သောကြောင့် အလေးထားဆောင်ရွက် သင့်ပေသည်။ ထို့ကြောင့် ကလေးငယ်များ ဖျားနာနေလျှင်ဆေးမြီးတိုများဖြင့် မကုသဘဲ နီးစပ်ရာ ဆေးရုံ၊ ဆေးခန်း၊ ကျန်းမာရေးဌာနများကို ဆောလျင်စွာပြသသွားရန် အကြံပြုတိုက်တွန်းရေးသားလိုက်ရပါသည်။

**ကိုးကား**

- ၂၃-၇-၂၀၂၆ ထုတ် မြန်မာ့အလင်း သတင်းစာ။
- https://hellosayarwon.com/infectious-diseases/dengue/about-dengue-fever/

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲမေးခွန်းနမူနာပုံစံများအား လေ့လာနိုင်ကြောင်း အသိပေးခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲအတွက် မေးခွန်းနမူနာပုံစံများအား **Myawady Webportal**(www.myawady.net.mm/cadets)နှင့် **Myanmar National Portal**(https://bit.ly/4hQEmg3)တို့တွင် ကြည့်ရှုလေ့လာနိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)
## ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး
## ကြော်ငြာစာအမှတ်(၁/၂၀၂၆)
## (၂၀၂၆ ခုနှစ် ဩဂုတ်လ ၂၅ ရက်)

၁။ ဤညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီသတင်းစာတိုက်နှင့် ရတနာပုံသတင်းစာတိုက်တို့တွင် အောက်ပါရာထူးများ၌ စစ်သည်(အစားခန့်)ဝန်ထမ်းအဖြစ်ခန့်အပ်ရန်အလိုရှိပါသည်-

(က) စာတည်း(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)

(ခ) စာပြင်(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)

(ဂ) ကွန်ပျူတာ(ကွန်ပျူတာဘွဲ့ရဦးစားပေးမည်)

၂။ ရာထူးအားလုံးအတွက်လိုအပ်သောအရည်အချင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားတိုင်းရင်းသားမိဘနှစ်ပါးမှမွေးဖွားသူဖြစ်ရမည်။

(ခ) ၂၀၂၆ ခုနှစ် စက်တင်ဘာလ(၃၀)ရက်နေ့တွင် အသက် ၃၀ နှစ်ထက်မကျော်လွန်စေရ။

(ဂ) တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူဖြစ်ရမည်။

(ဃ) အနည်းဆုံး ၅ နှစ်အမှုထမ်းဆောင်နိုင်သူဖြစ်ရမည်။

(င) လျှောက်ထားသူသည် ပြစ်မှုနှင့်ပါတီနိုင်ငံရေးကင်းရှင်းသူဖြစ်ရမည်။

၃။ လျှောက်လွှာနှင့်ကိုယ်ရေးရာဇဝင်ပုံစံများကို အောက်ပါနေရာများတွင်ရယူနိုင်ပါသည်။

(က) မြဝတီသတင်းစာတိုက်(နေပြည်တော်)

(ခ) မြဝတီသတင်းစာတိုက်(ရန်ကုန်)

(ဂ) မြဝတီသတင်းစာတိုက်(မန္တလေး)

၄။ လျှောက်လွှာများကို ၂၇-၈-၂၀၂၆ ရက်မှ ၂၇-၉-၂၀၂၆ ရက်နေ့အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

၅။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံနှင့် တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတို့မှ ပဏာမဆေးစစ်အောင်မြင်ကြောင်း ထောက်ခံချက်ပူးတွဲတင်ပြရမည်။

၆။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမရှိသောလျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသောလျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ လူတွေ့စစ်ဆေးခြင်းအား မြဝတီသတင်းစာတိုက်(နေပြည်တော်)တွင် ၂၀၂၆ ခုနှစ် စက်တင်ဘာလ ၂၉ ရက်၊ ၃၀ ရက်တို့၌ပြုလုပ်သွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | | | |
|---|---|---|---|
| နေပြည်တော် | ဖုန်း | - | ၀၉-၄၃၀၂၉၈၂၀၊ ၀၉-၅၂၁၉၂၇၀၊ ၀၉-၆၉၅၆၉၉၆၆ ၀၆၇-၇၄၀၀၆၆၊ ၀၆၇-၇၄၀၀၈ |
| ရန်ကုန် | ဖုန်း | - | ၀၉-၄၀၃၇၀၃၅၉၉ |
| မန္တလေး | ဖုန်း | - | ၀၉-၆၈၈၈၈၃၅၅၈ |

## ခင်ဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၇၅၇၄ ဧက စိုက်ပျိုးမည်



ယခင်နှစ်က မတ်ပဲစိုက်ခင်းကို တွေ့ရစဉ်။

ခင်ဦး ဩဂုတ် ၂၅

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၇၅၇၄ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်ထံမှ သိရသည်။

ခင်ဦးမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၇၅၇၄ ဧက စိုက်ပျိုးရန်အတွက်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်၍ ဒီဇင်ဘာလထိ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ခင်ဦးမြို့နယ်မှာ မတ်ပဲ ဧက ၇၀၀၀ ကျော် စိုက်ပျိုးဖို့အတွက်လျာထားပါတယ်။ မတ်ပဲလျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားပါမယ်"ဟု ခင်ဦးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ခင်ဦးမြို့နယ်တွင် မတ်ပဲစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မတ်ပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပို့ကုန်မှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မတ်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေးကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ခင်ဦးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြ၍ သိရသည်။ (၂၀၆)

## နတ်မောက်မြို့နယ် အေးမြသာစည်ကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

နတ်မောက် ဩဂုတ် ၂၅

မကွေးတိုင်းဒေသကြီး မကွေးခရိုင် နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အေးမြသာစည်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေထုတ်ချေးခြင်းကို ဩဂုတ် ၂၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းနိုင်ဦးက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း လုပ်ငန်းစဉ်အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းက အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားကာ စီမံကိန်းရန်ပုံငွေကျပ် သန်း ၂၀ ကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် အေးမြသာစည်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၈ ဦးကို စီမံကိန်းရန်ပုံငွေကျပ် သန်း ၂၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ ချိုလေး

ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

စာပေမြင့်မှ လူမျိုးတင့်မည်







## ဖခင်အမည်မှန်

ကျောက်ဆည်မြို့နယ် အထက(ခွဲ) ရဲဘော်လေးကျောင်းမှ Grade-9 တန်းတွင် ပညာသင်ကြားနေသော မအိအိဖြိုး၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးစိုးနိုင် ဖြစ်ပါကြောင်း။

**ဦးစိုးနိုင်(၉/ကဆန(နိုင်)၂၆၁၁၄၈)**

## ကျောင်းသူအမည်မှန်နှင့် မိဘအမည်မှန်

အမရပူရမြို့နယ် ခိုင်ပြည့်စုံ(စွယ်တော်)ကိုယ်ပိုင်မူလတန်းကျောင်း Grade-2 တန်းတွင် ပညာသင်ကြားနေသော မနှင်းဝတီထွန်း၏ အမည်မှန်မှာ မဖူးပွင့်ယမုံ ဖြစ်ပြီး ၎င်း၏ မိဘအမည်မှန်မှာ ဦးလှဝင်းထွန်းနှင့် ဒေါ်နှင်းမူဝင်း ဖြစ်ပါကြောင်း။

**မဖူးပွင့်ယမုံ**
**ဦးလှဝင်းထွန်း(၅/မမန(နိုင်)၀၇၄၈၆၅)**
**ဒေါ်နှင်းမူဝင်း(၈/ရစက(နိုင်)၁၃၈၆၄၄)**

## ပျောက်ဆုံးကြောင်း

မိုးကုတ်မြို့ မာနားကျေးရွာနေ ဝင်းမင်းသန့် (ဘ) ဦးဘညွန့် (၉/မကန(နိုင်)၁၂၁၃၇၇)၏ ပတ်စ်ပို့အမှတ် MB 491821 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**09-959505873.**

## ဖခင်အမည်မှန်

ကျောက်ဆည်မြို့နယ် အထက(ခွဲ) ရဲဘော်လေးကျောင်းမှ Grade-3 တန်းတွင် ပညာသင်ကြားနေသော မဆုရတီနိုင်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးရဲကို ဖြစ်ပါကြောင်း။

**ဦးရဲကို(၉/ကဆန(နိုင်)၁၆၇၂၈၃)**

## ဖခင်အမည်မှန်

ကျောက်ဆည်မြို့နယ် အထကမင်းစုကျောင်းမှ Grade- 6 တန်းတွင် ပညာသင်ကြားနေသော မောင်စိုးထက်ပိုင်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးမြင့်စိုး ဖြစ်ပါကြောင်း။

**ဦးမြင့်စိုး (၉/ကဆန(နိုင်)၀၆၃၄၇၆)**

## မိခင်အမည်မှန်

ကျောက်ဆည်မြို့နယ် အထက(ခွဲ) ရဲဘော်လေးကျောင်းမှ Grade-9 တန်းတွင် ပညာသင်ကြားနေသော မနှင်းရွှေရည်၏ မိခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဒေါ်သီတာခိုင် ဖြစ်ပါကြောင်း။

**ဒေါ်သီတာခိုင်(၉/အမရ(နိုင်)၁၅၅၅၇၇)**

## အမည်မှန်

ကျောက်ဆည်မြို့နယ် UNITY ကိုယ်ပိုင်အထက်တန်းကျောင်းမှ Grade-2 တန်းတွင် ပညာသင်ကြားနေသော အဘ ဦးရဲထက်၏သမီး မနန်းရွှေရတနာ၏ အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ နန်းရွှေရတနာ ဖြစ်ပါကြောင်း။

**နန်းရွှေရတနာ**

## အမည်ပြောင်း၊မွေးသက္ကရာဇ်အမှန်

သီပေါမြို့နယ် နမ့်လန်မြို့နေ ဦးချစ်လှိုင်ထွန်း၏ သား မောင်နေရန်လင်းအား မောင်နေယံလင်းဟု ပြောင်းလဲခေါ်ဆိုပါရန်နှင့် ၎င်း၏ မွေးသက္ကရာဇ်အမှန်မှာ ၇-၁၁-၂၀၁၅ ဖြစ်ပါကြောင်း။

**မောင်နေယံလင်း(၇-၁၁-၂၀၁၅)**

## သင့်သွေးဖြင့် အသက်ကယ်ပါ

## မန္တလေးမြို့ မဟာမုနိဘုရားကြီး ပရိဝုဏ်ရှိ သာသနိကအဆောက်အဦးများ ပြန်လည်ပြုပြင်ရေးလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့ မဟာမုနိဘုရားကြီး ပရိဝုဏ်အတွင်းရှိ သာသနိကအဆောက်အဦးများနှင့် ဘုရား၊ စေတီ၊ ပြာသာဒ်၊ စောင်းတန်းများ ပြန်လည်ပြုပြင်ရေးလုပ်ငန်းများအတွက် လုပ်ငန်းဆောင်ရွက်လိုသည့် ကုမ္ပဏီများအနေဖြင့် အောက်ဖော်ပြပါအစီအစဉ်အတိုင်း အိတ်ဖွင့်တင်ဒါတင်သွင်းလျှောက်ထားနိုင်ပါသည်-

(က) တင်ဒါတင်သွင်းသူသည် မြန်မာနိုင်ငံသား/ဗုဒ္ဓဘာသာဝင်ဖြစ်ရမည်။

( ခ ) ပြန်လည်ပြုပြင်ရေးလုပ်ငန်းများမှာ-

**(၁) စောင်းတန်းငါးသွယ်ပြုပြင်ရန်၊ (၂) ပြာသာဒ်/စေတီများ ပြုပြင်ရန်၊**
**(၃) ဓမ္မာရုံ/အဆောက်အဦး/တံတိုင်း ပြုပြင်ရန်၊**
**(၄) တိုက်တန်း/ဆိုင်ခန်းဆောက်လုပ်ရန်။**

( ဂ ) တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်နေ့ရက် - **၂၉-၈-၂၀၂၆ ရက်၊ ရုံးချိန်အတွင်း**
(ဃ) တင်ဒါလျှောက်လွှာအရောင်းပိတ်မည့်နေ့ရက်/အချိန်- **၇-၉-၂၀၂၆ ရက်၊ (၁၆:၀၀)နာရီ**
( င ) တင်ဒါတင်သွင်းရန် နောက်ဆုံးနေ့ရက်/အချိန် - **၃၀-၉-၂၀၂၆ ရက်၊ (၁၆:၀၀)နာရီ**
( စ ) တင်ဒါစိစစ်ရွေးချယ်မည့်နေ့ရက်/အချိန်/နေရာ - **၇-၁၀-၂၀၂၆ ရက်၊(၁၀:၀၀)နာရီ ပြည်ပလှူဖွယ်ပြတိုက်၊ မဟာမုနိရင်ပြင်တော်**
(ဆ) တင်ဒါလျှောက်လွှာပုံစံ ဈေးနှုန်း - **ကျပ် (၅၀၀၀၀)**

၂။ တင်ဒါလျှောက်လွှာဝယ်ယူ/တင်သွင်းခြင်းကို တင်သွင်းမည့်သူကိုယ်တိုင် မှတ်ပုံတင်မူရင်းနှင့်တကွ မဟာမုနိဘုရားကြီး ဂေါပကအဖွဲ့ရုံးတွင် ဝယ်ယူ/တင်သွင်းရန်နှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း ၀၉-၄၄၄၀၁၆၀၀၄၊ ၀၉-၇၉၄၀၄၄၄၇၅ သို့ ရုံးချိန်အတွင်းဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ၊ မဟာမုနိဂေါပကအဖွဲ့၊ မန္တလေးမြို့**

**လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ**
**လိုအပ်သည်ဟု ခံစားနေရပါက**
**သတင်းအချက်အလက်မျှဝေရာစင်တာသို့**
**ဆက်သွယ်နိုင်ပါသည်။**

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၆ ခုနှစ် စတုတ္ထအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၆ ခုနှစ် စတုတ္ထအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင် ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးစဉ်။

**နေပြည်တော် ဩဂုတ် ၂၅**

၂၀၂၆ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ စတုတ္ထအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းဆည်အနီး၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး တက်ရောက်၍ ရတနာတန်းဝင် ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။

အဆိုပါအခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်နီလာ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့် ဇနီး ဒေါ်နန်းကူးကူ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊လေ)နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နိုင်ငံတော်ကာကွယ်ရေး တက္ကသိုလ်မှ သင်တန်းသားအရာရှိကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ)ရုံးဌာနအသီးသီးမှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များတက်ရောက်ကြသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် **စာမျက်နှာ ၁၆ ကော်လံ ၁ ☆**



ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက ဂုဏ်ပြုကြိုဆိုစဉ်။

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဩဂုတ် ၂၅**

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များ ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများ ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ် မုဒုံမြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သူရဇော်လွင်စိုးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။


တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့်အသက်အိုးအိမ်စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေ အေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့် ဝေးကွာ၍ နေ့မအား ညမအား

**စာမျက်နှာ ၂၃ ကော်လံ ၁ ■**

## နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၂၅**

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနိုင်ခြင်းကြောင့်လည်းကောင်း၊ တုံကင်ပင်လယ်ကွေ့တွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်း “နာရာ”(NARRA)မှ ပြတ်ထွက်လာသော **စာမျက်နှာ ၂၂ ကော်လံ ၁ ●**




# ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ပိုက်ကျော်ခြင်း အမျိုးသား၊ အမျိုးသမီး နှစ်ယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အုပ်စုပတ်လည် နောက်ဆုံးပွဲစဉ်များနှင့် ကွာတားဖိုင်နယ်ပွဲစဉ်များ ဆက်လက်ကျင်းပ

**နေပြည်တော် ဩဂုတ် ၂၅**

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အားကစားရုံ(A)၌ ဩဂုတ် ၂၄ ရက်မှ စက်တင်ဘာ ၂ ရက်ထိ ၁၀ ရက်ကြာ ကျင်းပလျက်ရှိရာ ယနေ့တွင် အမျိုးသား၊ အမျိုးသမီး နှစ်ယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အုပ်စုပတ်လည် နောက်ဆုံးပွဲစဉ်များကို ယှဉ်ပြိုင်ကစားခဲ့သည်။

အမျိုးသားနှစ်ယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ **စာမျက်နှာ ၂၂ ကော်လံ ၁ ◆**

